# မြဝတီ နေ့စဉ်

သတင်းလောကရှေ့ဆောင်မည် လူထုကြားက မြဝတီ

www.myawady.net.mm
E-mail:mwddailynewspapergroup@gmail.com

အတွဲ(၁၄)၊ အမှတ်(၂၅၂)

၁၃၈၆ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၁၁ ရက်
၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာ ၂၆ ရက်၊ ကြာသပတေးနေ့


**မြတ်ဗုဒ္ဓ၏အဆုံးအမတရား**

နေ့ရောညဉ့်ပါ အခါခပ်သိမ်း မေတ္တာတရားပွားများခြင်း၌ မွေ့လျော်သောစိတ်ရှိကုန်သော မြတ်စွာဘုရား၏တပည့်တို့သည် အခါခပ်သိမ်း တရားမှန်ကိုသိကုန်၏။ **ဓမ္မပဒ**

**ဒို့တာဝန်အရေးသုံးပါး**

- ♦ ပြည်ထောင်စုမပြိုကွဲရေး။
- ♦ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- ♦ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံးတည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များတည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေးဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# ခရစ်တော်မွေးနေ့(ခရစ္စမတ်)ကျေးဇူးတော်ချီးမွမ်းခြင်းအခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအတွင်းရေးမှူး ဗိုလ်ချုပ်ကြီးအောင်လင်းဒွေး တက်ရောက်



နေပြည်တော် ဒီဇင်ဘာ ၂၅

ခရစ်တော်မွေးနေ့(ခရစ္စမတ်) ကျေးဇူးတော်ချီးမွမ်းခြင်းအခမ်းအနားကိုယနေ့နံနက်ပိုင်းတွင် နေပြည်တော်ကောင်စီနယ်မြေ၊ ပျဉ်းမနားမြို့၊ ရန်အောင်(၁)ရပ်ကွက်ရှိ စိန့်မိုင်ကယ် ကက်သလစ်ဘုရားကျောင်း၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအတွင်းရေးမှူး ဗိုလ်ချုပ်ကြီးအောင်လင်းဒွေး တက်ရောက်သည်။

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အတွင်းရေးမှူး၏ဇနီး၊ ကောင်စီဝင် ဦးဝဏ္ဏမောင်လွင်၊ ဒေါ်ဒွဲဘူ၊ ပိုးရယ်အောင်သိန်း၊ ဒေါက်တာမှုထန်၊ ဒေါက်တာဘရွှေ၊ ခွန်စံလွင်နှင့် ၎င်းတို့၏ဇနီးများ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဗဟိုအကြံပေးအဖွဲ့ခေါင်းဆောင် ဦးစောထွန်းအောင်မြင့်နှင့် အဖွဲ့ဝင်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ **စာမျက်နှာ ၁၆ ကော်လံ ၁** ❑

**၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲအထောက်အကူပြု ဇီဝဗေဒဘာသာရပ်ဆိုင်ရာ သိကောင်းစရာများပါရှိ**

၂၀၂၅ ခုနှစ် မတ်လတွင်ကျင်းပမည့် တက္ကသိုလ်ဝင်စာမေးပွဲအတွက် စာမေးပွဲအထောက်အကူပြု ဇီဝဗေဒဘာသာရပ်ဆိုင်ရာ သိကောင်းစရာများကို စာမျက်နှာ ၂၅ တွင် ဖော်ပြပါရှိပါသည်။

**ဆောင်းပါး**

စွယ်စုံဗဟုသုတဖွံ့ဖြိုးဖို့ စာဖတ်ကြပါစို့

စာ - ၁၅ သို့

**ငဖဲမြို့နယ်၌ ဆီထွက်သီးနှံမျိုးစုံ ၈၆၄ ဧကစိုက်ပျိုးပြီးစီး ဆီထွက်သီးနှံများပိုမိုတိုးချဲ့စိုက်ပျိုးခြင်းဖြင့် ဒေသတွင်းဆီစားသုံးမှုဖူလုံစေမည်ဖြစ်ပြီး တောင်သူများသီးနှံဝင်ငွေတိုးပွားလာမည်ဖြစ်**

စာ - ၁၅ သို့




## အယ်ဒီတာ့အာဘော်

(၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာ ၂၆ ရက်)

# နိုင်ငံနှင့်တပ်မတော်ကအားကိုးရသည့် အမျိုးသမီးစစ်မှုထမ်းများ

မြန်မာနိုင်ငံတွင် ခေတ်အဆက်ဆက် မြန်မာအမျိုးသမီးများသည် နိုင်ငံတော်ကာကွယ်ရေးတာဝန်ထမ်းဆောင်မှုတွင် အမျိုးသားများနှင့်အတူ ရင်ပေါင်တန်းပါဝင်ခဲ့ကြသည်။ လွတ်လပ်ရေးကြိုးပမ်းမှုကာလတွင် လူငယ်မောင်မယ်များသည် သခင်၊ သခင်မဟူ၍ မိမိတို့၏နာမည်ရှေ့တွင်ထည့်သွင်းထားပြီး ကျရာတာဝန်ကိုထမ်းဆောင်ခဲ့ကြသည်။ လွတ်လပ်ရေးရရှိပြီးချိန်မှ ယနေ့တိုင် မြန်မာအမျိုးသမီးတို့သည် နိုင်ငံတော်ကာကွယ်ရေးတာဝန်ကို ထမ်းဆောင်လျက်ရှိကြသည်။ နိုင်ငံတော်ကာကွယ်ရေးတာဝန်သည် တပ်မတော်တစ်ခုတည်းဖြင့်သာ သက်ဆိုင်သည်မဟုတ်ဘဲ နိုင်ငံအတွင်း မှီတင်းနေထိုင်ကြသည့် နိုင်ငံသားတိုင်း ထမ်းရွက်ကြရမည့် မွေးရာပါတာဝန်ဖြစ်သည်။

မျက်မှောက်ကာလ ပြည်ထောင်စုတစ်ဝန်းလုံး ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိရာတွင်လည်း ပြည်ထောင်စုဖွားတိုင်းရင်းသားမြန်မာအမျိုးသမီးထုစွမ်းအားကြီးကိုမြင်တွေ့နေကြရသည်။ မြန်မာနိုင်ငံသည် စစ်မှန်၍စည်းကမ်းပြည့်ဝသောပါတီစုံဒီမိုကရေစီစနစ်ကို ကျင့်သုံးလျက်ရှိရာတွင် လူငယ်မောင်မယ်များ၏စွမ်းရည်များကို ပိုမိုတိုးတက်အောင်ဆောင်ရွက်ပြီး နိုင်ငံတော်အတွက် ကျရာတာဝန်များကိုထမ်းဆောင်နိုင်ရေး ဖန်တီးပေးလျက်ရှိသည်။ ထိုသို့ဖန်တီးပေးလျက်ရှိရာတွင် ဘွဲ့ရအမျိုးသမီးများ၏ကဏ္ဍပိုမိုမြင့်မားစေရေးအတွက် ၂၀၁၄ ခုနှစ်မှစတင်ကာ တပ်မတော်တွင် ဘွဲ့ရအမျိုးသမီးအရာရှိများခန့်အပ်တာဝန်ပေးအပ်လျက်ရှိသည်။

လက်ရှိအချိန်တွင် တပ်မတော်(ကြည်း၊ ရေ၊ လေ)နှင့် လက်ရုံးဝန်ထမ်းတပ်ဖွဲ့အသီးသီးတွင် အမျိုးသမီးအရာရှိများတာဝန်ထမ်းဆောင်လျက်ရှိသည်။ ထို့ပြင် နိုင်ငံတော်အတွက် ယုံကြည်အားကိုးရသည့် အခြားအဆင့်အမျိုးသမီးစစ်မှုထမ်းများကိုလည်း တာဝန်ပေးအပ်လျက်ရှိသည်။ ထိုကဲ့သို့ အမျိုးသမီးစစ်မှုထမ်းများကို စဉ်ဆက်မပြတ်မွေးထုတ်ပေးလျက်ရှိသောကြောင့် သက်ဆိုင်ရာတပ်ဖွဲ့အသီးသီး၏ တာဝန်များအပြင် ကြမ်းတမ်းခက်ခဲလှသည့် အထူးတာဝန်တပ်ဖွဲ့(အမျိုးသမီး)တာဝန်များ၊ မိုင်ထောင်ချီဝေးကွာသည့် ပင်လယ်သမုဒ္ဒရာများကို စစ်ရေယာဉ်များဖြင့်ဖြတ်ကျော်ပြီး ပြည်ပနိုင်ငံများနှင့်ချစ်ကြည်ရေးခရီးစဉ်များ၊ ရေကြောင်းလုံခြုံရေးပင်လယ်ပြင်ပူးတွဲလေ့ကျင့်ခန်းများ၊ အမျိုးသမီးလေသူရဲ ပျံသန်းရေးတာဝန်များနှင့် လေထီးစစ်သမီးတာဝန်များကို ရဲဝံ့ပြောင်မြောက်စွာထမ်းဆောင်နေကြသည်မှာ မြန်မာအမျိုးသမီးများအတွက် ဂုဏ်ယူဖွယ်ဖြစ်သည်။

ထို့ပြင် အာဆီယံနိုင်ငံများ၏ အကြမ်းဖက်မှုတန်ပြန်တိုက်ဖျက်ရေးဆိုင်ရာ ပူးပေါင်းလေ့ကျင့်ခန်းများတွင်လည်း တပ်မတော်အမျိုးသမီးစစ်မှုထမ်းများသည် နိုင်ငံတကာတပ်ဖွဲ့ဝင်များနှင့်အတူ ရင်ပေါင်တန်းပြီးစွမ်းဆောင်ရည်ကိုပြသနိုင်ခဲ့ကြသည်။ ဖိလစ်ပိုင်နိုင်ငံ၌ကျင်းပခဲ့သည့် (၃၂)ကြိမ်မြောက် အာဆီယံနိုင်ငံတပ်မတော်(ကြည်း)များသေနတ်ပစ်ပြိုင်ပွဲတွင်လည်း အမျိုးသမီးအရာရှိ၊ စစ်သည်များသည် ရွှေတံဆိပ်(၅)ခု၊ ငွေတံဆိပ်(၄)ခု၊ ကြေးတံဆိပ်(၇)ခုရရှိအောင်စွမ်းဆောင်နိုင်ခဲ့ပြီး နိုင်ငံ့ဂုဏ်ကိုမြှင့်တင်နိုင်ခဲ့ကြသည်။ ဤသည်မှာ မြန်မာအမျိုးသမီးစစ်မှုထမ်းများ၏ ကိုယ်ရည်ကိုယ်သွေးနှင့် စွမ်းဆောင်ရည်မြင့်မားမှုကို လက်တွေ့ပြသခြင်းလည်းဖြစ်သည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင်သည် ဒီဇင်ဘာလ ၂၃ ရက်ကကျင်းပသည့် ဘွဲ့ရအမျိုးသမီးဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၁၁) သင်တန်းဆင်းဂုဏ်ပြုစစ်ရေးပြအခမ်းအနားတွင် မိန့်ခွန်းပြောကြားစဉ် **"ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး" ဟူသည့် ဒို့တာဝန်အရေးသုံးပါးကိုအစဉ်ဦးထိပ်ပန်ဆင်ပြီး နိုင်ငံ့အကျိုး၊ ပြည်သူ့အကျိုးတို့အတွက် မိမိကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ အလေးအနက်ထားကြိုးပမ်းဆောင်ရွက်သွားကြရန်၊ အမျိုးသမီးစစ်မှုထမ်းများ၏ ကောင်းမွန်သည့်သမိုင်းအစဉ်အလာများကို ဆက်လက်ထိန်းသိမ်းဆောင်ရွက်သွားကြရမည်ဖြစ်သည့်အပြင် ပိုမိုကောင်းမွန်သည့် သမိုင်းမှတ်တိုင်များကို စိုက်ထူနိုင်အောင်လည်း ဆက်လက်ကြိုးပမ်းသွားကြရန်** ထည့်သွင်းမိန့်ကြားခဲ့သည်။

တပ်မတော်သည် နိုင်ငံတော်အတွက် ခိုင်ခိုင်မာမာဖြင့် အဓွန့်ရှည်ကြာစွာရပ်တည်နေနိုင်ခြင်းမှာ မှန်ကန်သည့်မူဝါဒ၊ တိကျခိုင်မာသည့်စည်းမျဉ်း၊ စည်းကမ်း၊ လိုက်နာစောင့်ထိန်းရမည့် ဥပဒေများနှင့် စနစ်တကျဖွဲ့စည်းလေ့ကျင့်ထားမှုများရှိခြင်းကြောင့်ဖြစ်သည်။ ထို့ပြင် တပ်မတော်သားတို့သည် လက်နက်ကိုင်ဆောင်နေကြရသူများဖြစ်သည့်အတွက် စည်းကမ်းလိုက်နာမှုနှင့်အမိန့်နာခံတတ်မှုများကို ခါးဝတ်ပုဆိုးပမာမြဲမြံခိုင်ခံ့နေခြင်းကြောင့်လည်း တပ်မတော်သည် ကျစ်လျစ်ခိုင်မာသည့်အဖွဲ့အစည်းတစ်ရပ်အဖြစ် နိုင်ငံတော်ကိုကောင်းကျိုးပြုနိုင်ခြင်းဖြစ်သည်။ တပ်မတော်သားများသည် ကျောင်းများကသင်ကြားပေးလိုက်သည့် အတတ်ပညာများကို မမေ့မလျော့စေရန် "အမြဲတမ်းလေ့ကျင့်ရမည်၊ အမြဲတမ်းစစ်ရေးသတိရှိရမည်၊ အမြဲတမ်းတိုက်ပွဲဝင်အသင့်ဖြစ်ရမည်" ဟူသည့် မြဲသုံးမြဲကိုလက်ကိုင်ထားပြီး ထိရောက်စွာ ဆောင်ရွက်ကြရမည်ဖြစ်သည်။ သို့မှသာ နိုင်ငံတော်နှင့်တပ်မတော်ကအားကိုးအားထားပြုရသည့် အမျိုးသမီးစစ်မှုထမ်းများဖြစ်လာမည်ဟုယုံကြည်ပါကြောင်း ရေးသားလိုက်ရပေသည်။ ။

## ၂၀၂၅ ခုနှစ်၊ (၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့ အမျိုးသားရေးဦးတည်ချက်(၅)ရပ်

၁။ **ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးအတွက် လက်နက်ကိုင်ပဋိပက္ခများနှင့် သဘောထားကွဲလွဲမှုများကို ဥပဒေနှင့်အညီ ထိန်းသိမ်းဆောင်ရွက်ရေး။**

၂။ **နိုင်ငံသူ၊ နိုင်ငံသားအားလုံးတို့က စည်းလုံးညီညွတ်စွာဖြင့် ပြည်ထောင်စုစိတ်ဓာတ်အရင်းခံကာ နိုင်ငံတော်ကို ဝိုင်းဝန်းကာကွယ်စောင့်ရှောက်ထိန်းသိမ်းရေး။**

၃။ **စစ်မှန်၍စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ်ဖြစ်ပေါ်လာစေရေးအတွက် တရားမျှတသော၊ သိက္ခာရှိသော၊ နည်းလမ်းကျနမှန်ကန်မှုရှိသော အထွေထွေရွေးကောက်ပွဲပြန်လည်ကျင်းပနိုင်ရေး။**

၄။ **ပြည်ထောင်စုကြီးတစ်ခုလုံး ဘက်စုံထောင့်စုံ ဟန်ချက်ညီညီဖွံ့ဖြိုးတိုးတက်ရန်အတွက် ပြည်သူလူထုတစ်ရပ်လုံး၏ "စုပေါင်းအား" ဖြင့် ဆောင်ရွက်ရေး။**

၅။ **"ရှေ့သို့ချီမည် ပန်းတိုင်ဆီ" ဆိုသည့်ဆောင်ပုဒ်အတိုင်း နိုင်ငံရေး၊ စီးပွားရေး၊ ကာကွယ်ရေး၊ အမျိုးသားရေးစရိုက်လက္ခဏာနှင့် အမျိုးသားစိတ်ဓာတ်မြှင့်တင်ရေးတို့အတွက် ခိုင်မာသည့် ဇွဲ၊ လုံ့လ၊ ဝီရိယထားပြီး စည်းလုံးညီညွတ်စွာဖြင့် ကြိုးပမ်းဖော်ဆောင်ရေး။**

# စေတုတ္တရာမြို့နယ်၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်

စေတုတ္တရာ ဒီဇင်ဘာ ၂၅

မကွေးတိုင်းဒေသကြီး စေတုတ္တရာမြို့နယ် တယ်ဇားကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေမှုအခြေအနေများကို တာဝန်ရှိသူများက ဒီဇင်ဘာလ ၂၅ ရက် နံနက်ပိုင်းတွင် ကွင်းဆင်းစစ်ဆေးကြောင်း သိရသည်။

ထိုသို့စစ်ဆေးရာတွင် စေတုတ္တရာမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိဦးတင်မော်သိန်းနှင့်ဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာ လုပ်ငန်းအဖွဲ့ဝင်များနှင့်အတူ တယ်ဇားကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေဖြင့် တစ်နိုင်တစ်ပိုင်ဝက်မွေးမြူရေးလုပ်ငန်း၊ စားတော်ပဲ၊ ကုလားပဲ၊ မတ်ပဲများစိုက်ပျိုးထားရှိမှု အခြေအနေများ၊ ငွေစာရင်းဇယားများ စနစ်တကျဖြည့်သွင်းထားခြင်းရှိ၊ မရှိအခြေအနေများနှင့် စီမံကိန်းလက်စွဲစာစောင်ပါညွှန်ကြားချက်များနှင့်အညီ ဆောင်ရွက်ထားမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးကြသည်။

အဆိုပါ တယ်ဇားကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် ရန်ပုံငွေကျပ်သိန်း ၃၀၀ ဖြင့် စတင်အကောင်အထည်ဖော်ဆောင်ရွက်ရာ ယခုအခါ စိုက်ပျိုးရေးလုပ်ငန်းဆောင်ရွက်သူ ၃၁ ဦး၊ မွေးမြူရေးလုပ်ငန်းဆောင်ရွက်သူ ၄၈ ဦး၊ ရေလုပ်ငန်းဆောင်ရွက်သူတစ်ဦး၊ အရောင်းအဝယ်လုပ်ငန်းဆောင်ရွက်သူ ကိုးဦး၊ အသေးစားစက်မှုလက်မှုလုပ်ငန်းဆောင်ရွက်သူသုံးဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်းမှ ချေးငွေကျပ်သိန်း ၅၈၀ ကို ထုတ်ချေးထားကြောင်း သိရသည်။

ကိုညို(ကျေးလက်)

## သဇင်(FM)အသံလွှင့်အစီအစဉ်

၂၆-၁၂-၂၀၂၄(ကြာသပတေးနေ့)

၁။ ၀၆:၃၀ ခံစားနားဆင် မြန်မာသံစဉ်
၂။ ၁၀:၀၀ Internet Pages
၃။ ၁၄:၃၀ Live For You
၄။ ၁၇:၀၀ အနုပညာခရီးလမ်း
၅။ ၁၈:၂၀ Thazin Request Song
၆။ ၂၁:၂၀ လွမ်းသဝဏ်လွှာ

မြဝတီ နေ့စဉ်
the Myawady Daily

စာတည်းမှူးချုပ် - ဦးမျိုးဝင်းရှိန်
စာတည်းမှူး(မြန်မာ) - ဦးရာဇာအောင်
စာတည်းမှူး(အင်္ဂလိပ်) - ဦးရဲမင်းတင်
စာတည်း(ကျွမ်းကျင်)အင်္ဂလိပ် - ဦးတင်မောင်သန်း

စာတည်းအဖွဲ့(မြန်မာ) - ဦးနေမင်းဦး၊ ဦးထွန်းထွန်းနိုင်၊ ဒေါ်နီလာအောင်၊ ဒေါ်ဖြူဖြူမောင်
စာတည်းအဖွဲ့(အင်္ဂလိပ်) - ဦးထက်မြတ်၊ ဒေါ်သီရိမွန်
သတင်းအဖွဲ့(နေပြည်တော်) - ဦးဇော်မင်းပိုင်၊ ဒေါ်ခိုင်ဝါဝါကျော်
သတင်းအဖွဲ့(ရန်ကုန်) - ဦးစံမင်းသူ

နေပြည်တော်
စာတည်းအဖွဲ့ ၀၃၁-၇၃၉၉၈၊ ဖက်စ် ၀၃၁-၇၃၉၉၉/၀၃၂-၃၀၂၆၂၊
ဖြန့်ချိရေး/ကြော်ငြာ ၀၃၁-၇၄၀၀၆၊ ၀၃၁-၇၄၀၀၈၊
ဘုရင့်နောင်ရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်။

ရန်ကုန်(ရုံးခွဲ)
စာတည်းအဖွဲ့ ၀၃၁-၇၄၀၂၁၊ ဖြန့်ချိရေး ၀၁၈-၄၀၀၆၉၇၊
ကြော်ငြာ ၀၃၁-၇၄၀၂၂၊ အမှတ်(၁၅)၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

မန္တလေး(ရုံးခွဲ)
တာဝန်ခံ ၀၉-၆၈၈၈၈၃၅၅၈၊ ၈၄ လမ်း၊
၂၉x၃၀ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။

ကျိုင်းတုံ(ရုံးခွဲ)
တာဝန်ခံ ၀၉-၂၅၀၅၅၆၆၃၈၊ ၀၃၄-၇၃၆၀၁
လှိုင်မွေလမ်း၊ အမှတ်(၂)ရပ်ကွက်၊ ကျိုင်းတုံမြို့။

ပုံနှိပ်ခြင်း/ထုတ်ဝေခြင်းအမှတ် - ၀၀၃၇၈/၀၀၄၉၄
စတင်ထုတ်ဝေသည့်ရက် - ၂၀၁၁ ခုနှစ် ဧပြီလ ၁ ရက်
E-mail: mwddailynewspapergroup @ gmail.com
Website - www.myawady.net.mm

# ပုဂံယဉ်ကျေးမှုအမွေအနှစ်ဒေသသို့ ဒီဇင်ဘာလနောက်ဆုံးပတ်တွင် ပြည်တွင်းခရီးသွားဧည့်သည်လာရောက်မှု များပြားလျက်ရှိ



ညောင်ဦး ဒီဇင်ဘာ ၂၅

မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင် ပုဂံယဉ်ကျေးမှုအမွေအနှစ်ဒေသရှိ သမိုင်းဝင် အထင်ကရ စေတီ၊ ပုထိုး၊ သာသနိကအဆောက်အအုံများသို့ ဒီဇင်ဘာလနောက်ဆုံးပတ်တွင် ပြည်တွင်းခရီးသွားဧည့်သည်လာရောက်မှုများပြားလျက်ရှိကြောင်း ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန (ပုဂံရုံးခွဲ)မှ တာဝန်ရှိသူတစ်ဦး၏ပြောပြချက်အရ သိရသည်။

ပုဂံယဉ်ကျေးမှု အမွေအနှစ်ဒေသရှိ သမိုင်းဝင်စေတီပုထိုးများဖြစ်သည့် တန့်ကြည်တောင်စေတီ၊ မဟာငှက်ပစ်တောင်စေတီ၊ ထီးလိုမင်းလိုဘုရား၊ အာနန္ဒာဘုရား၊ မဟာဗောဓိဘုရား၊ ဗူးဘုရား၊ ကန်တော့ပလ္လင်ဘုရား၊ ခေမင်္ဂဘုရားဝင်း၊ သကြားပုန်းဘုရား၊ ရွှေလိပ်တူးဘုရား၊ သဗ္ဗညုဘုရား၊ ငကြွဲနားရှောင်းဘုရား၊ ပုထိုးသားများဘုရား၊ ဆင်များရှင်ဘုရား၊ မနူဟာဘုရား၊ ဓမ္မရာဇကဘုရား၊ ရှင်အဓ္ဓဂေါဏဘုရား၊ ဓမ္မရံကြီးနှင့် စူဠာမဏိဘုရားများတွင် ပြည်တွင်းခရီးသွားဧည့်သည်ဝင်ရောက်မှု များပြားလျက်ရှိကြောင်း သိရသည်။

ပုဂံယဉ်ကျေးမှုအမွေအနှစ်ဒေသသည် ပြည်တွင်း၊ ပြည်ပခရီးသွားဧည့်သည်များ စဉ်ဆက်မပြတ် လာရောက်လည်ပတ်လေ့ရှိသည့်နေရာဖြစ်ကာ ဒီဇင်ဘာလ နောက်ဆုံးပတ်တွင် ဘုရားဖူးလာရောက်သူ ပိုမိုများပြားကြောင်း သိရသည်။

ထိုသို့ ပြည်တွင်းခရီးသွားဧည့်သည်လာရောက်မှုများပြားသည့်အတွက် ပုဂံယဉ်ကျေးမှုအမွေအနှစ်ဒေသရှိ သမိုင်းဝင်အထင်ကရ စေတီ၊ ပုထိုး၊ သာသနိကအဆောက်အအုံများနှင့် ကျောက်ပန်းတောင်း-ညောင်ဦးကားလမ်းမကြီးတစ်လျှောက် ဖွင့်လှစ်ရောင်းချနေကြသည့် ထန်းလျက်အမျိုးမျိုး၊ မြေပဲဆီ၊ နှမ်းဆီစသည့်ဒေသထွက်ကုန်များ အရောင်းအဝယ်ကောင်းမွန်ကြောင်း၊ ထို့ပြင် ညောင်ဦးမြို့နှင့် ပုဂံမြို့တို့တွင်လည်း E- Bike၊ မီနီအိုးဝေ၊ မြင်းလှည်း၊ ကားအငှားလိုက်သူများနှင့် စားသောက်ဆိုင်များ၊ ပြည်တွင်းဧည့်လမ်းညွှန်များ၊ လက်အလုပန်းချီဆွဲသူများ၊ ရိုးရာသနပ်ခါးလိမ်းခြယ်ပေးသူများ၊ အလှဓာတ်ပုံ (ဖုန်းဖြင့်) ရိုက်ပေးသူများ စီးပွားရေးအဆင်ပြေလျက်ရှိကြောင်း သိရသည်။

**ဒီပါလင်း**

# ယခုဘဏ္ဍာနှစ် ရှစ်လတာကာလအတွင်း ပြည်ပသို့ အမေရိကန်ဒေါ်လာ သန်း ၃၉၀ ခန့်တန်ဖိုးရှိ ပြောင်းတန်ချိန် ၁ ဒသမ ၇ သန်းခန့် တင်ပို့နိုင်ခဲ့

ရန်ကုန် ဒီဇင်ဘာ ၂၅

ယခုဘဏ္ဍာနှစ် ဧပြီလ ၁ ရက်မှ နိုဝင်ဘာလကုန်အထိ ရှစ်လတာကာလအတွင်း မြန်မာနိုင်ငံမှ ပြည်ပသို့ အမေရိကန်ဒေါ်လာ သန်း ၃၉၀ ခန့် တန်ဖိုးရှိ ပြောင်းတန်ချိန် ၁ ဒသမ ၇ သန်းခန့် တင်ပို့နိုင်ခဲ့ကြောင်း မြန်မာနိုင်ငံ ပဲမျိုးစုံ၊ ပြောင်းနှင့် နှမ်းကုန်သည်များအသင်းမှ သိရသည်။

ထိုသို့ မြန်မာ့ပြောင်းများကို ပြည်ပသို့တင်ပို့ရာတွင် ထိုင်း၊ အိန္ဒိယ၊ ဖိလစ်ပိုင်နှင့် တရုတ်နိုင်ငံတို့သို့ အဓိကတင်ပို့လျက်ရှိပြီး ယခင်ဘဏ္ဍာနှစ်ကာလတူထက် ပိုမိုတင်ပို့နိုင်ခဲ့ကြောင်း သိရသည်။

"ဒီဘဏ္ဍာနှစ်ထဲမှာ ပြည်ပကို ပြောင်းတင်ပို့မှုအနေနဲ့ ဧပြီလကနေ နိုဝင်ဘာလအထိ အမေရိကန်ဒေါ်လာ သန်း ၃၉၀ ခန့် တန်ဖိုးရှိ ပြောင်းတန်ချိန် ၁ ဒသမ ၇ သန်းခန့် တင်ပို့နိုင်ခဲ့ပါတယ်။ အများဆုံးတင်ပို့တာကတော့ ထိုင်းနိုင်ငံကို တင်ပို့ခဲ့တာဖြစ်ပါတယ်။ ဒီနှစ်ထဲမှာ ထူးခြားတာကတော့ အိန္ဒိယနိုင်ငံကိုလည်း တင်ပို့ရတော့ မြန်မာ့ပြောင်းဈေးကွက်က ပိုမိုကျယ်ပြန့်လာတယ်လို့ ပြောလို့ရပါတယ်" မြန်မာနိုင်ငံ ပဲမျိုးစုံ၊ ပြောင်းနှင့် နှမ်းကုန်သည်များအသင်းမှ တာဝန်ရှိသူတစ်ဦးကပြောသည်။

ယခုဘဏ္ဍာနှစ်အတွင်း မြန်မာ့ပြောင်းများကို ထိုင်းနိုင်ငံသို့ အများဆုံးတင်ပို့ခဲ့ရပြီး အိန္ဒိယနိုင်ငံသို့ ဒုတိယအများဆုံးနှင့် ဖိလစ်ပိုင်နိုင်ငံသို့ တတိယအများဆုံး တင်ပို့နိုင်ခဲ့ကြောင်း၊ ယခုအခါ မြန်မာ့ပြောင်းများကို ပြည်ပသို့တင်ပို့ရာတွင် လအလိုက်ရည်မှန်းထားကာ လျာထားချက်ပြည့်မီစွာ တင်ပို့နိုင်ပြီး ဈေးကောင်းရရှိစေရန် ပြောင်းလုပ်ငန်းရှင်များ၊ ကုန်သည်များနှင့် ပြောင်းစိုက်တောင်သူများပူးပေါင်းကာ ဝိုင်းဝန်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ဆောင်းဦး**

# မြိတ်မြို့နယ်၌ ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်မှ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ဒီဇင်ဘာလ တတိယပတ်အထိ ကျေးလက်ရေရရှိရေးလုပ်ငန်းပေါင်း ၁၆၂ ခု ဆောင်ရွက်ထား

မြိတ် ဒီဇင်ဘာ ၂၅

တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင် မြိတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှကြီးမှူး၍ မြို့နယ်အတွင်း ကျေးလက်ရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိရာ ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်မှ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ဒီဇင်ဘာလတတိယပတ်အထိ ကျေးလက်ရေရရှိရေးလုပ်ငန်းပေါင်း ၁၆၂ ခု ဆောင်ရွက်ထားပြီးဖြစ်ကြောင်း သိရသည်။

မြိတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် ကျေးလက်နေပြည်သူများ သန့်ရှင်းသောသောက်သုံးရေရရှိနိုင်စေရန်၊ နွေရာသီတွင် ရေရှားပါးပြတ်လပ်ခြင်းမရှိစေရန်နှင့် စနစ်တကျရေသုံးစွဲနိုင်စေရန် စသည့် ရည်ရွယ်ချက်များဖြင့် ကျေးလက်ရေရရှိရေးလုပ်ငန်းများကို ဘဏ္ဍာနှစ်အလိုက် ဆောင်ရွက်ပေးလျက်ရှိရာ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင်လည်း ကျေးရွာနှစ်ရွာ၌ ရေပိုက်လိုင်းသွယ်တန်းခြင်းနှင့် သန့်ရှင်းသော သောက်သုံးရေရရှိရေးလုပ်ငန်းများကို ဆောင်ရွက်ပေးရန် စီစဉ်ထားသည်။

"မြိတ်မြို့နယ်မှာ ကျေးလက်နေပြည်သူတွေအတွက် ရေရှားပါးပြတ်လပ်မှုမရှိစေဖို့နဲ့ သန့်ရှင်းတဲ့သောက်သုံးရေလုံလောက်စွာရရှိစေဖို့ တွင်းတိမ်၊ တွင်းနက်၊ လက်တူးတွင်းနဲ့ မြေသားရေကန်တူးဖော်ပေးခြင်း၊ စိမ့်စမ်းရေသွယ်တန်းပေးခြင်းလုပ်ငန်းတွေ ဆောင်ရွက်ပေးခဲ့ပါတယ်။ တချို့ကျေးရွာတွေမှာတော့ ရေသန့်စင်စနစ်နဲ့ အိမ်တိုင်ရာရောက်ရေသွယ်မှုတွေကို စီစဉ်ဆောင်ရွက်ပေးခဲ့ပါတယ်" ဟု မြိတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးထွန်းထွန်းဝင်းကပြောသည်။

ကျေးလက်နေပြည်သူများ သန့်ရှင်းသောသောက်သုံးရေရရှိသုံးစွဲနိုင်ရန် အိမ်တိုင်ရာရောက်ရေသွယ်မှုဖြင့် စနစ်တကျရေပေးဝေရေးလုပ်ငန်းများ ဆောင်ရွက်ပေးခြင်းကြောင့် လိုအပ်သောအချိန်တွင် အလွယ်တကူသုံးစွဲနိုင်ခြင်း၊ ရေသန့်စင်စနစ်များ ဆောင်ရွက်ပေးထားခြင်းကြောင့် ဒေသခံပြည်သူများအား ဝမ်းပျက်၊ ဝမ်းလျှောရောဂါများဖြစ်ပွားခြင်းမှ ကြိုတင်ကာကွယ်နိုင်ခြင်း စသည့်အကျိုးကျေးဇူးများ ရရှိစေကြောင်း၊ ထို့ပြင် ရေမီတာစနစ်များကိုလည်း တပ်ဆင်ဆောင်ရွက်ပေးထားပြီး ရရှိလာသောရေဖိုးငွေကြေးများဖြင့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ခဲ့ကြောင်း သိရသည်။

**ဆောင်းဦး**



# မြစ်ကိုအလျှားစုန်ကူးခဲ့သည်

ကျွန်းစဉ်မြေစောခက်

**''ရခိုင်သဟာယအသင်း(ရန်ကုန်)သည် ရခိုင်ပြည်နယ်နှင့် ရခိုင်တိုင်းရင်းသားမျိုးနွယ်စုများ လူမှုဘဝရှင်သန်တိုးတက်ရေးအတွက် တစ်ဖက်တစ်လမ်းမှ အားဖြည့်ပံ့ပိုးကူညီပေးလျက်ရှိသည်။ ရေဘေး၊ လေဘေး၊ မီးဘေး စသော ပြည်နယ်၏ ဘေးအန္တရာယ်အပေါင်းကို အတတ်နိုင်ဆုံး တားဆီးကာကွယ်ပြီး ဘေးဒုက္ခအပေါင်းတို့အား ကယ်ဆယ်ပေးလျက်ရှိနေပေသည် . . ."**

**ယမန်နေ့မှအဆက်**

မြေပုံမြို့နယ် ဝဘော်ကြီးရွာသည်လည်း ဒီရေရောက်တောကြီးကို လက်ကောက်ကွင်းသဏ္ဍာန်တာတမံဝိုင်းပတ်ဆည်ဖို့ပြီး ရပ်ရွာတည်ထောင်ထားခြင်းဖြစ်ပေသည်။ သူတို့ ရွာသူ၊ ရွာသားများသည် မြစ်ရေပြင်ထဲ ပိုက်ချ၊ မျှားတန်းချခြင်းဖြင့် အသက်မွေးကြ၏။ ခုလို တစ်ရွာလုံးမီးလောင်သွားချိန်မျိုးတွင် ဒီလို ပင်လယ်ပြင်ကျွန်းလွတ်ကြီး ဖြစ်နေသောနေရာမျိုး၌ ရပ်ရွာတည်ထောင်၍ မနေလိုကြတော့ပေ။ သို့ဖြစ်၍ တစ်ရပ်နှင့်တစ်ရပ်၊ တစ်ရွာနှင့်တစ်ရွာ သွားလာ၍လွယ်ကူပြီး လမ်းပန်းဆက်သွယ်၍ရသော ရိုးမတောင်ခြေက ကားလမ်းနံဘေးသို့ ပြောင်းပြီး ရပ်သစ်ရွာသစ်တည်ထောင်၍ နေဖြစ်ခဲ့ကြပေသည်။

ရခိုင်သဟာယအသင်း(ရန်ကုန်)သည် ရခိုင်ပြည်နယ်နှင့် ရခိုင်တိုင်းရင်းသားမျိုးနွယ်စုများ လူမှုဘဝရှင်သန်တိုးတက်ရေးအတွက် တစ်ဖက်တစ်လမ်းမှ အားဖြည့်ပံ့ပိုးကူညီပေးလျက်ရှိသည်။ ရေဘေး၊ လေဘေး၊ မီးဘေး စသော ပြည်နယ်၏ ဘေးအန္တရာယ်အပေါင်းကို အတတ်နိုင်ဆုံး တားဆီးကာကွယ်ပြီး ဘေးဒုက္ခအပေါင်းတို့အား ကယ်ဆယ်ပေးလျက်ရှိနေပေသည်။ ယခုလည်း ကျွန်းစဉ်နယ် ဝဘော်ကြီးရွာ မီးဘေးကယ်ဆယ်ရေးကိစ္စကြုံလာသည့်အချိန်တွင် ကူညီရန် အသင့်ရှိနေပေသည်။ သို့သော် ကျွန်းစဉ်နယ်ဆိုသည်ကို ကြားသာကြားဖူးသည် သွားလာဖူးသူဟူ၍ မရှိသဖြင့် ဝဘော်ကြီးရွာ မီးဘေးကယ်ဆယ်ရေးအတွက် ကယ်ဆယ်ရေးကိစ္စ အခက်အခဲ ဖြစ်စေခဲ့လေပြီ။ ဤတွင် ကျွန်တော်က ဤကိစ္စနှင့်ဤခရီးကို ကျွန်တော် ကူညီဆောင်ရွက်ပေးလိုပါသည်။ ကျွန်တော့်အား ခရီးအသွားအလာကုန်ကျစရိတ်အတွက် ပေးစရာကုန်ကျငွေ ခရီးစရိတ်ကို ကျွန်တော်ကျခံပါမည်ဟု ရဲရဲအာမခံပြီး တင်ပြလိုက်သည်။ အသင်းအမှုဆောင်များ လွန်စွာအားရကျေနပ်ကြပြီး ကျေးဇူးတင်စကားပြောကြားကြသည်။ အသင်းအတွင်းရေးမှူး ဦးသာမြကျော်ထံက မီးဘေးကယ်ဆယ်ရေးအလှူငွေ ၂၈၂၀၀၀၀ိ/- (ကျပ်နှစ်ဆယ့်ရှစ်သိန်းနှစ်သောင်းတိတိ) ပေးအပ်ခဲ့ပါသည်။ ကျွန်တော်သည် အဆိုပါငွေသားများကို ရန်ကုန်မြို့ တောင်ဥက္ကလာပမြို့နယ် (၇)ရပ်ကွက် ဗြဟ္မစိုရ်လမ်း ကမ္ဘောဇရတနာဘဏ်တွင် ပေးသွင်းပြီး ရခိုင်ပြည်နယ် မြေပုံမြို့နယ် ကမ်းထောင်းကြီးမြို့ရှိ ကမ္ဘောဇရတနာဘဏ်မှ ထုတ်ယူခဲ့ပါသည်။ (တောင်ဥက္ကလာပဗြဟ္မစိုရ်လမ်းက ဘဏ်ကို နန္ဒဝန်ဈေးဘဏ်ခွဲဟုခေါ်ကြောင်း နောင်တွင် သိလာခဲ့ရပါသည်။)

ကျွန်တော်သည် ရန်ကုန်မြို့မှ အမ်းမြို့သို့ လေကြောင်းခရီးစဉ်ဖြင့် လိုက်သွားခဲ့သည်။ အမ်းမြို့လေဆိပ်မှ ကမ်းထောင်းကြီးမြို့သို့ မော်တော်ကားစီးရသည်။ ကမ်းထောင်းကြီးတွင် ညအိပ်ရပြီး နောက်တစ်နေ့တွင် ကမ်းထောင်းကြီးမြို့မှ စက်လှေငှားပြီး ဝဘော်ကြီးရွာသို့ မြစ်ကြောင်းအတိုင်း မောင်းဆင်းရသည်။ မြစ်ကမ်းစပ်တွင် အိမ်လေးငါးလုံးသာ ကျန်နေခဲ့ကြသည်။ အကုန်လုံး ရခိုင်ရိုးမတောင်ခြေသို့ ပြောင်းသွားကြလေပြီ။ ကျွန်တော်သည် ကမ်းထောင်းကြီးမြို့က ကျွန်တော်နှင့် လုပ်ဖော်ကိုင်ဖက် ကျောင်းဆရာများနှင့် လူမှုရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်တတ်သူသုံးဦးကိုပါ အကူအညီခေါ်ယူခဲ့ပေသည်။ ကျွန်တော်တို့ ရွာပြင်အထက်သို့ တက်ကြည့်လိုက်ကြရာ မြေပြင်တစ်ခုလုံးမှာ မည်းမည်းတူးတူးအဖြစ်ကို မြင်မကောင်း၊ ရှုမကောင်းစွာ တွေ့ကြရပေတော့သည်။ ကျွန်တော့်ရင်ထဲမှာ ဝဘော်ကြီးရွာအဖြစ်ကို ကြည့်ပြီး ရင်ထဲမှာကြေကြေကွဲကွဲ ခံစားသွားရပေသည်။

မြေပုံမြို့နယ် ကျွန်းစဉ်နယ်တွင် ရခိုင်သဟာယအသင်း (ရန်ကုန်)ကိုယ်စားလှယ်ဟူသည် တစ်ဦးတစ်ယောက်မျှပင်မရှိပေ။ ရခိုင်သဟာယအသင်း (ရန်ကုန်)ကိုယ်စားလှယ်များမှာ မြေပုံမြို့၌သာ ရှိပေသည်။ မြေပုံမြို့နှင့် ကျွန်းစဉ်ရွာများမှာကား လွန်စွာဝေးလွန်းလှပေသည်။ ရေလမ်းတစ်ခုတည်းသာပေါက်ရောက်၍ တစ်နေ့တစ်ည ခုတ်မောင်းသွားလာမှသာ ရောက်ရှိတတ်ပေသည်။

ကျွန်တော်တို့အဖွဲ့သည် ချောင်းရှည်သုံးခုနှင့် ကပိုင်ကျွန်းမြစ်ပြင်ကျယ်ကို ဖြတ်ကူးလိုက်မှ ရခိုင်ရိုးမတောင်ခြေရှိ သီလာတောင်စွယ်သို့ ရောက်ပေသည်။ ကျွန်တော်တို့ စက်လှေရောက်သွားချိန်တွင် ရေစစ်ချိန်ဖြစ်နေပေသည်။ သို့ဖြစ်ပါ၍ ပုဆိုးကို မလျက်သွားသူသွား၊ ခါးတောင်းကျိုက်လျက် လျှောက်သူလျှောက်ပြီး ချောင်းပေါင်ရွှံ့လတာပြင်ထဲ ဆင်းလျှောက်ကြရပါတော့သည်။ ပြေ၊ မေကာလ နွေနေ့လယ်ခင်းဖြစ်၍ အဝတ်အင်္ကျီများ ချွေးဖြင့် ရွှဲရွှဲစိုကုန်ကြတော့သည်။ ကျွန်တော့်မှာ ဒီလိုရွှံ့ပြင်ထဲ တပျောင်းပျောင်းနင်းပြီး ဘဝမှာ လျှောက်လှမ်းခဲ့သောအကြိမ်မှာ ရေတွက်မရအောင် များပြားခဲ့ပြီဖြစ်၍ သိပ်ပြီးတော့ အထူးအဆန်းကြီးတော့ မဟုတ်ပေ။ ပင်ပန်းသည်ဆိုသည်လောက်တော့ဖြစ်ခဲ့သည်။ ကျွန်တော်တို့ ကမ်းခြေသို့ရောက်ချိန်တွင် ခြေလက်ဆေးစရာရေဟူ၍ မတွေ့သဖြင့် ရပ်ရွာအုပ်ချုပ်ရေးမှူးအိမ်ကို မေးမြန်းပြီး သူ့အိမ်သို့ရောက်မှ ခြေလက်ဆေးကြောကြရသည်။

ကျွန်တော်သည် ဝဘော်ကြီးရွာသစ်သို့ရောက်လျှင် အုပ်ချုပ်ရေးမှူးကို အကျိုးအကြောင်းပြောလိုက်ပြီး ရွာဆရာတော်ကိုပါပင့်ပြီး အုပ်ချုပ်ရေးမှူးအိမ်တွင်ပဲ သီတင်းသုံးစေခဲ့ပါသည်။ ရွာသားများကို ခေါ်ယူစုရုံးစေလိုက်သည်။ ကျွန်တော် အကူအညီခေါ်ယူလာခဲ့သော ထက်/အုပ်(ငြိမ်း) တစ်ဦး၊ မူ/အုပ်(ငြိမ်း) တစ်ဦးတို့ကို စာရင်းပြုစုပေးရန်ပြောပြီး အိမ်ထောင်စုအလိုက် ကျွန်တော်၌ပါလာသော မီးဘေးကယ်ဆယ်ရေးငွေ ၂၈၂၀၀၀၀ိ/- (ကျပ်နှစ်ဆယ့်ရှစ်သိန်းနှစ်သောင်းတိတိ)ကို တစ်ပြားတစ်ချပ်မကျန် မျှဝေပေးပြီး သဟာယအသင်း (ရန်ကုန်)ကိုယ်စား လှူဒါန်းခဲ့ပါသည်။ ဝဘော်ကြီး ရွာသူ၊ ရွာသားတို့၏ အနွမ်းမျက်နှာပြင်များတွင် အလန်းပန်းများ ဖြာဝေသွားကြလေသည်။

● ● ● ● ● ● ●

ဝဘော်ကြီးရွာ မီးဘေးကယ်ဆယ်ရေးပေးပြီး တစ်လခန့်အကြာမှာ ရခိုင်သဟာယအသင်း (ရန်ကုန်) လပတ်အစည်းအဝေးလုပ်ချိန်နဲ့ ကြုံရပြန်သည်။ ဤအစည်းအဝေးတွင် အသင်းအတွင်းရေးမှူး ဦးသာမြကျော်က "ဆရာကြီးဦးဘညွန့် ယခင်လက ရခိုင်ပြည်နယ် မြေပုံမြို့နယ် ဝဘော်ကြီးရွာ မီးဘေးကယ်ဆယ်ရေးပေးတဲ့ကိစ္စ Facebook Post တင်လိုက်တာ ကမ္ဘာသို့ ပျံ့နှံ့သွားသလားမသိဘူး။ W.A.O (World Arkanese Organization) က ကျွန်တော်တို့ ရခိုင်သဟာယအသင်း (ရန်ကုန်)သို့ ဝဘော်ကြီးရွာ မီးဘေးကယ်ဆယ်ရေးအတွက် ၂၀၂၄၅၀၀ိ/- (ကျပ်သိန်းနှစ်ဆယ်နှစ်သောင်းလေးထောင့်ငါးရာတိတိ) ပို့လိုက်ပါတယ်။ သူတို့က ရခိုင်သဟာယအသင်း (ရန်ကုန်) ဒုတိယဥက္ကဋ္ဌကိုယ်တိုင် ကွင်းဆင်းပြီး ခက်ခက်ခဲခဲသွားရောက်လှူဒါန်းနေတာ Facebook မှာတွေ့ရလို့ အရမ်းလေးစားသွားပြီး ပါဝင်လှူဒါန်းကူညီလိုစိတ်ပြင်းပြခဲ့ရတာလို့ ပြောပါတယ်"

အတွင်းရေးမှူး ဦးသာမြကျော်၏ တင်ပြပြောကြားချက်ကြောင့် ကျွန်တော်၏ ပေးဆပ်အနစ်နာခံမှု အောင်မြင်ခြင်းအတွက် ရင်ထဲမှာ ကျေနပ်နေမိသည်။ အမှုဆောင်ကော်မတီများကလည်း အာရုံစူးစိုက်နားထောင်နေကြသည်။ **ဆက်လက်ဖော်ပြပါမည်။**

**ဤဝတ္ထုပြီးဆုံးပါက စာရေးဆရာ ရွှေဥဒေါင်း၏ "တစ်သက်တာမှတ်တမ်းနှင့် အတွေးအခေါ်များ" စာအုပ်အား ဆက်လက်ဖော်ပြပါမည်။**

# မြောင်းမြခရိုင်၌ စားဖိုဆောင်သီးနှံစုံ ၉၁၇၄ ဧက စိုက်ပျိုးလျက်ရှိပြီး ဒေသတွင်းဈေးကွက်တွင် ပြည်သူများ သီးနှံဝယ်ယူစားသုံးမှု ဖူလုံပိုလျှံရေး အထောက်အကူပြုစေမည်

မြောင်းမြ ဒီဇင်ဘာ ၂၅

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင်၌ ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် စားဖိုဆောင်သီးနှံစုံ ၉၁၇၄ ဧက စိုက်ပျိုးလျက်ရှိရာ ဒေသတွင်း ဈေးကွက်တွင် ပြည်သူများ သီးနှံဝယ်ယူစားသုံးမှု ဖူလုံပိုလျှံရေး အထောက်အကူပြုစေမည်ဖြစ်ကြောင်း မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ခင်ဌေးမြင့်၏ ပြောဆိုချက်ရ သိရသည်။

မြောင်းမြခရိုင်၌ ယခုနှစ်ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် စားဖိုဆောင်သီးနှံစုံ ၉၁၇၄ ဧကကို ဒီဇင်ဘာလဒုတိယပတ်က စတင်စိုက်ပျိုးလျက်ရှိပြီး အဆိုပါသီးနှံများ အခက်အခဲမရှိ စနစ်တကျ စိုက်ပျိုးနိုင်ရန် စိုက်ပျိုးရေးဦးစီးဌာန၊ စက်မှုလယ်ယာဦးစီးဌာန၊ ဆည်မြောင်းနှင့်ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနတို့ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

''ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ မြောင်းမြခရိုင်တစ်ခုလုံးအနေနဲ့ စားဖိုဆောင်သီးနှံစုံ ၉၁၇၄ ဧကလျာထားစိုက်ပျိုးနေပါတယ်။ မြောင်းမြမြို့နယ်မှာ စားဖိုဆောင်သီးနှံတွေကို အများဆုံးစိုက်ပျိုးမှာဖြစ်ပါတယ်။ သီးနှံအားလုံး အခက်အခဲမရှိ စနစ်တကျစိုက်ပျိုးနိုင်ဖို့ ဒေသခံတောင်သူတွေနဲ့ စိုက်ပျိုးရေးဦးစီးဌာနတို့ ပူးပေါင်းဆောင်ရွက်နေပါတယ်။ စိုက်ပျိုးမယ့်သီးနှံတွေ လျာထားချက်ပြည့်မီစေဖို့နဲ့ ပျက်စီးထိခိုက်တာမရှိစေဖို့ ပိုးမွှားရောဂါကာကွယ်နှိမ်နင်းရေး စတဲ့ စိုက်ပျိုးရေးဆိုင်ရာ အသိပညာပေးလုပ်ငန်းတွေကိုလည်း သီးနှံတွေမစိုက်ပျိုးမီနဲ့ စိုက်ပျိုးတဲ့ကာလတွေမှာ စိုက်ခင်းတွေအထိ ကွင်းဆင်းဆောင်ရွက်ပေးနေပါတယ်" ဟု ဒေါ်ခင်ဌေးမြင့်က ပြောသည်။

မြောင်းမြခရိုင်၌ ယခုနှစ်ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် စားဖိုဆောင်သီးနှံစုံ ၉၁၇၄ ဧကကို မြောင်းမြမြို့နယ်၌ ၄၈၈၅ ဧက၊ အိမ်မဲမြို့နယ်၌ ၁၂၆၈ ဧက၊ ဝါးခယ်မမြို့နယ်၌ ၃၀၂၁ ဧက စိုက်ပျိုးလျက်ရှိဖြစ်သည်။

မြောင်းမြခရိုင်၌ စိုက်ပျိုးမည့် စားဖိုဆောင်သီးနှံများတွင် ခဝဲ၊ ဂေါ်ဖီ၊ မုန်လာ၊ နံနံပင်၊ ချဉ်ပေါင်၊ ကြက်ဟင်းခါး၊ တိုင်ထောင်ပဲ၊ သခွား၊ ခရမ်း၊ ဘူး၊ ရွှေဖရုံ၊ ဟင်းနုနယ် စသည့်သီးနှံများကို အများဆုံးစိုက်ပျိုးလျက်ရှိရာ ဒေသနေပြည်သူများနှင့် ဒေသတွင်းဈေးကွက်တွင် သီးနှံမျိုးစုံ ဝယ်ယူစားသုံးမှုဈေးနှုန်းများ ကျဆင်းလာရေးကို အထောက်အကူပြုစေမည်ဖြစ်ကြောင်း သိရသည်။

သုတကျော်

# လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

**“လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့အစမ္ပဝင်ရောက်နေထိုင်နေသည့်မြို့၊ ရွာများ၌ တပ်မတော်၏တန်ပြန်ထိုးစစ်ဆင်မှုများကိုကာကွယ်ရန်အတွက် ပြည်သူတို့၏နေအိမ်အဆောက်အအုံများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာအဆောက်အအုံများကိုအသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ်အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန် ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကိုလုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏အချုပ်အခြာအာဏာကို မဖြစ်မနေကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါလက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ်မူတည်၍ လိုအပ်သလို တုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့အစမ္ပဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်ကြောင်း။”**

(၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့်ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအားပြောကြားသည့် အမှာစကားမှကောက်နုတ်ချက်)

## (၇၇)ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲ စာပြန်သံဃာများအား ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင် လာရောက်ဖူးမြော်ကြည်ညို



ရန်ကုန် ဒီဇင်ဘာ ၂၅

(၇၇)ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲကြီးတွင် ဝင်ရောက်ဖြေဆိုလျက်ရှိသည့် စာပြန်သံဃာတော် ၇၇ ပါးတို့အား ယနေ့နံနက်ပိုင်းတွင် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့တာဝန်ကျ(ပထမအဖွဲ့ခွဲ) ဒုတိယဥက္ကဋ္ဌ အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဇောတိပါလ မြင်းခြံဆရာတော်ကြီး အမှူးပြုသော ပညာရေးအဖွဲ့ငယ်ဆရာတော်ငါးပါးတို့က ကြွရောက်ချီးမြှောက်အားပေးခဲ့ကြပြီး သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်နှင့် တာဝန်ရှိပုဂ္ဂိုလ်များက ဖူးမြော်ကြည်ညိုကာ လှူဖွယ်ပစ္စည်းများဆက်ကပ်လှူဒါန်းသည်။

တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲကြီးဖြစ်ပေါ်လာပုံ သမိုင်းအကျဉ်းမှာ ၁၃၁၀ ပြည့်နှစ်တွင် သူဌေးကြီး ဆာဦးသွင်ကို ဥက္ကဋ္ဌတင်မြှောက်၍ ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့ချုပ်မှ တိပိဋကဓရ ရွေးချယ်ရေးအဖွဲ့တစ်ခုဖွဲ့စည်းပြီး တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ပွဲဆိုင်ရာ လိုက်နာသင့်သည့် (စည်းမျဉ်းဥပဒေ)ကို ရေးသား၍စာမေးပွဲကြီးကို (၁၃၁၀ ပြည့်နှစ်) ၁၉၄၈ ခုနှစ်တွင် စတင်ကျင်းပခဲ့သည်။

တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲကြီးသို့ ဝင်ရောက်ဖြေဆိုကြမည့် ရဟန်းသာမဏေများသည်အနည်းဆုံး ပထမကြီး၊ ဝိနယဝိဒူ၊ သာမဏေကျော် (တတိယဆင့်) အောင်မြင်ပြီးသောရဟန်း၊ သာမဏေများဖြစ်ရမည်ဖြစ်ပြီး သင်္ဂိုးပိဋက သုံးပုံ ပါဠိတော်ကျမ်းစာအုပ်များမှာ ဝိနယပိဋကကျမ်းစာအုပ် ၅ အုပ် စာမျက်နှာပေါင်း ၂၂၆၀ မျက်နှာ၊ သုတ္တန္တပိဋကကျမ်းစာအုပ် ၃ အုပ် စာမျက်နှာပေါင်း ၇၇၉ မျက်နှာ၊ အဘိဓမ္မပိဋက ကျမ်းစာအုပ် ၁၂ အုပ် စာမျက်နှာပေါင်း ၄၉၈၇ မျက်နှာ စုစုပေါင်းကျမ်းစာအုပ် ၂၀ စာမျက်နှာပေါင်း ၈၀၂၆ မျက်နှာဖြစ်၍ အာဂုံပြန်ဆို အောင်မြင်ပါက “တိပိဋကဓရဘွဲ့”ကို ဆက်ကပ်ပြီး ယင်းကျမ်းစာအုပ် ၂၀ နှင့် အဖွင့်ကျမ်းများဖြစ်သည့် အဋ္ဌကထာ၊ ဋီကာ၊ အနုဋီကာ၊ ယောဇနာ၊ ဂဏ္ဌိ၊ အနုဂဏ္ဌိစသော ကျမ်းစာအုပ်များမှ အဓိပ္ပာယ်အရကောက်များကို သဘောရေးဖြေအောင်မြင်တော်မူလျှင် တိပိဋကဓရ တိပိဋကကောဝိဒဘွဲ့ကို ဆက်ကပ်ကာ နိုင်ငံတော်က ကုန်း၊ ရေ၊ လေ အခမဲ့အထက်တန်း ခရီးသွားလက်မှတ် (ရာသက်ပန်) တပည့်နှစ်ဦးအပါအဝင် လစဉ်ဆွမ်းဆန်တော်တို့ကို ဆက်ကပ်လှူဒါန်းသည်။

အာဂုံပြန်ဆိုချိန်မှာ တစ်ရက်လျှင် နံနက်ပိုင်း ၈ နာရီမှ ၁၀ နာရီအထိ ၄ ကြိမ်၊ မွန်းလွဲပိုင်း ၁ နာရီမှ ၄ နာရီအထိ ၅ ကြိမ် စုစုပေါင်း ၉ ကြိမ်နှုန်းဖြင့် ၁၈ ရက်တိတိ ပြန်ဆိုရပြီး သဘောရေးဖြေစာမေးပွဲကို မွန်းလွဲ ၁၂ နာရီခွဲမှ ညနေ ၄ နာရီခွဲအထိ ငါးရက်ဖြေဆိုရကာ အာဂုံပြန်ဆိုရာတွင် အထစ်အငေါ့မရှိ ထူးကဲစွာပြန်ဆိုနိုင်လျှင် ဝိသိဋ္ဌဝိနယဓရ၊ ဝိသိဋ္ဌဒီဃဘာဏကနှင့် ဝိသိဋ္ဌအာဘိဓမ္မိကဘွဲ့၊ သဘောရေးဖြေတွင် သတ်မှတ်အောင်မှတ်နှင့်အထက်ရရှိပါက မဟာဝိနယကောဝိဒ၊ မဟာဒီဃနိကာယကောဝိဒနှင့် မဟာအဘိဓမ္မကောဝိဒဘွဲ့တို့ကိုဆက်ကပ်၍ တိပိဋကဓရ တိပိဋကကောဝိဒဘွဲ့ကိုခံယူရရှိတော်မူပြီး အနည်းဆုံးငါးနှစ်သက်တမ်းပြည့်မြောက်လျှင် “တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက” ဘွဲ့တံဆိပ်တော်ကို ဆက်ကပ်သည်။

စာမေးပွဲကြီးစတင်ကျင်းပသည့် (၁၃၁၀ ပြည့်နှစ်) ၁၉၄၈ ခုနှစ်မှစ၍ ၂၀၂၄ ခုနှစ်အတွင်း တိပိဋကဓရ တိပိဋကကောဝိဒ ဘွဲ့တံဆိပ်တော်ရ သာသနာ့အာဇာနည်အရှင်သူမြတ် ၁၆ ပါး ပေါ်ထွန်းခဲ့ပြီး တိပိဋကဓရ တိပိဋကကောဝိဒ ဘွဲ့တံဆိပ်တော်ရ သာသနာ့အာဇာနည်အရှင်သူမြတ် ၁၆ ပါးတွင် သက်တော်ထင်ရှားဆရာတော် ၁၁ ပါးရှိ၍ ငါးပါးပျံလွန်တော်မူပြီး ဖြစ်ကြောင်းနှင့် တိပိဋကဓရ ဘွဲ့တံဆိပ်တော်ရ ဆရာတော် ခြောက်ပါးတွင် သက်တော်ထင်ရှား ဆရာတော် ငါးပါးရှိသည်။

ယနေ့တွင်အဘိဓမ္မာ(ဒုတိယပိုင်း)စာပြန်သံဃာတစ်ပါး၊ အဘိဓမ္မာ (ပထမပိုင်း) စာပြန်သံဃာတစ်ပါး၊ ဒီဃနိကာယ် စာပြန်သံဃာငါးပါး၊ ဝိနည်း(ဒုတိယပိုင်း) စာပြန်သံဃာ ၃၉ ပါး၊ ဝိနည်း(ပထမပိုင်း) စာပြန်သံဃာ ၃၁ ပါး စုစုပေါင်း ၇၇ ပါးတို့ အာဂုံပြန်ဆိုလျက်ရှိကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## ပဉ္စမအကြိမ်အမျိုးသားအားကစားပွဲတော်တွင် ပါဝင်ယှဉ်ပြိုင်ခဲ့သည့် ရခိုင်ပြည်နယ်ကိုယ်စားပြုအားကစားအဖွဲ့အား ကြိုဆိုဂုဏ်ပြုပွဲကျင်းပ

စစ်တွေ ဒီဇင်ဘာ ၂၅

ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်သို့ ပါဝင်ယှဉ်ပြိုင်ခဲ့သည့် ရခိုင်ပြည်နယ်ကိုယ်စားပြုအားကစားအဖွဲ့အား ကြိုဆိုဂုဏ်ပြုပွဲအခမ်းအနားကို ယနေ့နေ့လယ်ပိုင်းတွင် ရခိုင်ပြည်နယ်အစိုးရအဖွဲ့ရုံးအစည်းအဝေးခန်းမ၌ကျင်းပရာ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်း၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ ရခိုင်ပြည်နယ်ကိုယ်စားပြုအားကစားသမားများနှင့် အုပ်ချုပ်သူ၊ နည်းပြများတက်ရောက်ကြသည်။

အခမ်းအနားတွင် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် ဝင်ရောက်ယှဉ်ပြိုင်ရေးဦးစီးကော်မတီဥက္ကဋ္ဌ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်းက အမှာစကားပြောကြားသည်။

ဆက်လက်၍ ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် အောင်နိုင်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ ပြည်နယ်လူမှုရေးရာဝန်ကြီးက ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်တွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည့်အတွေ့အကြုံများအား ရှင်းလင်းတင်ပြပြီး ရခိုင်ပြည်နယ်ကိုယ်စားပြုအားကစားအဖွဲ့များ ဝင်ရောက်ယှဉ်ပြိုင်ကစားခဲ့သည် မှတ်တမ်းဗီဒီယိုကိုပြသခဲ့သည်။

ထို့နောက် ရခိုင်ပြည်နယ်ဝန်ကြီးချုပ်က ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်သို့ ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည့် အားကစားသမားများအား ဂုဏ်ပြုဆုများပေးအပ်ချီးမြှင့်ပြီး အားကစားသမားတစ်ဦးက




ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်တွင် ရခိုင်ပြည်နယ်မှ အုပ်ချုပ်သူ၊ နည်းပြ၊ ကစားသမားစုစုပေါင်း ၃၅၃ ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး ရွှေ ငါးခု၊ ငွေ ၁၁ ခု၊ ကြေး ၁၆ ခုနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် အဆင့် ၁၂ ရရှိခဲ့ကြောင်းသိရသည်။

**တင်ထွန်း(ပြန်/ဆက်)**

# ဆောင်းနေကြာတစ်ကေလျှင် ပျားအုံတစ်အုံနှုန်းဖြင့် စုစုပေါင်းနေကြာဧက နှစ်သိန်းဝန်းကျင်အတွက် ပျားအုံများချထားပေးမည်

ရန်ကုန် ဒီဇင်ဘာ ၂၅

ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် နိုင်ငံတစ်ဝန်း ဆောင်းနေကြာများစိုက်ပျိုးရာ၌ ပျားနှင့်ဝတ်မှုန်ကူးခြင်းများ ဆောင်ရွက်နိုင်စေရန် နေကြာတစ်ကေလျှင် ပျားအုံတစ်အုံနှုန်းဖြင့် စုစုပေါင်း နေကြာဧက နှစ်သိန်းဝန်းကျင်အတွက် ပျားအုံများချထားပေးရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန ပျားမွေးမြူမှုဖွံ့ဖြိုးရေးဌာနခွဲမှ သိရသည်။

လက်ရှိ ပြည်တွင်း၌ စုစုပေါင်းပျားမွေးမြူသူ ၉၀၀ ကျော်ရှိပြီး ပျားအုံပေါင်း နှစ်သိန်းကျော်ရှိကာ နှစ်စဉ်အဆိုပါပျားအုံများမှထွက်ရှိလာသော ပျားရည်များကို ပြည်တွင်း၌သာမက ပြည်ပနိုင်ငံများသို့လည်း တင်ပို့ရောင်းချလျက်ရှိကြောင်း၊ ထို့ပြင် ပျားအုံများကိုအသုံးပြု၍ နေကြာအပါအဝင် သီးနှံစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းစေရေး ပျားနှင့်ဝတ်မှုန်ကူးခြင်းများ ဆောင်ရွက်နိုင်စေရန် ပျားအုံများ ရွှေ့ပြောင်းချထားပေးခြင်းလုပ်ငန်းများကိုလည်း ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

"လက်ရှိမှာ တစ်နိုင်ငံလုံးအတိုင်းအတာအနေနဲ့ ပျားအုံပေါင်း နှစ်သိန်းကျော်လောက်ရှိတယ်။ ပြည်တွင်းမှာ စားသုံးဆီဖူလုံစေဖို့အတွက် နေကြာဧက သုံးသန်းလောက်အထိ တိုးချဲ့စိုက်ပျိုးနိုင်ဖို့ နိုင်ငံတော်က စီမံချက်ချဆောင်ရွက်နေတာရှိပါတယ်။ အဲဒီလို နေကြာတွေကို စိုက်ပျိုးတဲ့အခါမှာ ပန်းတိုင်အထွက်နှုန်းရရှိဖို့ဆိုရင် နေကြာတွေက ဝတ်မှုန်ကူးမှမျိုးစေ့အောင်တဲ့သီးနှံမျိုးဖြစ်မှာပါ။ ဒါကြောင့် နေကြာစိုက်ခင်းတွေမှာ ပျားအုံတွေချထားပေးနိုင်ဖို့အတွက် စီစဉ်ဆောင်ရွက်နေပါတယ်" ဟု မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန ပျားမွေးမြူမှုဖွံ့ဖြိုးရေးဌာနခွဲ ဒုတိယညွှန်ကြားရေးမှူး ဦးမျိုးတင်ကပြောသည်။

သာမန်အားဖြင့် နေကြာပွင့်များ၏ အလယ်ပိုင်းများသည် မျိုးစေ့မအောင်ဘဲ မွေးမြူရေးပျားများ၊ သဘာဝပျားများနှင့် ဝတ်မှုန်ကူးမှသာ နေကြာတစ်ပွင့်လုံး မျိုးစေ့အောင်နိုင်သည့်အတွက် ယခုကဲ့သို့ ပျားမွေးမြူမှုဖွံ့ဖြိုးရေးဌာနခွဲမှ ကြီးမှူး၍ နိုင်ငံအတွင်းရှိ နေကြာစိုက်ခင်းများ၌ ပျားမွေးမြူရေးလုပ်ငန်းများမှ ပျားအုံများကို ပြောင်းရွှေ့နေရာချထားပေးရန် စီစဉ်ဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။

**ဆောင်းဦး**

# ဟိုပုံးမြို့မဈေးအတွင်း မီးငြှိမ်းသတ်နည်းလက်တွေ့သရုပ်ပြသခြင်း ဆောင်ရွက်

ဟိုပုံး ဒီဇင်ဘာ ၂၅



ရှမ်းပြည်နယ်(တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဟိုပုံးမြို့မဈေးအတွင်း မီးငြှိမ်းသတ်နည်းလက်တွေ့သရုပ်ပြသခြင်းကို ဒီဇင်ဘာလ ၂၅ ရက်တွင် ဆောင်ရွက်ကြောင်း သိရသည်။

ရှေးဦးစွာ မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးမှူး ဦးကျော်မိုးနိုင်က မီးသတ်ဆေးဘူးများထားရှိရေး၊ ဆေးဘူးများကို စနစ်တကျအသုံးပြုတတ်စေရေး၊ အခြေခံမီးသဘောတရားများ၊ မီးလောင်ခြင်းအမျိုးမျိုး၊ ကြိုတင်ကာကွယ်ရမည့်ပစ္စည်းများထားရှိရေး၊ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးလုပ်ငန်းများနှင့်ပတ်သက်၍ စနစ်တကျကြိုတင်ဆောင်ရွက်ရေး၊ မီးသတ်ဆေးဘူးအသုံးပြု၍ မီးငြှိမ်းသတ်ခြင်း၊ မီးအတန်းအစားများအား ရှင်းလင်းခြင်းနှင့် မီးငြှိမ်းသတ်နည်းလေးနည်းတို့ကို ဈေးသူ၊ ဈေးသားများအား အကျယ်တဝင့်ရှင်းလင်းပြောကြားသည်။ ထို့နောက် မြို့နယ်ဦးစီးမှူး ဦးဆောင်သော တပ်ဖွဲ့ဝင်များက လက်တွေ့သရုပ်ပြဇာတ်တိုက်လေ့ကျင့်ခြင်းနှင့် ရေစိုအဝတ်ဖြင့် အရေးပေါ်မီးငြှိမ်းသတ်မှုလက်တွေ့သရုပ်ပြခြင်းနှင့် မီးသတ်ဆေးဘူးဖြင့် မီးငြှိမ်းသတ်ခြင်းတို့ကို ဇာတ်တိုက်လေ့ကျင့်သရုပ်ပြသကြသည်။

အဆိုပါ လက်တွေ့သရုပ်ပြဆောင်ရွက်နေမှုကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့အဖွဲ့ဝင် ဦးကိုကိုလင်း၊ မြို့နယ်စည်ပင်သာယာရေးဌာန အမှုဆောင်အရာရှိ ဦးဉာဏ်လင်းမောင်တို့က ကြည့်ရှုပြီးနောက် မြို့မဈေးနှင့်ဈေးဆိုင်များ၌ထားရှိရမည့် မီးသတ်ဆေးဘူး၊ မီးချိတ်၊ မီးကပ်၊ သဲပုံး၊ ရေပုံးများထားရှိမှုတို့ကို လိုက်လံကြည့်ရှုစစ်ဆေးကြကြောင်း သိရသည်။

**ချမ်းမြေ့**

# မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ ဆောင်ရွက်နေမှု ကွင်းဆင်းစစ်ဆေး


ဖာပွန် ဒီဇင်ဘာ ၂၅

ကရင်ပြည်နယ် ဖာပွန်ခရိုင် ဖာပွန်မြို့နယ် တံတားဦးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေများဖြင့် စီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေမှုအခြေအနေများကို ဒီဇင်ဘာလ ၂၅ ရက်တွင် ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးကြကြောင်း သိရသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် ဖာပွန်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးခင်မောင်ဝင်း၊ မြို့နယ်ဦးစီးမှူး ဦးပြည့်ဦးကိုကိုနှင့်ဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များနှင့်အတူ တံတားဦးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေး၊ အရောင်းအဝယ်လုပ်ငန်းများ ဆောင်ရွက်ထားရှိမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက စီမံကိန်းရေရှည်တည်တံ့ခိုင်မြဲရေးအတွက် ကျေးရွာနေပြည်သူများနှင့် သက်ဆိုင်သူအားလုံး ဝိုင်းဝန်းထိန်းသိမ်း ဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။

အဆိုပါတံတားဦးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်က ငွေကျပ် သန်း ၃၀ ဖြင့် စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပြီး အဋ္ဌမအကြိမ်အဖြစ် စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၃၅ ဦး၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၃၄ ဦး၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ၁၀ ဦး စုစုပေါင်း အသင်းသား ၇၉ ဦးအား မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေ ငွေကျပ် ၄၁၅ သိန်းကို အတိုးနှုန်းသက်သာစွာ ထုတ်ချေးပေးထားကြောင်း သိရသည်။

**ဘိုဘို**




| ထူးခြားသည့်ညအပူချိန်များ | |
|---|---|
| ပူတာအို | ၄.၄°C |
| နမ့်စန်<br>(ရှမ်းပြည်တောင်ပိုင်း) | ၅.၁°C |
| ဟားခါး | ၅.၄°C |
| ပြင်ဦးလွင် | ၆°C |
| မြစ်ကြီးနား | ၆.၂°C |
| မချမ်းဘော | ၇.၅°C |
| လွိုင်လင် | ၈.၅°C |
| တီးတိန် | ၈.၈°C |
| မိုင်းယန်း | ၉°C |
| ပင်လောင်း | ၉.၄°C |

| တိုင်းဒေသကြီး/ပြည်နယ် | (နိမ့်) | (မြင့်) |
|---|---|---|
| ကချင် | ၆ | ၂၄ |
| ရှမ်း(မြောက်) | ၁၂ | ၂၆ |
| ရှမ်း(အရှေ့) | ၁၀ | ၂၄ |
| ရှမ်း(တောင်) | ၁၀ | ၂၅ |
| ချင်း | ၇ | ၂၀ |
| စစ်ကိုင်း(အထက်) | ၁၄ | ၂၅ |
| စစ်ကိုင်း(အောက်) | ၁၅ | ၃၀ |
| နေပြည်တော် | ၁၇ | ၃၀ |
| မန္တလေး | ၁၇ | ၃၂ |
| မကွေး | ၁၅ | ၃၁ |
| ရခိုင် | ၁၅ | ၃၃ |
| ပဲခူး | ၁၆ | ၃၂ |
| ရန်ကုန် | ၁၉ | ၃၂ |
| ဧရာဝတီ | ၁၈ | ၃၁ |
| ကယား | ၁၄ | ၂၅ |
| ကရင် | ၁၈ | ၃၃ |
| မွန် | ၁၉ | ၃၂ |
| တနင်္သာရီ | ၁၉ | ၃၂ |

# ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် အမျိုးသမီးများ၏အခန်းကဏ္ဍ အသိပညာပေးဆွေးနွေး

ညောင်ဦး ဒီဇင်ဘာ ၂၅


မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင် ညောင်ဦးမြို့နယ်၌ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် အမျိုးသမီးများ၏အခန်းကဏ္ဍ အသိပညာပေးဆွေးနွေးပွဲကို ဒီဇင်ဘာလ ၂၄ ရက်က ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာန၌ ကျင်းပသည်။

အဆိုပါအသိပညာပေးဆွေးနွေးပွဲတွင် ညောင်ဦးခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်သူဇာစိုးနှင့် ခရိုင်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ဆုမွန်ဦးတို့က ရေ၊ လေ၊ မြေ၊ ရာသီဥတု၊ အသံ၊ အနံ့၊ အရသာများပါဝင်သည့် လူသားတို့ဝန်းကျင်ရှိ ရုပ်ပိုင်းဆိုင်ရာအကြောင်းအချက်များ၊ တိရစ္ဆာန်များနှင့်အပင်အမျိုးမျိုးတို့၏ သက်ရှိဇီဝဆိုင်ရာအကြောင်းအချက်များ၊ သမိုင်း၊ ယဉ်ကျေးမှု၊ လူမှုရေးနှင့်ပသာဒအလှအပဆိုင်ရာအကြောင်းအချက်များကို အသိပညာပေးဆွေးနွေးကြသည်။

ယင်းဆွေးနွေးပွဲတွင် အမျိုးသမီးများသည် လောင်စာ၊ အစားအစာ၊ သစ်တော၊ ရေနှင့်မြေယာကဲ့သို့သော သဘာဝသယံဇာတများနှင့် တိုက်ရိုက်ထိတွေ့မှုများရှိပြီး ပတ်ဝန်းကျင်နှင့်ဂေဟစနစ်များအပေါ် ကောင်းစွာနားလည်ခြင်း၊ ရာသီဥတုပြောင်းလဲမှုကို လိုက်လျောညီထွေဖြစ်အောင် နေထိုင်နိုင်ခြင်း စသည်တို့တွင် အရေးကြီးသောအခန်းကဏ္ဍမှ ပါဝင်ပုံများ၊ ပတ်ဝန်းကျင်ရှိ သယံဇာတများအလိုက် ပါဝင်လျက်ရှိသည့် အမျိုးသမီးများ၏အခန်းကဏ္ဍ၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ရေလုပ်ငန်းကဏ္ဍ၊ အမျိုးသမီးနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးအဖွဲ့ ဖွဲ့စည်းထားရှိမှု စသည့်အကြောင်းအရာတို့ကို အသိပညာပေးဆွေးနွေးကြကြောင်း သိရသည်။

**ကိုဇော်(ခာတု)**

# ဆံတော်ရှင် ကျိုက်ထီးရိုးစေတီတော်မြတ်ကြီးအား ယခုလအတွင်း ဘုရားဖူးပြည်သူ နှစ်သိန်းနှစ်သောင်းကျော် လာရောက်ဖူးမြော်



ကျိုက်ထို ဒီဇင်ဘာ ၂၅

မွန်ပြည်နယ် ကျိုက်ထိုမြို့နယ်ရှိ ဆံတော်ရှင် ကျိုက်ထီးရိုးစေတီတော်မြတ်ကြီး၏ ဗုဒ္ဓပူဇနိယပွဲတော်ကို သီတင်းကျွတ်လပြည့်နေ့မှ ကဆုန်လပြည့်နေ့အထိ ကျင်းပလျက်ရှိရာ အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးပြည်သူများ စည်ကားသိုက်မြိုက်စွာ နေ့စဉ်လာရောက်ဖူးမြော်နေကြပြီး ယခုဒီဇင်ဘာလ၌ လာရောက်ဖူးမြော်သူ ၂၂၈၃၂၉ ဦးရှိကြောင်း စေတီတော်ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့ထံမှ သိရသည်။

"သီတင်းကျွတ်လပြည့်နေ့ အောက်တိုဘာလ ၁၇ ရက်နေ့ကနေ ဒီဇင်ဘာလ ၂၄ ရက်နေ့အထိ ဘုရားဖူး ၄၉၉၁၄၅ ဦးရှိပြီး ပြည်တွင်းဘုရားဖူး ၄၉၇၂၃၀ ဦးနှင့် ပြည်ပဘုရားဖူး ၁၉၁၅ ဦးရှိပါတယ်။ နိုင်ငံခြားသား ပြည်ပဘုရားဖူးတွေထဲမှာ ထိုင်းနိုင်ငံနှင့် ဗီယက်နမ်က အများဆုံးပါပဲ။ အခုလို စနေ၊ တနင်္ဂနွေနဲ့ အများပြည်သူအလုပ်ပိတ်ရက်တွေမှာ အများဆုံးလာရောက်လည်ပတ်ကြပါတယ်" ဟု ဂေါပကအဖွဲ့ တာဝန်ရှိသူတစ်ဦးကပြောသည်။

ကျိုက်ထီးရိုးစေတီတော်မြတ်ကြီးသို့ ဘုရားဖူးလာရောက်ကြသည့် ပြည်သူများ အန္တရာယ်ကင်းဝေးစေရန်နှင့်စိတ်ချမ်းမြေ့စွာဘုရားဖူးမြော်နိုင်ရန်အတွက် စေတီတော်ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့နှင့် တာဝန်ရှိသူများက လုံခြုံရေး၊ အခမဲ့တည်းခိုနေထိုင်ရေး၊ စားသောက်ရေးနှင့် ကျန်းမာရေးစောင့်ရှောက်မှုများကို ကြပ်မတ်ဆောင်ရွက်ပေးလျက်ရှိကြောင်းနှင့် တောင်တက်မော်တော်ယာဉ်အစီး ၁၅၀ ကို နေ့စဉ်ပြေးဆွဲပေးနေပြီး သတ်မှတ်လူဦးရေနှင့် ယာဉ်စီးနင်းခများကိုလည်း သတ်မှတ်နှုန်းထားဖြင့် အလွယ်တကူလိုက်ပါစီးနင်းနိုင်ရန် စီမံထားကြောင်း သိရသည်။

ဘုရားဖူးပြည်သူများစည်ကားများပြားသည့်အတွက် ကျိုက်ထီးရိုးတောင်တော်တစ်လျှောက် အထင်ကရနေရာများဖြစ်သည့် မုဆိုးတောင်တော်၊ ကျီးကန်းပါးစပ်လိုဏ်ဂူတော်၊ ကျောက်ထပ်ကြီးစေတီတော်၊ ရေတံခွန် စသည့်နေရာများ၊ ရင်ပြင်တော်ဈေးဆိုင်တန်းတစ်လျှောက်ရှိထမင်းဆိုင်များ၊ အမှတ်တရအရောင်းဆိုင်များ၌ ဘုရားဖူးများဖြင့် စည်ကားနေသည့်အပြင် အခမဲ့နှင့် အခပေးတည်းခိုဆောင်များ၊ ရင်ပြင်တော်၌လည်း တည်းခိုနေထိုင်သူများပြားလျက်ရှိကြောင်း သိရသည်။

**ကျိုက်ထို(ပြန်/ဆက်)**

# နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေအား ကျေးရွာကော်မတီသို့လွှဲပြောင်းပေးအပ် MSME လုပ်ငန်းများကို ကွင်းဆင်းစစ်ဆေး

ပူတာအို ဒီဇင်ဘာ ၂၅

ကချင်ပြည်နယ် ပူတာအိုခရိုင်ဖွံ့ဖြိုးတိုးတက်ရေးတာဝန်ခံ ကချင်ပြည်နယ်အစိုးရအဖွဲ့ဝင်ပြည်နယ်သယံဇာတရေးရာဝန်ကြီး ဦးတိန့်ဆောင်နှင့် တိုင်းရင်းသားရေးရာဝန်ကြီး ဦးကျော်မင်းခိုင်တို့သည် ပြည်နယ်တိုင်းရင်းသားအခွင့်အရေးများကာကွယ်စောင့်ရှောက်ရေးဦးစီးဌာန ဦးစီးမှူး ဦးရန်နိုင်လွင်နှင့်အတူ ယမန်နေ့နံနက် ၈ နာရီက ပူတာအိုခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးအစည်းအဝေးခန်းမ၌ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေအား ကျေးရွာကော်မတီသို့ လွှဲပြောင်းပေးအပ်ခြင်း အခမ်းအနားတက်ရောက်သည်။

အခမ်းအနားတွင် ပြည်နယ်သယံဇာတရေးရာဝန်ကြီး ဦးတိန့်ဆောင်နှင့်တိုင်းရင်းသားရေးရာဝန်ကြီး ဦးကျော်မင်းခိုင်တို့က အမှာစကားပြောကြားကြပြီး ပြည်နယ်သယံဇာတရေးရာဝန်ကြီး ဦးတိန့်ဆောင်က လုပ်ငန်းရှင် ဦးသိုက်ရွှေ၏ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် ၁၈ တန်ကျဆန်စက်တည်ဆောက်ရေးလုပ်ငန်းအတွက် မတည်ရန်ပုံငွေကျပ် သန်း ၅၀ ကိုလည်းကောင်း၊ တိုင်းရင်းသားရေးရာဝန်ကြီး ဦးကျော်မင်းခိုင်က နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် ဆီမုန်ညင်းစိုက်ခင်းဆောင်ရွက်မည့် တောင်သူများသို့ ငွေကျပ်၅၂ ဒသမ ၉၅ သန်းကိုလည်းကောင်း လွှဲပြောင်းပေးအပ်သည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးများသည် ခရိုင်၊ မြို့နယ်ဌာနဆိုင်ရာများ၊ ရဝမ်စာပေနှင့်ယဉ်ကျေးမှုအသင်း တာဝန်ရှိသူများနှင့်တွေ့ဆုံပွဲကျင်းပရာ ပြည်နယ်ဝန်ကြီးများက တင်ပြချက်များအပေါ် ပေါင်းစပ်ဆောင်ရွက်ပေးပြီး ပြည်နယ်တိုင်းရင်းသားအခွင့်အရေးများကာကွယ်စောင့်ရှောက်ရေးဦးစီးဌာနဦးစီးမှူး ဦးရန်နိုင်လွင်က ရဝမ်စာပေနှင့် ယဉ်ကျေးမှုအသင်းအတွက် တိုင်းရင်းသားလူမျိုးများ၏အခွင့်အရေးကာကွယ်စောင့်ရှောက်သည့် ဥပဒေ၊ နည်းဥပဒေများစာအုပ်ပေးအပ်လှူဒါန်းရာ မြို့နယ် ရဝမ်စာပေနှင့်ယဉ်ကျေးမှုအသင်း ဥက္ကဋ္ဌ ဦးမဖန်းဆင်ဆုန်းနှင့်တာဝန်ရှိသူများက လက်ခံရယူသည်။

ထိုမှတစ်ဆင့် ပြည်နယ်ဝန်ကြီးများနှင့် တာဝန်ရှိသူများသည် ပူတာအိုမြို့ ဒုတ္တန်ရပ်ကွက်ရှိ ရဝမ်အမျိုးသားဥယျာဉ်အတွင်း ပူတာအိုဒေသ ဆန်စပါးဖူလုံသည့်အထိမ်းအမှတ်အနေဖြင့် အောင်ပွဲ မနောအကဆင်နွှဲနိုင်ရေးအတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်ရမည့် အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ပူတာအိုမြို့ လေယာဉ်ကွင်းရပ်ကွက်ရှိ Myanmar Good News အသင်းတော်မိသားစု ခရစ္စမတ်ပွဲသို့တက်ရောက်ချီးမြှင့်ပြီး ကလေးသူငယ်များ၏ ခရစ္စမတ်အကအလှများဖြင့်ဖျော်ဖြေတင်ဆက်နေမှုများကိုကြည့်ရှုအားပေးကာ ပြည်နယ်ဝန်ကြီးများက ကချင်ပြည်နယ်အစိုးရအဖွဲ့က ခရစ္စမတ်ပွဲတော်အတွက်လှူဒါန်းငွေကျပ် ၁၀ သိန်းကိုပေးအပ်လှူဒါန်းသည်။

ယင်းနောက် ပူတာအိုမြို့ ကောင်ကထောင်ရပ်ကွက် မတ်ပန်ကွင်း၌ စိုက်ပျိုးရေးဦးစီးဌာနက ၂၀၂၄ ခုနှစ် ဆောင်းပဲပုပ်စိုက်ခင်း လယ်သီးထပ် လေးဧကနှင့်ဆီမုန်ညင်းစိုက်ခင်း လယ်သီးထပ် သုံးဧကတွင် ဆီမုန်ညင်းနှင့်ဆောင်းပဲပုပ်စိုက်ပျိုးထားရှိမှုများကို ကြည့်ရှုစစ်ဆေးသည်။

ထိုမှတစ်ဆင့် ပြည်နယ်ဝန်ကြီးများနှင့် တာဝန်ရှိသူများသည် ပူတာအိုမြို့ ပန်းလှိုင်ရပ်ကွက်တွင် MSME တစ်နိုင်တစ်ပိုင်လုပ်ငန်းဖြစ်သော "စူပါဝမ်း"ဝါးတူလုပ်ငန်းနှင့် "ရွှေတောင်"ခေါက်ဆွဲလုပ်ငန်းများအား နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် လုပ်ငန်းတိုးချဲ့ဆောင်ရွက်နေသည့် လုပ်ငန်းခွင်သို့ သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့်သတင်းပို့ရန်တို့အတွက် တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်းဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ ဥက္ကဋ္ဌရုံး (နေပြည်တော်)
(၁) ၀၆၇- ၃၄၀၄၉၁၁၊ ၀၆၇- ၃၄၀၄၉၂၂၊ ၀၆၇- ၃၄၀၄၉၃၃၊ ၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၀၁

(ခ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (နေပြည်တော်ကောင်စီ)
(၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၀၂

(ဂ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)
(၁) ၀၇၁- ၂၀၃၂၀၉၁၊ ၀၇၁- ၂၀၃၂၀၉၂
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS)၀၉- ၂၅၅၀၀၂၅၀၇

(ဃ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)
(၁) ၀၅၉- ၂၀၂၄၀၃၇၊ ၀၅၉- ၂၀၂၄၀၃၈
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၀၈

(င) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)
(၁) ၀၅၂- ၂၂၀၁၉၃၉၊ ၀၅၂- ၂၂၀၁၉၄၉
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၀၉

(စ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)
(၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃- ၂၀၂၈၈၇၉
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၀

(ဆ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)
(၁) ၀၂- ၄၀၂၁၂၄၅၊ ၀၂- ၄၀၂၁၂၄၆
(၂) မိုဘိုင်းဖုန်းမှစာတိုပို့ဝန်ဆောင်မှု(SMS) ၀၉- ၂၅၅၀၀၂၅၁၁

(ဇ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)
(၁) ၀၅၇ - ၂၀၂၇၉၃၅၊ ၀၅၇- ၂၀၂၇၉၃၆
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၂

(ဈ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)
(၁) ၀၉- ၂၅၅၀၀၂၅၁၇၊ ၀၉- ၂၅၅၀၀၂၅၁၈
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၃

(ည) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)
(၁) ၀၁- ၈၃၀၀၀၁၆၊ ၀၁- ၈၃၀၀၀၁၇
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၄

(ဋ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)
(၁) ၀၈၁- ၂၁၂၄၅၄၀၊ ၀၈၁- ၂၁၂၄၉၉၅
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS)၀၉- ၂၅၅၀၀၂၅၁၅

(ဌ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)
(၁) ၀၄၂- ၂၀၂၅၉၉၃၊ ၀၄၂- ၂၀၂၅၉၉၄
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၆

၂။ စုံစမ်းမေးမြန်းခြင်း၊ သတင်းပို့ခြင်းမဟုတ်ဘဲ အနှောင့်အယှက်ပေးဆက်သွယ်လာသည့်တယ်လီဖုန်းနံပါတ်များကို မှတ်တမ်းတင်ကာ ယင်းဖုန်းဆင်းကတ်များကို ပိတ်သိမ်းသွားမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့**

# ကျန်းမာရေးကောင်းမွန်ဖို့ မုန်လာဥဖြူစားကြစို့



**မုန်လာဥဖြူပင်**

ဆောင်းရာသီသို့ ရောက်ရှိလာပြီဖြစ်ရာ ဆောင်းရာသီတွင် ပေါပေါများများပေါ်လေ့ရှိသော ရာသီပေါ်သီးနှံများတွင် မုန်လာဥ သို့မဟုတ် မုန်လာဥဖြူဟု အလွယ်ခေါ်လေ့ရှိပြီး ပုံစံအမျိုးမျိုးချက်ပြုတ်စားသုံးလေ့ရှိသော မုန်လာဥဖြူမှရရှိနိုင်သည့် ကျန်းမာရေးအကျိုးကျေးဇူးများကို ဖော်ပြလိုက်ပါသည်။ မုန်လာဥဖြူ၏ ရုက္ခဗေဒအမည်မှာ Raphanus sativus ဖြစ်ပြီး အင်္ဂလိပ်အသုံးအနှုန်းဖြင့် White Radish၊ Daikon Radish (Mooli) ဟု ခေါ်ဆိုလေ့ရှိသည်။ ယင်းတွင် ကျန်းမာရေးအတွက် အစွမ်းထက်သော အကျိုးအာနိသင်များစွာပါရှိသည်။ မုန်လာဥဖြူသည် ရှည်လျားသည့် ရေသောက်မြစ်အဖြူရောင်ရှိသော ဟင်းသီးဟင်းရွက်ဖြစ်ပြီး မိုးရာသီတွင် စိုက်ပျိုးနိုင်သော်လည်း ဆောင်းရာသီတွင်စိုက်ပျိုးသည့် မုန်လာဥဖြူကဲ့သို့ ကြီးထွားဖွံ့ဖြိုးမှုမရှိပေ။

**မုန်လာဥဖြူတွင်ပါဝင်သော အာဟာရဓာတ်များ**

USDA Data Base အရ မုန်လာဥဖြူ ၁၀၀ ဂရမ်တွင် ကယ်လိုရီ ၁၆ ကီလိုကယ်လိုရီ၊ ကစီဓာတ် ၄ ဒသမ ၁ ဂရမ်၊ သကြား ၂ ဒသမ ၅ ဂရမ်၊ အဆီ သုည ဒသမ ၁ ဂရမ်၊ ပရိုတင်း သုည ဒသမ ၆ ဂရမ်နှင့်အတူ ရေဓာတ် ၉၅ ရာခိုင်နှုန်းခန့်ပါဝင်ပြီး ဗီတာမင် C အများအပြားပါဝင်သည်။ ပိုတက်ဆီယမ်၊ ဖောလိတ်၊ Riboflavin၊ နိုင်ယာစင်၊ ဗီတာမင် B6၊ ဗီတာမင် K၊ ကယ်လ်စီယမ်၊ မဂ္ဂနီဆီယမ်၊ ဇင့်၊ ဖော့စဖရပ်၊ကော့ပါး၊ မဂ္ဂနိစ်နှင့်ဆိုဒီယမ်တို့ပါဝင်သည်။ ထို့ပြင် အစာခြေခြင်းကို အကူအညီပေးသော အမျှင်ဓာတ်နှင့် အင်ဇိုင်းများပါဝင်သည်။ မုန်လာဥဖြူတွင် ကယ်လိုရီ၊ ကာဗိုဟိုက်ဒရိတ်ပါဝင်မှုနည်းပြီး အမျှင်ဓာတ်ပါဝင်မှုများသည်။ မုန်လာဥဖြူသည် ကျန်းမာသောကိုယ်အလေးချိန်ကို ထိန်းသိမ်းနိုင်ပြီး အစာကြေညက်စေခြင်းကို အထောက်အကူပြုစေသည်။

**မုန်လာဥဖြူမှကာကွယ်ပေးသော ရောဂါများ**

မုန်လာဥဖြူတွင် မြောက်မြားစွာပါရှိသည့် ကြေပျက်လွယ်သော အမျှင်ဓာတ်များက အစာကိုကြေညက်စေကာ ဇီဝဖြစ်စဉ်ကို ကောင်းမွန်မှန်ကန်စေသည်။ ယင်းကိုစားပြီးနောက် အချိန်ကြာကြာ ဗိုက်မဆာတော့ပေ။ နေ့စဉ်စားသုံးသော အစားအစာများတွင် မုန်လာဥဖြူကို ထည့်သွင်းစားသုံးခြင်းဖြင့် ဝမ်းချုပ်နေသူများအတွက် အကျိုးရှိစေသည်။ ဝမ်းမှန်စေရန် အထောက်အကူပြုသော်လည်း အများအပြားစားမိပါက ကိုယ်တွင်းရေဓာတ်ခန်းခြောက်စေနိုင်သောကြောင့် မုန်လာဥဖြူစားပြီးတိုင်း ရေများများသောက်ရန်လိုအပ်သည်။ ဖောလိတ်ပါဝင်မှုများခြင်းကြောင့် ကိုယ်ဝန်ဆောင်အမျိုးသမီးများ စားသုံးသင့်သည်။ ဆဲလ်များကြီးထွားခြင်းကို အကူအညီပေးသည်။ တခြားအမျှင်ဓာတ်ကြွယ်ဝသည့် အပင်များကဲ့သို့ပင် အစာခြေစနစ်ကို အထောက်အကူပြုပြီး သွေးလိပ်ခေါင်းရောဂါနှင့် ဒူလာလိပ်ခေါင်းရောဂါတို့ကို ကာကွယ်ပေးသည်။ ဝမ်းသွားစေခြင်းဖြင့် အူတွင်းလှုပ်ရှားမှုကို ပိုမိုတိုးတက်ကောင်းမွန်စေသည်။ နှလုံး၊ ဆီးချို၊ သွေးချိုနှင့် ကင်ဆာရောဂါဖြစ်နိုင်ခြေကို ကာကွယ်ရန်ကူညီပေးသည်။ အမျှင်ဓာတ်ကြောင့် အူတွင်း အစာခြေလမ်းကြောင်းတွင်းရှိသော သေးငယ်သည့်အဏုဇီဝသက်ရှိရုပ်များအပေါ် အာဟာရဖြစ်ခြင်းကို အထောက်အကူပြုသည်။ ကိုလက်စထရောလျော့ကျနိုင်ခြင်းကြောင့် အူမကြီးကင်ဆာဖြစ်နိုင်ခြေကို နည်းပါးစေသည်။

**ကိုယ်အလေးချိန် လျော့ကျစေသော မုန်လာဥဖြူ**

မုန်လာဥဖြူစားခြင်းဖြင့် ကယ်လိုရီလျှော့ချပေးနိုင်သကဲ့သို့ ခန္ဓာကိုယ်တွင်း အဆီများစုဝေးခြင်းမှလည်း တားဆီးပေးသည်။ မုန်လာဥဖြူက အစာခြေခြင်းကို ကူညီပေးပြီး အမျှင်ဓာတ်ကြောင့် အူတွင်း ကျန်းမာရေးနှင့် ကျန်းမာသောကိုယ်အလေးချိန်ကိုထိန်းသိမ်းရန် ကူညီပေးသည်။ သွေးတွင်းသကြားဓာတ်ကို ထိန်းပေးသောကြောင့် ကြာရှည်အဆာခံခြင်းနှင့် သွေးတွင်းသကြားပါဝင်မှုနည်းပါးခြင်းကို ကာဗိုဟိုက်ဒရိတ်မှ ချေဖျက်နိုင်ခြင်းကြောင့် အကျိုးကျေးဇူးများအဖြစ် မုန်လာဥဖြူက ခန္ဓာကိုယ်အလေးချိန်ကိုလျှော့ချပေးနိုင်သည်။ မုန်လာဥဖြူထဲရှိ အာဟာရဓာတ်များက ခန္ဓာကိုယ်ကြွက်သားများကို ကောင်းမွန်စွာတည်ဆောက်စေနိုင်သည်။

**အမြင်အာရုံကိုကြည်လင်စေသော မုန်လာဥဖြူ**

မုန်လာဥဖြူသည် ဓာတ်တိုးမှုကို ဆန့်ကျင်နိုင်သောဂုဏ်သတ္တိရှိသည့် Anthocyanins ဟူသော ဒြပ်ပေါင်းအရင်းအမြစ်တစ်ခုဖြစ်သည်။ မုန်လာဥတွင်ပါဝင်သော ဗီတာမင်များ၊ သတ္တုဓာတ်များ၊ အင်တီအောက်စီးဒင့်များ ပေါင်းစပ်ခြင်းဖြင့် မျိုးရိုးဗီဇပြောင်းလဲခြင်းကြောင့် မျက်စိအမြင်လွှာကို ထိခိုက်စေသော မျက်စိရောဂါ၊ မျက်စိအမြင်ဝါးစေခြင်းတို့မှ ကာကွယ်ပေးနိုင်သည်။ မုန်လာဥဖြူတွင် အမျှင်ဓာတ်နှင့်ဗီတာမင်အများအပြားပါဝင်သော်လည်း သိုင်းရွိုက်ဟော်မုန်းထုတ်လုပ်ခြင်းကို ဖျက်ဆီးစေတတ်သောဒြပ်ပေါင်းများပါရှိသည်။ ယင်းသည် အိုင်အိုဒင်းဓာတ် သိုင်းရွိုက်ဂလင်းသို့ရောက်ရှိခြင်းကို ပိတ်ပင်ထားသောကြောင့် သိုင်းရွိုက်ဟော်မုန်း၏ အလုပ်လုပ်ဆောင်မှုကို နှောင့်နှေးစေသည်။

**အရွယ်တင်နုပျိုစေသော မုန်လာဥဖြူ**

နိုက်ထရိတ်ပါဝင်မှုကြောင့် ဦးနှောက်သို့ သွေးကောင်းမွန်စွာစီးဆင်းစေခြင်း၊ စိတ်ခံစားမှုနှင့် လုပ်ဆောင်မှုကိုတိုးတက်စေခြင်း၊ ဦးနှောက်ကျန်းမာရေးကို ပိုမိုကောင်းမွန်စေခြင်းတို့ဖြစ်စေသည်။ Betaine ဟူသော အာဟာရဓာတ်ကြောင့် အသည်း၏ လုပ်ငန်းဆောင်တာများကို အထောက်အကူပြုစေသည်။ နှလုံးရောဂါကဲ့သို့သော နာတာရှည်ရောဂါများကို လျော့ကျစေသည်။ နည်းပါးသောကယ်လိုရီနှင့်အမျှင်ဓာတ်ကြောင့် ကိုယ်အလေးချိန် လျော့ကျစေရန်ကူညီပေးသည်။ အသားအရေကောင်းမွန်စေရန် ထိမ်းသိန်းပေးနိုင်ပြီး အသားအရေစိုပြည်ကာ အရွယ်တင်နုပျိုစေသည်။ မုန်လာဥဖြူကိုစားခြင်းဖြင့် ဟေမိုဂလိုဗင်ထဲရှိ အောက်ဆီဂျင်ကို တိုးစေပြီး ကိုယ်ကာယကြံ့ခိုင်စေကာ သွေးအားနည်းခြင်းကို အကာအကွယ်ဖြစ်စေသည်။ ကိုယ်တွင်းသန့်စင်စေရန်၊ အဆိပ်အတောက်များကိုဖယ်ရှားရန်နှင့် အစာအိမ်သန့်ရှင်းစေရန် မုန်လာဥဖြူစားသုံးရမည်ဖြစ်သည်။ ထို့ပြင် အသားဝါရောဂါကိုထိန်းချုပ်နိုင်ရန်လည်း အထောက်အကူပြုသည်။ သွေးနီဥဆဲလ်များပြိုကွဲ၍ ထွက်လာသော ဘေးထွက်စွန့်ပစ်ပစ္စည်းဖြစ်သည့် Bilirubin ကို ထိန်းညှိပေးပြီး ကိုယ်တွင်းအောက်ဆီဂျင်ကို တိုးစေသည်။

**အသည်းနှင့်ကျောက်ကပ်ကို ကောင်းစေသော မုန်လာဥဖြူ**

မုန်လာဥဖြူသည် အသည်းနှင့် ကျောက်ကပ်တို့၏ လုပ်ငန်းဆောင်တာများကို ကောင်းမွန်စေသည်။ အသည်းမှ အဆိပ်အတောက်များကို ဖယ်ရှားခြင်း၊ အနာကျက်စေခြင်းတို့ကိုလုပ်ဆောင်ပေးပြီး ကျောက်ကပ်မှအဆိပ်အတောက်များကိုလည်း ဖယ်ရှားပေးသည်။ အသည်းနှင့် အစာခြေခြင်းကို ထောက်ပံ့နိုင်သည်။ အသည်းမှထုတ်သော သည်းခြေရည်သည် အစာခြေစနစ်တွင် အစာခြေရန်၊ အဆီများကို စီမံရန်နှင့် အဆိပ်အတောက်နှင့် မလိုလားအပ်သော ဘေးထွက်ပစ္စည်းများကို ဖယ်ရှားရန်ကူညီပေးသည်။ မုန်လာဥဖြူသည် ကျောက်ကပ်အတွက် အာဟာရဖြစ်စေသောအစားအစာဖြစ်သည်။ ယင်းတွင် ပိုတက်ဆီယမ်နှင့်ဖော့စဖရပ်အလွန်နည်းသည်။ မုန်လာဥဖြူတွင် ခန့်မှန်း ၁၅ ပတ်လည်ရှိသော GI တန်ဖိုးနည်းခြင်းကြောင့် ဆီးချို၊ သွေးချိုလျော့ကျစေရန် မုန်လာဥဖြူကို စားသုံးနိုင်သည်။ အရိုးအတွက် မုန်လာဥဖြူတွင်ပါဝင်သော ကယ်လ်စီယမ်သည် အထောက်အကူဖြစ်စေသည်။

**သဘာဝဆီးရွှင်ဆေး မုန်လာဥဖြူ**

အမျှင်ဓာတ်ပါဝင်မှုများသောကြောင့် အစာအိမ်တွင် အစာမကြေခြင်းဖြစ်စေသည်။ များများစားပါက ရေဓာတ်ခန်းခြောက်စေနိုင်သည်။ အဘယ်ကြောင့်ဆိုသော် ယင်းသည် သဘာဝဆီးရွှင်ဆေးဖြစ်သောကြောင့်ဖြစ်သည်။ မုန်လာဥဖြူသည် ဆီးရွှင်စေနိုင်သောကြောင့် များများစားပါက အထူးသဖြင့် ကိုယ်ဝန်ဆောင်အမျိုးသမီးများအတွက် သွားရလာရအဆင်မပြေဖြစ်တတ်သည်။

**ကင်ဆာအကျိတ်ရှိသူများ စားသင့်သော မုန်လာဥဖြူ**

မုန်လာဥဖြူတွင် ဓာတ်တိုးဆန့်ကျင်မှုကိုကာကွယ်ပေးသော ဗီတာမင်ဓာတ်များ၊ ဖောလစ်အက်စစ် နှင့် Anthocyanins ဓာတ်များ ပေါင်းစပ်ဖွဲ့စည်းထားသောကြောင့် ကင်ဆာဖြစ်စေသောအရာများကိုတိုက်ထုတ်ပေးပြီး ခန္ဓာကိုယ်တွင် ကင်ဆာကျိတ်များမဖြစ်အောင် ကာကွယ်ပေးသည်။ အထူးသဖြင့် အူမကြီး၊ အစာအိမ်၊ အူသိမ်နှင့်ကျောက်ကပ်ကင်ဆာများအတွက် ကောင်းကျိုးပြုသည်။ ဓာတ်တိုးဆန့်ကျင်ပစ္စည်းများ ပါဝင်ခြင်းကြောင့် စိုးရိမ်ကြောင့်ကြစိတ်နှင့် ရောင်ရမ်းခြင်းကို လျော့ကျစေသည်။ မုန်လာဥအရည်ကို စွပ်ပြုတ်ရည်အဖြစ်သော်လည်းကောင်း၊ အသားပြုတ်ရည်နှင့်ရော၍ သောက်သုံးခြင်းဖြင့်သော်လည်းကောင်း ဓာတ်တိုးခြင်းကိုလျော့ကျစေပြီး Free Radical များကို ပျက်စီးစေသည်။ အသည်းရှိ ဆဲလ်များကို ကာကွယ်ပေးသည့်အပြင် ဆဲလ်အသစ်များ ထပ်မံပွားများစေသည်။

**ကျောက်ကပ်ဝေဒနာရှင်များ စားသင့်သော မုန်လာဥဖြူ**

ကျောက်ကပ်ဝေဒနာခံစားနေရသူများ၊ ကျောက်ကပ်ရောင်နေသူများ၊ ကျောက်တည်နေသူများ၊ အူကျနေသူများနှင့် ရောဂါကြောင့် နုံးချည့်အော့အန်ခြင်း၊ ခါးနာခါးကိုက်နေသောသူများသည်မုန်လာဥဖြူတစ်လုံးကို သန့်စင်အောင်ဆေးကြောပြီး ကြိတ်၍ အဖတ်များကို စစ်ထုတ်ပြီး အရည်ကို သောက်ပေးရမည်ဖြစ်သည်။ ယင်းအရည်သည် ကျောက်ကပ်ကိုဆေးကြောပေးသည်။ မုန်လာဥဖြူကို သံပရာသီးနှင့်နှပ်ပြီး အစိမ်းသုပ်စားပါက ပိုမိုဆေးဖက်ဝင်သည်။ ကြက်သွန်ဖြူ ပုစွန်ခြောက်၊ ဆန်မှုန့်၊ ကော်မှုန့်၊ ဆားတို့ရောထည့်ပြီး မုန်လာဥဖြူပြုတ်ဖြင့် ပေါင်း၍ရောကြိတ်ကာ မုန်လာဥဖြူ အော်ကွေ့ကြည်အဖြစ် ကြော်စားနိုင်သည်။ မုန်လာဥဖြူကို အစပ်၊ အချဉ်ချက်စားနိုင်သကဲ့သို့ အသားများနှင့် သားပြွမ်းချက်စားနိုင်သည်။ ကိုရီးယားကြက်ကြော်နှင့်အတူ တွဲဖက်စားသုံးသည်မှာ မုန်လာဥဖြူဆားရည်စိမ် (ကင်ချီ) ဖြစ်သည်။ မုန်လာဥဖြူကို ပိုးတီလှီးကာ ရှလကာရည်၊ သကြားနှင့် ဆားထည့်၍ တစ်ညသိပ်ထားပြီးနောက် ပါးပါးလှီးကာ နှမ်းနက်၊ ကြက်သွန်စိမ်း၊ ကြက်သွန်နီကြော်၊ ဆီချက်၊ ဆားနှင့် အရသာမှုန့်တို့ထည့်ကာ သုပ်စားနိုင်သည်။ အထူးသဖြင့် ကျောက်ကပ် ဝေဒနာရှင်များအတွက် မုန်လာဥဖြူကိုအရည်ညှစ်၍ သော်လည်းကောင်း၊ သုပ်၍သော်လည်းကောင်း၊ အချဉ်တည်၊ အချိုချက်၍သော်လည်းကောင်း၊ အရည်သောက်အဖြစ်သော်လည်းကောင်း အမျိုးမျိုးစားသုံးခြင်းဖြင့် ယင်း၏အာဟာရဓာတ်များကို ကျန်းမာသော ခန္ဓာကိုယ်အတွက် လိုအပ်သလို ရယူနိုင်သည်။

**မုန်လာဥဖြူနှင့်အတူတွဲ၍ မစားသင့်သောအစာများ**

မုန်လာဥဖြူသည် လူမျိုးဘာသာမရွေး စားသုံးရန်သင့်သော ဟင်းလျာတစ်မျိုးဖြစ်သော်လည်း ယင်းနှင့်အတူတွဲ၍စားပါက အန္တရာယ်ရှိသောကြောင့် မစားသင့်သောအရာများကို သိထားသင့်သည်။ သခွားသီးနှင့် မုန်လာဥဖြူကို အတူမစားသင့်ပေ။ သခွားသီးတွင်းရှိ အက်စကော့ဗစ်သည် ဗီတာမင် C စုပ်ယူမှုကို အနှောင့်အယှက်ပေးနိုင်သည်။ ထို့အတူ လိမ္မော်သီးနှင့်လည်း အတူတွဲ၍မစားသင့်ပေ။ တချို့အစာပေါင်းစပ်မှုများသည် အစာအိမ်တွင်း ဓာတ်မတည့်မှုဖြစ်စေနိုင်သည်။ မုန်လာဥဖြူနှင့် နွားနို့၊ မုန်လာဥဖြူနှင့် သခွားသီး၊ မုန်လာဥဖြူနှင့်လိမ္မော်သီး၊ မုန်လာဥဖြူနှင့် ဘူးသီး၊ မုန်လာဥဖြူနှင့် လက်ဖက်ရည်တို့ကို အတူတွဲ၍မစားသင့်ပေ။ ကျန်းမာရေးပြဿနာရှိနိုင်သည်။

**မုန်လာဥဖြူကို မစားသင့်သောသူများ**

မုန်လာဥဖြူသည် လူမျိုးဘာသာမရွေး စားသုံးရန်သင့်သည်ဟု ဆိုခဲ့သော်လည်း ကျန်းမာရေးရှုထောင့်အရ မုန်လာဥဖြူသည် သွေးတွင်းသကြားဓာတ်ကိုလျော့ကျစေနိုင်၍ သွေးပေါင်ကျနိုင်သူများ ရှောင်ရှားသင့်ပြီး သည်းခြေကျောက်တည်သူများလည်း မုန်လာဥဖြူကိုရှောင်ရှားသင့်သည်။ သို့ရာတွင် မုန်လာဥဖြူတွင် သံဓာတ်လုံလောက်စွာပါရှိနေသောကြောင့် သွေးအားကောင်းစေကာ နှလုံး၏လုပ်ဆောင်မှုများကိုလည်း ကောင်းကျိုးသက်ရောက်စေကြောင်း ရေးသားဖော်ပြလိုက်ရပါသည်။

ဒေါက်တာလပြည့်ခင်

## ၂၀၂၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာသန်းခေါင်စာရင်း

- ၂၀၂၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာသန်းခေါင်စာရင်းကို ၂၀၂၄ ခုနှစ် အောက်တိုဘာလ(၁) ရက်နေ့မှစတင်၍ တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် ကောက်ယူခဲ့ပြီးဖြစ်ပါသည်။
- ယခုအခါ ၂၀၂၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာသန်းခေါင် စာရင်း၏ ရွှေ့ပြောင်းလူဦးရေစာရင်းကို (၃၁-၁၂-၂၀၂၄)ရက်နေ့တွင် ထုတ်ပြန်သွားပါမည်။
- စာရင်းအချက်အလက်များရယူလိုပါက ပြည်သူ့အင်အားဦးစီးဌာန၏ Website www.dop.gov.mm တွင် ရယူနိုင်ပါသည်။

# နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ မူလတန်းကြိုကျောင်းများ၌ ကာယစွမ်းရည်ပြိုင်ပွဲနှင့် ဆုပေးအပ်ပွဲကျင်းပ



**နေပြည်တော် ဒီဇင်ဘာ ၂၅**

နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ မူလတန်းကြိုကျောင်းများမှ သားငယ်၊ သမီးငယ်လေးများ၏ ကာယစွမ်းအားဖွံ့ဖြိုးတိုးတက်စေရန် ကာယစွမ်းရည်ပြိုင်ပွဲနှင့် ဆုပေးအပ်ပွဲအခမ်းအနားကို ဒီဇင်ဘာလ ၂၄ ရက်တွင် ပုဗ္ဗသီရိမြို့နယ် သီရိရတနာမူလတန်းကြိုကျောင်း၌ ကျင်းပရာ နေပြည်တော်လူမှုဝန်ထမ်းရုံးမှ ညွှန်ကြားရေးမှူး ဒေါ်ဥမ္မာဆွေနှင့်တာဝန်ရှိသူများ၊ မိဘဆရာအသင်းမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အဆိုပါ ကာယစွမ်းရည်ပြိုင်ပွဲများတွင် ရိုးရိုးပြေး၊ အရောင်ရွေး၊ ဦးထုပ်ဆောင်းပြေး၊ အရုပ်ထောင်၊ပင်ပေါင်ဖွန်းကိုက်၊ အကောင်ရွေး၊ မုန့်စားပြိုင်ပွဲ၊ ပူဖောင်းဖောက်၊ အာလူးကောက်၊ အသီးရွေးသစ်သားတုံးစီ၊ အင်္ကျီဝတ်နှင့် ဆန်ကောရွက်ပြိုင်ပွဲများကို ကျင်းပရာ ဆုရရှိသည့် သားငယ်၊ သမီးငယ်လေးများအား ညွှန်ကြားရေးမှူး ဒေါ်ဥမ္မာဆွေနှင့် တာဝန်ရှိသူများ၊ မိဘဆရာအသင်းမှ တာဝန်ရှိသူများက ဆုများအသီးသီးပေးအပ်ကြသည်။

အလားတူ နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ မူလတန်းကြိုကျောင်းများတွင်လည်း ကလေးငယ်များ၏ ကာယစွမ်းရည်ပြိုင်ပွဲများကို ဒီဇင်ဘာလအတွင်း အသီးသီး ကျင်းပကြောင်း သိရှိရသည်။

(၄၁၃)

## မြဝတီရုပ်မြင်သံကြားအစီအစဉ်

၂၆-၁၂-၂၀၂၄ (ကြာသပတေးနေ့)

၁။ ၀၆:၀၃ တရားတော်
၂။ ၀၇:၂၀ မေတ္တာပို့
၃။ ၀၇:၂၅ ဓမ္မပူဇာတေး
၄။ ၀၇:၃၀ ကိုယ်လက်လှုပ်ရှားအားကစား
၅။ ၀၇:၅၀ မြန်မာ့ရှုခင်း
၆။ ၀၈:၀၀ မြဝတီရုပ်မြင်သံကြားသတင်း
၇။ ၀၈:၃၅ သုတရသစုံလင်ဗဟုသုတပုံပြင်
၈။ ၀၉:၂၅ ရင်မှာစွဲလမ်းတော်ဝင်ပန်း
၉။ ၁၀:၅၀ သာယာသီကြွေးခေတ်ဆန်းတေး
၁၀။ ၁၁:၁၅ ပြည်သူ့ကြားကပြည်သူ့စကား
၁၁။ ၁၁:၃၅ ပန်းရောင်စုံသင်းပျံ့မွှေး မြန်မာတိုင်းရင်းဆေး
၁၂။ ၁၆:၂၅ မျိုးချစ်တပ်မတော်
၁၃။ ၁၆:၃၅ မြန်မာသံစဉ်ချိုနားဝင်
၁၄။ ၁၇:၀၀ မြဝတီရုပ်မြင်သံကြားသတင်း
၁၅။ ၁၇:၁၀ အမျိုးသားရေးတေးကဗျာ
၁၆။ ၁၇:၅၀ စာဆိုစစ်သည်ကလောင်ရှင်များ
၁၇။ ၁၈:၀၀ မြဝတီရုပ်မြင်သံကြားသတင်း
၁၈။ ၁၉:၃၀ ရုပ်မြင်သံကြားဇာတ်လမ်း **ကမ္ဘာတည်သရွေ့တည်ရှိနေမည် ငါတို့ရဲ့အမွေ အပိုင်း(၂) သရုပ်ဆောင် ဟိန်းကိုကိုကျော်၊ သင်ဇာမြင့်မိုရ် ဒါရိုက်တာ ကျော်နှင်းဆီ**

### MWD Variety Channel

၁။ ၀၉:၃၇ လောကကိုအလှဆင်ပန်းတို့ ဥယျာဉ်
၂။ ၁၁:၂၈ ကဗျာအလှ ရသလွှင်ပြင်
၃။ ၁၃:၄၉ စားရေရိက္ခာဖူလုံဖို့ စိုက်ပျိုးမွေးမြူထုတ်လုပ်စို့
၄။ ၁၄:၃၆ The Beautiful Land
၅။ ၁၆:၁၈ အားကစားနည်း သမိုင်းကြောင်း
၆။ ၁၇:၄၃ ကြယ်ပွင့်များရဲ့ခြေလှမ်းသစ်
၇။ ၁၈:၃၀ ထုတ်လွှင့်ပြန်ကြား သတင်းမှန်များ

## ကောင်းသတင်းစွဲတဲ့ကျောင်းဆင်းပွဲ

* အမျိုးသမီးများရယ်က
အမျိုးသားများ နည်းတူ၊
စိတ်ဓာတ်ခိုင် ဖွဲနပဲရယ်နဲ့
ရဲရင့်တဲ့သူ၊
အထင်ကရပါကွဲ့
သခင်မရယ်တို့ တံခွန်ထူ
တာဝန်ယူ တစ်တပ်တစ်အား။
လွတ်လပ်ရေး သမိုင်းတစ်လျှောက်
ထွန်းတောက်ထင်ရှား။

* ခုအခါ အမျိုးသမီးများ
နိုးကြားလို့ အမြင်ကျယ်၊
နိုင်ငံတော်ဖွံ့ဖြိုးရေးနဲ့
နိုင်ငံတော်ကာကွယ်ပေးမယ့်
သွေးသတ္တိကြွယ်၊
အားမာန်အပြည့်ရယ်နဲ့
ထွားသန်သည့်သမီးငယ်
ခံ့ထယ်(ထည်)လို့ တင့်ပေတောင်း။
ခေတ်ပညာ ဘွဲ့အသီးသီးနဲ့
အမျိုးသမီးဗိုလ်လောင်း။

* အမျိုးသမီး ဗိုလ်လောင်းများ
လှုပ်ရှားမှု သွက်လက်သည်၊
ကျရာဝန် ပွန်အောင်ထမ်းမယ့်
ခြေလှမ်းကညီ၊
နိုင်ငံအတွက် သစ္စာတည်
ပြည်သူအတွက် သစ္စာထား။
မျိုးရိုးဂုဏ် သစ္စာစောင့်တဲ့
ဖြောင့်မတ်သူများ။

* သင်တန်းမှာ လေ့ကျင့်ကြ
ကျင့်သားရ စွမ်းရည်
ထက်မြက်လှသည်၊
ကောင်းသတင်းစွဲပါတဲ့
"ကျောင်းဆင်းပွဲ ခြိမ့်ခြိမ့်စည်
ရွှင်ကြည်လို့ တပျော်တပါး" ။
"နှလုံးရည်နဲ့ လက်ရုံးရည်
ခေတ်မီတဲ့အင်အား" ။
အမိန့်နာယူလို့
ပြည်သူကို အလုပ်အကျွေးပြုမယ့်
ပြည်သူ့သမီးများ။ ။

ရေနံ့သာမောင်ကျော်ညွှန့်

# ငပုတောမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဒီဇင်ဘာလတတိယပတ်အထိ နေလှန်းဆားပိဿာ ၆၀၀၀၀ ကျော် တင်ပို့ရောင်းချနိုင်ခဲ့



ငပုတော ဒီဇင်ဘာ ၂၅

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ငပုတောမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဒီဇင်ဘာလတတိယပတ်အထိ ဒေသထွက် နေလှန်းဆားပိဿာ ၆၀၀၀၀ ကျော် တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ငပုတောမြို့နယ်မှ ဆားထုတ်လုပ်ရောင်းဝယ်ရေးလုပ်ငန်း လုပ်ကိုင်သူ ဒေါ်မိုးသူ၏ပြောပြချက်အရ သိရသည်။

ငပုတောမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ နိုဝင်ဘာလတစ်လတာကာလအတွင်း ဒေသထွက်နေလှန်းဆား ပိဿာ ၈၃၀၀၀ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဒီဇင်ဘာလ တတိယပတ်အထိ နေလှန်းဆား ပိဿာ ၆၀၀၀၀ ကျော်တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

''ငပုတောမြို့နယ်ကနေ ဒေသထွက် နေလှန်းဆားတွေကို ရန်ကုန်ဈေးကွက်ကို တင်ပို့ရောင်းချနေပါတယ်။ တင်ပို့ရောင်းချခဲ့တဲ့ ဆားတွေက လက်ကျန် နေလှန်းဆားတွေဖြစ်ပါတယ်။ အခုလို အရောင်းအဝယ်ကောင်းလာတော့ ဆားထုတ်လုပ်တဲ့လုပ်ငန်းနဲ့ ဆက်စပ်တဲ့သူတွေ အလုပ်အကိုင်အခွင့်အလမ်းရရှိပြီး အဆင်ပြေလာတယ်။ ဒီဘက်ကထွက်တဲ့ နေလှန်းဆားတွေကအရည်အသွေးလည်း ကောင်းတယ်''ဟု ဒေါ်မိုးသူကပြောသည်။

ငပုတောမြို့နယ်၌ ဒေသထွက်နေလှန်းဆားများကို ဆားလုပ်ငန်းလုပ်ကိုင်သူများက စနစ်တကျထုပ်ပိုးပြီး ရန်ကုန်ဈေးကွက်သို့ အဓိကထားတင်ပို့ရောင်းချလျက်ရှိသည်။ အဆိုပါဒေသထွက် နေလှန်းဆားများကို ငါးပိ၊ ငါးခြောက်၊ ငံပြာရည် စသည့်လုပ်ငန်းများတွင် အဓိကအသုံးပြုကြကြောင်း သိရသည်။

သုတကျော်

# ကွန်ပျူတာတက္ကသိုလ်(ပြည်)၌ မူးယစ်ဆေးဝါးဆန့်ကျင်ရေး အသိပညာပေးဟောပြောပွဲကျင်းပ



ပြည် ဒီဇင်ဘာ ၂၅

ပဲခူးတိုင်းဒေသကြီး ပြည်မြို့နယ်ရှိ ကွန်ပျူတာတက္ကသိုလ်(ပြည်)၌ မူးယစ်ဆေးဝါးဆန့်ကျင်ရေး အသိပညာပေးဟောပြောပွဲကို ဒီဇင်ဘာလ ၂၄ ရက်က ကျင်းပသည်။

ရှေးဦးစွာ ကွန်ပျူတာတက္ကသိုလ် (ပြည်) ဒုတိယပါမောက္ခချုပ် ဒေါက်တာယုဇနက ဟောပြောပွဲနှင့်ပတ်သက်၍ ကျောင်းသား၊ ကျောင်းသူများအား အမှာစကားပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံမူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း၊ ပဲခူးတိုင်းဒေသကြီး(အနောက်ပိုင်း)တိုင်းခွဲ အလုပ်အမှုဆောင်ဦးအောင်သန်းဦး(ဥပဒေအရာရှိ-ငြိမ်း)က မူးယစ်ဆေးဝါးနှင့်စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအကြောင်းသိကောင်းစရာများကို လည်းကောင်း၊ မြန်မာနိုင်ငံမူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း ပဲခူးတိုင်းဒေသကြီး(အနောက်ပိုင်း)တိုင်းခွဲ ဥက္ကဋ္ဌ ဦးရဲထွဋ်(ဥပဒေအရာရှိ-ငြိမ်း)က မူးယစ်ဆေးဝါး၏ ကြောက်စရာကောင်းသောဘေးအန္တရာယ်နှင့် ပြည်သူ့နီတိ ခေါင်းစဉ်ဖြင့် မူးယစ်ဆေးဝါး ဆိုးကျိုးအန္တရာယ်များအကြောင်းနှင့် မူးယစ်ဆေးဝါးဆိုင်ရာသိမှတ်ဖွယ်ရာအကြောင်းများအပါအဝင် လူငယ်ဘက်စုံဖွံ့ဖြိုးရေးပြည်သူ့နီတိအကြောင်းများကိုလည်းကောင်း အသိပညာပေးဆွေးနွေးကြသည်။

အဆိုပါဟောပြောပွဲကို ကျောင်းသား၊ ကျောင်းသူလူငယ်မောင်မယ်များ မူးယစ်ကင်းစင်ပြီး ဘက်စုံအသိပညာဗဟုသုတများ ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရန် ရည်ရွယ်ဆောင်ရွက်ခြင်းဖြစ်ကြောင်းနှင့် ဟောပြောပွဲသို့ ကွန်ပျူတာတက္ကသိုလ်(ပြည်) ဒုတိယပါမောက္ခချုပ်နှင့် ဆရာ၊ ဆရာမများ၊ ဝန်ထမ်းများနှင့် ကျောင်းသား၊ ကျောင်းသူများတက်ရောက်ကြကြောင်း သိရသည်။

ကိုဆက်(ပြန်/ဆက်)

# သာစည်မြို့နယ် ကုန်းတောင်းတောင်ကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်း လုပ်ငန်းဆောင်ရွက်ပြီးစီးမှု ကွင်းဆင်းစစ်ဆေး

သာစည် ဒီဇင်ဘာ ၂၅

မန္တလေးတိုင်းဒေသကြီး သာစည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ယခုဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်း (VDP)အကောင်အထည်ဖော်ဆောင်ရွက်နေသည့် ကုန်းတောင်းကျေးရွာအုပ်စု ကုန်းတောင်းတောင်ကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုကို ဒီဇင်ဘာလ ၂၄ ရက်က တာဝန်ရှိသူများကွင်းဆင်းစစ်ဆေးကြသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် သာစည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မြသက်ဝင်းနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက ကျေးရွာကော်မတီဝင်များနှင့်အတူ ကုန်းတောင်းတောင်ကျေးရွာ၌ အရှည်ပေ ၆၆၀၊ အကျယ် ၁၂ ပေ၊ ထု ၆ လက်မရှိ ကျေးရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်း လုပ်ငန်းဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် မြို့နယ်ဦးစီးမှူးက ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များ၊ ကျေးရွာသူ၊ ကျေးရွာသားများနှင့်တွေ့ဆုံကာ လုပ်ငန်းဆောင်ရွက်နေမှုနှင့်ပတ်သက်၍ လိုအပ်သည်များ ညှိနှိုင်းဆွေးနွေးသည်။

VDP စီမံကိန်းဖြင့် ကုန်းတောင်းတောင်ကျေးရွာ၌ နိုင်ငံတော်မှပံ့ပိုးငွေ ငွေကျပ်သိန်း ၁၅၀၊ ပြည်သူထည့်ဝင်ငွေ ငွေကျပ် ၅၇၅၀၀၀၀ ဖြင့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ နည်းပညာပံ့ပိုးကူညီကာ ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များဦးဆောင်၍ ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ယခုနှစ် ဇူလိုင်လ တတိယပတ်မှစ၍ လုပ်ငန်းများအကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

ဟိန်းထက်စိုး(မလှိုင်)

# ရပ်စောက်မြို့နယ် စမ်းရေဦးခေတ်မီစံပြကျေးရွာ၌ ယာဉ်စည်းကမ်း လမ်းစည်းကမ်း အသိပညာပေးဟောပြော

ရပ်စောက် ဒီဇင်ဘာ ၂၅

ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးခရိုင် ရပ်စောက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကျေးလက်နေပြည်သူများ ယာဉ်စည်းကမ်း လမ်းစည်းကမ်းဆိုင်ရာ အသိပညာဗဟုသုတများရရှိစေရန်ရည်ရွယ်၍ ယာဉ်စည်းကမ်း လမ်းစည်းကမ်း အသိပညာပေးဟောပြောပွဲကို ဒီဇင်ဘာလ ၂၅ ရက်တွင် စမ်းရေဦးခေတ်မီစံပြကျေးရွာ၌ ကျင်းပသည်။

ရှေးဦးစွာ ရပ်စောက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးရှေးရယ်က ယာဉ်စည်းကမ်း လမ်းစည်းကမ်း အသိပညာပေးဟောပြောပွဲကျင်းပရခြင်း၏ ရည်ရွယ်ချက်များနှင့် အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် မြို့နယ်ရဲတပ်ဖွဲ့မှ ဒုတိယရဲအုပ်ဝင်းသိန်းက ယာဉ်အန္တရာယ် အဓိကဖြစ်စေသည့် အကြောင်းအရာများ၊ မီးပွိုင့်များ၏ စည်းကမ်းသတ်မှတ်ချက်များ၊ ယာဉ်ကြောများ၏ သတ်မှတ်ချက်များ၊ ယာဉ်မောင်းလိုင်စင်ကိစ္စရပ်များ၊ လိုင်စင်မဲ့ယာဉ်အန္တရာယ်များ၊ တယ်လီဖုန်းပြောခြင်း တားမြစ်ချက်များ၊ ဆိုင်ကယ်ဦးထုပ်ဆောင်း၍စီးကြရန်နှင့် မေးသိုင်းကြိုးကို စနစ်တကျ တပ်ဆင်ထားကြရန် ကိစ္စရပ်များ၊ ယာဉ်အန္တရာယ်ဖြစ်မှုဆိုင်ရာကိစ္စရပ်များ၊ ယာဉ်အန္တရာယ်နှင့်ပတ်သက်၍ ပြည်သူများ ပူးပေါင်းဆောင်ရွက်ရန် လိုအပ်သည့်ကိစ္စရပ်များ၊ ခြေကျင်လျှောက်သူများ လိုက်နာရမည့်အချက်များ၊ လမ်းအမှတ်အသားများ၏ အဓိပ္ပာယ်များကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် တက်ရောက်လာသည့် ဌာနဆိုင်ရာတာဝန်ရှိသူများက ယာဉ်စည်းကမ်း လမ်းစည်းကမ်း အသိပညာပေးလက်ကမ်းစာစောင်များကို ကျေးရွာသူ၊ ကျေးရွာသားများ၊ ကျောင်းသား၊ ကျောင်းသူများထံ ဖြန့်ဝေပေးကြောင်း သိရသည်။

ချိုသန်းညွန့်(ကျေးလက်)

# တောင်ငူခရိုင်နှင့် ညောင်လေးပင်ခရိုင်အတွင်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး ကွင်းဆင်းဖြည့်ဆည်းဆောင်ရွက်ပေး



ပဲခူး ဒီဇင်ဘာ ၂၅

ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းသည် အစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့်အတူ ယမန်နေ့ မွန်းလွဲပိုင်းက တောင်ငူခရိုင်နှင့် ညောင်လေးပင်ခရိုင်အတွင်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေး ကွင်းဆင်းဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။

ရှေးဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်သည် တောင်ငူမြို့ အမှတ်(၂၀)ရပ်ကွက်၌ ၁၉၆၉ ခုနှစ်ကတည်းက ဒေသကြက်သားပေါက်မွေးမြူရေးနှင့် ဖြန့်ဖြူးရေးလုပ်ငန်း ဆောင်ရွက်လျက်ရှိသည့် ဦးစောအယ်ဒို၏ ဒေင်မွေးမြူရေးခြံ ဒေသကြက်သားပေါက်စက်ရုံအတွင်း လှည့်လည်ကြည့်ရှုသည်။

ထို့နောက် အစိုးရစက်မှုလက်မှုသိပ္ပံ(တောင်ငူ)သို့ ရောက်ရှိပြီး အစည်းအဝေးခန်း၌ ကျောင်းအုပ်ဆရာမကြီးက အစိုးရစက်မှုလက်မှုသိပ္ပံ(တောင်ငူ)၏သမိုင်းကြောင်းနှင့် သင်ကြားရေးဆိုင်ရာကိစ္စရပ်များအား ရှင်းလင်းတင်ပြပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ကျောင်းသား၊ ကျောင်းသူများ၏ ဘာသာရပ်အလိုက် လက်တွေ့သင်ခန်းစာပြုလုပ်ထားသည့် သင်ကြားရေး အထောက်အကူပြုပစ္စည်းများအား လှည့်လည်ကြည့်ရှုအားပေးကာ ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ခဲ့သည်။

၎င်းနောက် ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများအား တောင်ငူမြို့နယ် ဇီးပင်သာကျေးရွာအုပ်စုရှိ ပဲစိုက်ခင်းများ၌ အစိုးရစက်မှုလက်မှုသိပ္ပံ(တောင်ငူ)၏ စက်မှုအင်ဂျင်နီယာကျောင်းသား၊ ကျောင်းသူများက သင်ကြားခဲ့သည့် ဘာသာရပ်များအား ကိုးကား၍ Portable Agricultural Wheel Sprayer "ဘီးလည်အားအသုံးပြုပြီး လွယ်ကူရိုးရှင်းသော ပဲဆေးဖျန်းစက်" တီထွင်ထားရှိမှုနှင့် လက်တွေ့အသုံးချနေမှုတို့အား သွားရောက်ကြည့်ရှုအားပေးသည်။

အဆိုပါ ဆေးဖျန်းစက်သည် စက်သုံးဆီမလိုအပ်ဘဲ ပုံမှန်ပုံးဖြင့်ဆေးဖျန်းခြင်းထက် ခြောက်ဆခန့် ပိုမိုမြန်ဆန်လျက်ရှိရာ ဒေသခံတောင်သူများ အကြိုက်တွေ့လျက်ရှိပြီး ဘက်ပေါင်းစုံမှ ပြီးပြည့်စုံကောင်းမွန်စေရေးအတွက် နည်းပညာနှင့် ပံ့ပိုးရန် လိုအပ်ချက်များအား တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ယင်းနောက် ကျောက်တံခါး-ဖဒိုလမ်းဘေးဝဲယာတစ်လျှောက် ပဲတီစိမ်းစိုက်ခင်းများ စိုက်ပျိုးအောင်မြင်ဖြစ်ထွန်းနေမှုအား မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးသည်။ ညောင်လေးပင်ခရိုင် ဒိုက်ဦးမြို့နယ် ပျဉ်းမလွင်ကျေးရွာ၌ သီးထပ်စွမ်းအင်တိုးတက်စေရေးအတွက် အစိုးရအဖွဲ့အစီအစဉ်ဖြင့် စိုက်ပျိုးရေရရှိရေး ဆောင်ရွက်ပေးနိုင်ခဲ့သဖြင့် တစ်ကွင်းတစ်ဆက်တည်း ဧက ၅၀၀ နွေစပါးနှစ်သီး စိုက်ပျိုးအောင်မြင်ဖြစ်ထွန်းနေခြင်းဖြစ်သည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်သည် ဒိုက်ဦးမြို့နယ် လက်ခုပ်ကွင်းကျေးရွာ၌ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် ဒေသကြက်၊ ဥစားဘဲနှင့် ဒေသဆိတ်များ စီးပွားဖြစ်မွေးမြူနိုင်ရေး မွေးမြူရေးခြံများ တည်ဆောက်နေမှုနှင့် ကျိုက်စကောအရှေ့ကျေးရွာ၌ ဦးမောင်ကြည်၏ ဒေသကြက်ကောင်ရေ ၄၅၀၀ မွေးမြူထားရှိမှုတို့အား ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးကြောင်း သိရသည်။

(၄၀၁)၊ တင်စိုး(ပဲခူး)

# ငွေဆောင်ကမ်းခြေ၌ ပြည်တွင်းပြည်ပခရီးသွား ဧည့်သည်များဖြင့် စည်ကား



ငွေဆောင် ဒီဇင်ဘာ ၂၅

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ငွေဆောင်မြို့ ငွေဆောင်ကမ်းခြေ၌ ယနေ့ ခရစ္စမတ်နေ့တွင် အနယ်နယ်အရပ်ရပ်မှ လာရောက်အပန်းဖြေကြသော ပြည်တွင်းပြည်ပခရီးသွားဧည့်သည်များဖြင့် စည်ကားလျက်ရှိကြောင်း သိရသည်။

ငွေဆောင်ကမ်းခြေသည် ပင်လယ်ကမ်းရိုးတန်းရှည်လျားခြင်း၊ သဲသောင်ပြင်သန့်ရှင်းခြင်း၊ ပင်လယ်ရေကြည်လင်ခြင်းတို့ကြောင့် ပြည်တွင်းပြည်ပ ခရီးသွားဧည့်သည်များ အမြဲမပြတ်လာရောက်လည်ပတ်လျက်ရှိသည်။ ယနေ့တွင် ငွေဆောင်မြို့ထဲရှိ အမှတ်တရပစ္စည်း အရောင်းဆိုင်များတွင် ဈေးဝယ်ယူနေကြသူများ၊ ကမ်းခြေတွင်လမ်းလျှောက်ကြသူများ၊ အပန်းဖြေနေကြသူများ၊ ရေကူးကြသူများ၊ Speed Boat၊ Banana Boat စီးကြသူများ၊ ငွေဆောင်၏ အထင်ကရကျွန်းများဖြစ်သော မြွေကျွန်း၊ လိပ်ကျွန်း၊ ငှက်ကျွန်း၊ ဆင်မကျွန်း၊ ကျွန်းလျားရှည်၊ ချစ်သူများကျွန်း၊ ဘုရားသုံးဆူနှင့် ငွေဆောင်ဆင်စခန်းသို့ သွားရောက်လည်ပတ်ကြသူများဖြင့် စည်ကားလျက်ရှိနေကြောင်း သိရသည်။

ကျော်လင်းဦး(ငွေဆောင် ပြန်/ ဆက်)

◆ ကျောဖုံးမှအဆက်

သဘာဝအခြေခံခရီးသွားလုပ်ငန်းကို ဖော်ဆောင်လျက်ရှိကြောင်း သိရသည်။

"သဘာဝတောထဲမှာရှိတဲ့ အပန်းဖြေစခန်းတစ်ခုဖြစ်တဲ့အတွက် မြို့ပြနဲ့ခြားနားတဲ့အထိအတွေ့သဘာဝခံစားမှုကို ခရီးသွားတွေနှစ်ခြိုက်ကြပါတယ်။ လတ်ဆတ်တဲ့ ပင်လယ်လေကိုရှူရင်း သဲသောင်ပြင်မှာ နေပူဆာလှုံတာ၊ ရေငုပ်ပြီး သန္တာကျောက်တန်းနဲ့ ရေအောက်အလှကြည့်တာ၊ ကမ်းခြေက လှိုင်းနဲ့ ကနူးကယက်လှေလှော်ပြီး အပန်းဖြေတာကို နှစ်ခြိုက်ကြတယ်။ တချို့က တောတွင်းလမ်းလျှောက်ပြီး ငှက်ကြည့်ကြတယ်။ အဓိက ခရီးသွားတွေ လာရောက်လည်ပတ်တယ်ဆိုတာက သဘာဝအခြေခံခရီးသွား ကောင်းမွန်တဲ့နေရာတစ်ခုဖြစ်လို့ပါ" ဟု လန်ပိအဏ္ဏဝါအမျိုးသားဥယျာဉ် အုပ်ချုပ်ရေးမှူး ဦးကြည်ဦးက ပြောသည်။

လန်ပိအဏ္ဏဝါအမျိုးသားဥယျာဉ်တွင် နို့တိုက်သတ္တဝါ ၄၀ ခန့်၊ ငှက်မျိုးစိတ် ၂၈၈ မျိုး၊ ငါးမျိုးစိတ် ၄၂ မျိုး၊ ကဏန်း/ ပုစွန် ၄၂ မျိုး၊ အပင်ငယ် ၁၃၆ မျိုး၊ ကုန်းနေ/ ရေနေအကောင်ငယ် ၁၅၁ မျိုး၊ သစ်တောမျိုးစိတ် ၁၉၆ မျိုး၊ ဒီရေတောအပင် ၆၃ မျိုးနှင့် ပင်လယ်မြက် ကိုးမျိုးတို့ ရှင်သန်လျက်ရှိပြီး ကမ္ဘာပေါ်၌ အောက်ချင်းငှက် ၆၁ မျိုးရှိရာ၌ မြန်မာနိုင်ငံတွင် အောက်ချင်းငှက် ၁၁ မျိုးရှိရာ မြိတ်ကျွန်းစု၌ အောက်ချင်းငှက် ကိုးမျိုး နေထိုင်ကျက်စားလျက်ရှိသည်။

ဇီဝမျိုးစုံမျိုးကွဲနှင့် ဂေဟစနစ်များ ထူးခြားစွာတည်ရှိနေသည့် လန်ပိအဏ္ဏဝါအမျိုးသားဥယျာဉ်သည် တနင်္သာရီတိုင်းဒေသကြီး မြိတ်ကျွန်းစုတွင်တည်ရှိပြီး အမြဲစိမ်းသစ်တောများ၊ လမုတောများ၊ ပင်လယ်မြက်နှင့် ပင်လယ်ရေမှော်များ၊ ရှားပါးအပင်များ၊ သန္တာကျောက်တန်းများနှင့် ကမ္ဘာတွင် မျိုးသုဉ်းရန်ရင်ဆိုင်နေရသည့် ကုန်းနေ၊ ရေနေသတ္တဝါများ ရှင်သန်ကျက်စားလျက်ရှိသည်။

သစ္စာ(MNA)

ဓာတ်ပုံ-လန်ပိအဏ္ဏဝါအမျိုးသားဥယျာဉ်

| မြို့ | အနိမ့်ဆုံး | / | အမြင့်ဆုံးအပူချိန် |
|---|---|---|---|
| နေပြည်တော် | ၁၇°C | / | ၃၀°C |
| ရန်ကုန် | ၁၉°C | / | ၃၂°C |
| မန္တလေး | ၁၇°C | / | ၃၂°C |

လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ

အဖိုးတန်ရေချိုကို ချွေတာကြပါစို့

# အပူပိုင်းမုန်တိုင်းငယ် ဒီဇင်ဘာလ ၂၆ ရက်တွင် လေဖိအားနည်းဆဲလ်အဖြစ်သို့ တဖြည်းဖြည်းအားလျော့သွားနိုင်

နေပြည်တော် ဒီဇင်ဘာ ၂၅

ယနေ့ညနေ ၅ နာရီခွဲအချိန် တိုင်းထွာချက်များအရ တောင်တရုတ်ပင်လယ်ပြင်တွင်ဖြစ်ပေါ်နေသော အပူပိုင်းမုန်တိုင်းငယ်သည် အနောက်တောင်ဘက်သို့ ရွေ့လျားခဲ့ပြီး ဆက်လက်တည်ရှိနေသည်။ အဆိုပါအပူပိုင်းမုန်တိုင်းငယ်သည် အနောက်-အနောက်တောင်ဘက်သို့ရွေ့လျားနိုင်ပြီး ဒီဇင်ဘာလ ၂၆ ရက်တွင် ဗီယက်နမ်နိုင်ငံအရှေ့တောင်ပိုင်းကမ်းခြေအနီးတွင် လေဖိအားနည်းဆဲလ်အဖြစ်သို့ တဖြည်းဖြည်းအားလျော့သွားနိုင်သည်ဟု ခန့်မှန်းရပါသည်။

(မိုး/ဇလ)

# (၄၂)ကြိမ်မြောက် စူဠဘွဲ့နှင်းသဘင် (ပရိယတ္တိစာအောင်)နှင့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲမင်္ဂလာအခမ်းအနားကျင်းပ



မော်လမြိုင် ဒီဇင်ဘာ ၂၅

မွန်ပြည်နယ်အစိုးရအဖွဲ့က ကြီးမှူး ကျင်းပသည့် (၄၂)ကြိမ်မြောက် စူဠဘွဲ့နှင်း သဘင်(ပရိယတ္တိစာအောင်)နှင့်ဆွမ်းဆန်စိမ်း လောင်းလှူပွဲ မင်္ဂလာအခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် မော်လမြိုင်မြို့ ပရိယတ္တိဓမ္မဗိမာန်တော်ကြီး၌ ကျင်းပရာ မွန်ပြည်နယ်ဝန်ကြီးချုပ်ဦးအောင်ကြည်သိန်း၊ ပြည်နယ်အစိုးရအဖွဲ့ဝင်ဝန်ကြီးများနှင့် အလှူရှင်ဒေွ့ပရိသတ်များ တက်ရောက် ကြသည်။

ရှေးဦးစွာ အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆိုဘုရားကန်တော့ဖွင့်လှစ် ပြီး မော်လမြိုင်မြို့ အောက်ကျင်းရပ်ကွက် သာသနာ့မာရ်အောင်ဝဲပုံစာသင်တိုက်ကြီး ၏ ဦးစီးပဓာနနာယက နိုင်ငံတော်ဗဟို သံဃာ့ဝန်ဆောင် ဆရာတော် မဟာဂန္ထ ဝါစကပဏ္ဍိတ ဘဒ္ဒန္တနန္ဒဝံသထံမှ ဒေ့် ပရိသတ်များက ငါးပါးသီလခံယူဆောက် တည်ကြကာ ဆရာတော်၊ သံဃာတော် အရှင်သူမြတ်များ ရွတ်ပွားသရဇ္ဈာယ် ချီးမြှင့်တော်မူသော ပရိတ်တရားတော်များ နာယူကြည်ညိုကြသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်က သာသနာရေးဆိုင်ရာများလျှောက်ထားပြီး ကြွရောက်တော်မူလာကြသော ဆရာတော် ကြီးများအား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ၂၀၂၄ ခုနှစ် မော်လမြိုင် စာဖြေဌာနမှ ဓမ္မာစရိယနှင့် ပထမပြန် စာမေးပွဲတွင် ဝင်ရောက်ဖြေဆိုအောင်မြင် တော်မူခဲ့သော စာအောင်သံဃာတော် များအား အောင်လက်မှတ်နှင့်စာအောင်ဆု များ ဆက်ကပ်လှူဒါန်းကြပြီး မော်လမြိုင် မြို့ လှိုင်ရပ်ကွက် အတုလရန်အောင် ကျောင်းတိုက် နိုင်ငံတော်သံဃမဟာ နာယကအဖွဲ့ဝင် ဆရာတော် အဂ္ဂမဟာ ပဏ္ဍိတ ဘဒ္ဒန္တကောသလ္လထံမှ လှူဒါန်းမှု အစုစုတို့အတွက် အနုမောဒနာတရားနာယူ ကြည်ညိုကာ ရေစက်သွန်းချအမျှပေးဝေ ပြီး ဗုဒ္ဓသာသနံ စိရံ တိဋ္ဌတု သုံးကြိမ်ရွတ်ဆို ဆုတောင်း၍ အခမ်းအနားကို ရုပ်သိမ်း သည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ဌာန ဆိုင်ရာများနှင့်အလှူရှင်များက ပင့်သံဃာ ဆရာတော်ကြီး ၁၀ ပါး၊ စာအောင်သံဃာ တော် ၉၉၂ ပါးနှင့် စာအောင်သီလရှင် ၆၇ ပါး စုစုပေါင်း ၁၀၆၉ ပါးတို့အား ဆွမ်းဆန်စိမ်းများလောင်းလှူကြကြောင်း သိရသည်။ **စည်သူ(ပြန်/ဆက်)၊ (၄၀၆)**

# ခရစ်တော်မွေးနေ့(ခရစ္စမတ်)ကျေးဇူးတော်ချီးမွမ်းခြင်းအခမ်းအနားသို့ ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦး တက်ရောက်

ဘားအံ ဒီဇင်ဘာ ၂၅

ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦး သည် ပြည်နယ်မိခင်နှင့်ကလေးစောင့် ရှောက်မှုကြီးကြပ်ရေးအဖွဲ့နှင့် ပြည်နယ် အမျိုးသမီးရေးရာအဖွဲ့နာယက၊ ပြည်နယ် တရားလွှတ်တော် တရားသူကြီးချုပ်၊ ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် အတူ ဒီဇင်ဘာလ ၂၅ ရက် (ခရစ္စမတ်နေ့) တွင် ဘားအံမြို့ ရဲသာရွာသစ်ရှိ မိတ် သဟာယအသင်းတော်၌ ခရစ်တော်မွေးနေ့ (ခရစ္စမတ်) ကျေးဇူးတော်ချီးမွမ်းခြင်း အခမ်းအနားသို့ တက်ရောက်ချီးမြှင့်ကြ သည်။



ဦးစွာ မိတ်သဟာယအသင်းတော် အကြံပေးအဖွဲ့ခေါင်းဆောင် ဦးစောမြတ် ထွဋ်ဝင်းက ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားပြီး ပြည်နယ်ဝန်ကြီးချုပ်က ခရစ္စမတ်နှုတ်ခွန်းဆက်စကားပြောကြား သည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က မိတ်သဟာယအသင်းတော် ဥက္ကဋ္ဌထံ ခရစ္စမတ်လက်ဆောင်၊ ဆန်၊ ဆီနှင့် အလှူ ငွေများ ပေးအပ်လှူဒါန်းပြီး အသင်းတော် မှ ခရစ္စမတ်လက်ဆောင်များ ပြန်လည် ပေးအပ်ချီးမြှင့်ကာ သင်းအုပ်ဆရာတော် ကြီးက ခရစ္စမတ်ဆုတောင်းမေတ္တာများ ပို့သပေးသည်။

အလားတူ ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် ယမန်နေ့ မွန်းလွဲပိုင်းက ဘားအံ မြို့ပေါ်ရှိ မြန်မာနိုင်ငံခရစ်ယာန်အသင်း တော်(အင်္ဂလီကန်) ဘားအံသာသနာ ပိုင်နယ် ရှင်ပေတရု ကသီဒြယ်ဘုရားရှိခိုး ကျောင်း၊ ကရင်နှစ်ခြင်းခရစ်ယာန်အဖွဲ့ချုပ် ပြည်ထောင်စု/ သာယာကုန်းနှစ်ခြင်း အသင်းတော်၊ ကွယ်ကဘောကရင်နှစ်ခြင်း အသင်းတော်၊ GARUNA AG အသင်း တော်တို့သို့သွားရောက်ပြီး ခရစ်ယာန် အသင်းတော် (ဘုရားရှိခိုးကျောင်း)များ အလိုက် သီးခြားစီဂါရဝပြုတွေ့ဆုံ၍ ခရစ္စမတ်လက်ဆောင်၊ ဆန်၊ ဆီနှင့် အလှူ ငွေများပေးအပ်လှူဒါန်းရာ သင်းအုပ်ဆရာ၊ ဂိုဏ်းအုပ်ဆရာတော်နှင့်နယ်စီးသာသနာ ပိုင်ကြီးတို့ကလည်း ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများအား ခရစ္စမတ် အထိမ်းအမှတ်လက်ဆောင်များ ပြန်လည် ပေးအပ်ကြသည်။

ထို့အတူ ကရင်ပြည်နယ်အတွင်း ခရီးသွားဧည့်သည်ဝင်ရောက်မှု တိုးတက် လာသည်နှင့်အညီ ဒေသတွင်းခရီးသွား လုပ်ငန်းအရှိန်အဟုန်ဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက် လာစေရေး ကရင်ပြည်နယ်ဒေသဆိုင်ရာ ခရီးသွားလုပ်ငန်းကော်မတီ၏ (၁၀/၂၀၂၄) ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကို ယမန်နေ့ မွန်းလွဲ ၂ နာရီက ပြည်နယ် အစိုးရအဖွဲ့ရုံးအစည်းအဝေးခန်းမ(၃)၌ ကျင်းပရာ ကရင်ပြည်နယ်ဒေသဆိုင်ရာ ခရီးသွားလုပ်ငန်းကော်မတီဥက္ကဋ္ဌ ပြည်နယ် ဝန်ကြီးချုပ် ဦးစောမြင့်ဦး တက်ရောက် အမှာစကားပြောကြားသည်။

ထို့နောက် ပြည်နယ်ဒေသဆိုင်ရာ ခရီးသွားလုပ်ငန်းကော်မတီဒုတိယဥက္ကဋ္ဌ ပြည်နယ်အစိုးရအဖွဲ့ဝင် စီးပွားရေးရာ ဝန်ကြီး ဦးစောခင်မောင်မြင့်က ခရီးသွား လုပ်ငန်းဖွံ့ဖြိုးရေးဆိုင်ရာများကို ရှင်းလင်း တင်ပြပြီး ပြည်နယ်ဒေသဆိုင်ရာ ခရီးသွား လုပ်ငန်းကော်မတီအတွင်းရေးမှူး ဟိုတယ် နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန ညွှန်ကြား ရေးမှူး ဦးသက်လင်းက ယခင်အပတ် အစည်းအဝေးဆုံးဖြတ်ချက်များအပေါ် လိုက်နာဆောင်ရွက်ပြီးစီးမှု၊ ဒေသ ကော်မတီမှ လုပ်ကိုင်ဆောင်ရွက်နေမှု များနှင့် ယခုအပတ်အစည်းအဝေးတွင် ဆုံးဖြတ်အတည်ပြုရမည့် ကိစ္စရပ်များကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် အစည်းအဝေးသို့ တက်ရောက်လာသူများနှင့် ခရီးစဉ်ဒေသ စီမံခန့်ခွဲရေးအဖွဲ့များက ဝိုင်းဝန်းအကြံပြု ဆွေးနွေးတင်ပြကြပြီး ပြည်နယ်ဝန်ကြီးချုပ် က လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးကြောင်း သိရ သည်။

(၅၀၀)

# (၃၇)ကြိမ်မြောက် မျိုးဆက်သစ်လူငယ်ဂေါက်သီးရိုက်ပြိုင်ပွဲ ဒုတိယနေ့နှင့်ဆုချီးမြှင့်ပွဲကျင်းပ

ရန်ကုန် ဒီဇင်ဘာ ၂၅

မြန်မာနိုင်ငံဂေါက်သီးအားကစားအဖွဲ့ ချုပ်ကကြီးမှူး၍ Junior Golf Myanmar (JGM) ၏ (၃၇) ကြိမ်မြောက် မျိုးဆက်သစ် လူငယ်ဂေါက်သီးရိုက်ပြိုင်ပွဲ ဒုတိယနေ့ နှင့် ဆုချီးမြှင့်ပွဲကို ယနေ့တွင် ရန်ကုန်မြို့ရှိ မြန်မာဂေါက်သီးရိုက်အသင်း ၉ မိုင်၌ ဆက်လက်ကျင်းပရာ မြန်မာနိုင်ငံဂေါက်သီး အားကစားအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးကိုကိုအေးနှင့် ဗဟိုအလုပ်အမှုဆောင်များ၊ Junior Golf Myanmar (JGM) မှ အမှုဆောင်များ၊ အားကစားသမားများ၏ မိဘများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြ သည်။

ပြိုင်ပွဲများအပြီးတွင် ဆုချီးမြှင့်ပွဲကို ဆက်လက်ကျင်းပရာ မြန်မာနိုင်ငံဂေါက်သီး အားကစားအဖွဲ့ချုပ်ဗဟိုအလုပ်အမှုဆောင် ဦးအိုက်ပန်းက အသက် ၁၂ နှစ်အောက် (အမျိုးသား)သက်တမ်းတွင် စုစုပေါင်း ရိုက်ချက် ၁၈၀ ချက်ဖြင့် တတိယဆုရရှိသော ရဲမင်းသန့်၊ စုစုပေါင်းရိုက်ချက် ၁၇၇ ချက် ဖြင့် ဒုတိယဆုရရှိသော ဇာနည်ထွန်းဝင်း၊ စုစုပေါင်းရိုက်ချက် ၁၆၃ ချက်ဖြင့် ပထမ ဆုရရှိသော ထူးမြတ်အောင်တို့ကိုလည်း ကောင်း၊ မြန်မာနိုင်ငံဂေါက်သီးအားကစား အဖွဲ့ချုပ် ဗဟိုအလုပ်အမှုဆောင် ဒေါ်မြင့် မြင့်သန်းက အသက် ၁၈ နှစ်အောက်(အမျိုး သမီး)သက်တမ်းတွင် စုစုပေါင်းရိုက်ချက် ၂၀၆ ချက်ဖြင့် တတိယဆုရရှိသော ဆုလဲ့ အောင်၊ စုစုပေါင်းရိုက်ချက် ၁၇၁ ချက်ဖြင့် ဒုတိယဆုရရှိသော ဆုနှင်းဖြူ၊ စုစုပေါင်း ရိုက်ချက် ၁၅၈ ချက်ဖြင့် ပထမဆုရရှိသော လက်ျာလေးဖြူတို့ကိုလည်းကောင်း၊ မြန်မာ ဂေါက်သီးရိုက်အသင်း အတွင်းရေးမှူး




ဦးသက်ဇော်လှိုင်က အသက် ၁၄ နှစ်အောက် (အမျိုးသား) သက်တမ်းတွင် စုစုပေါင်း ရိုက်ချက် ၁၇၁ ချက်ဖြင့် တတိယဆုရရှိ သော ထွန်းထွန်းဦး၊ စုစုပေါင်းရိုက်ချက် ၁၇၀ ချက်ဖြင့် ဒုတိယဆုရရှိသော Choi Hwan၊ စုစုပေါင်းရိုက်ချက် ၁၆၈ ချက်ဖြင့် ပထမဆုရရှိသော ကျော်သံလွင်ဟိန်းတို့ကို လည်းကောင်း ဆုများပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ မြန်မာနိုင်ငံဂေါက်သီး အားကစားအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးကိုကိုအေးက အသက် ၁၈ နှစ်အောက် (အမျိုးသား) သက်တမ်းတွင် စုစုပေါင်းရိုက်ချက် ၁၆၅ ချက်ဖြင့် တတိယဆုရရှိသော ခန့်ဘုန်းလျှံ၊ စုစုပေါင်းရိုက်ချက် ၁၆၂ ချက်ဖြင့် ဒုတိယ ဆုရရှိသော မင်းခန့်သော်၊ စုစုပေါင်း ရိုက်ချက် ၁၆၀ ချက်ဖြင့် ပထမဆုရရှိသော ကောင်းထက်ကိုလည်းကောင်း ဆုများ ချီးမြှင့်ပြီး ၂၀၂၄ ခုနှစ်အတွက် အသက် ၁၂ နှစ်အောက် (အမျိုးသား)သက်တမ်းတွင် အကောင်းဆုံးဆုရရှိသော ဇာနည်ထွန်းဝင်း၊ အသက် ၁၄ နှစ်အောက် (အမျိုးသား) သက်တမ်းတွင် အကောင်းဆုံးဆုရရှိသော အောင်သန်းထွဋ်၊ အသက် ၁၈နှစ်အောက် (အမျိုးသမီး)သက်တမ်းတွင် အကောင်းဆုံး ဆုရရှိသော ချိုသာအောင်နှင့် အသက် ၁၈ နှစ်အောက် (အမျိုးသား)သက်တမ်းတွင် အကောင်းဆုံးဆုရရှိသောမင်းခန့်သော်တို့ကို လည်းကောင်း ဆုများပေးအပ်ချီးမြှင့်သည်။

37th Junior Golf Myanmar Champion-ship ဂေါက်သီးရိုက်ပြိုင်ပွဲကို ဒီဇင်ဘာလ ၂၄ ရက်နှင့် ၂၅ ရက်တို့တွင် မြန်မာဂေါက်သီး ရိုက်အသင်း၌ နှစ်ရက်ကြာကျင်းပခဲ့ကြောင်း သိရသည်။ (၅၀၀)

# ရှမ်းပြည်နယ် အမျိုးသမီးရေးရာအဖွဲ့မှ ဟိုပုံးမြို့ရှိ နောင်တောင်းသီလရှင်ကျောင်းသို့ ဆွမ်းဆန်နှင့် လှူဖွယ်ပစ္စည်းများဆက်ကပ်လှူဒါန်း



ဟိုပုံး ဒီဇင်ဘာ ၂၅

ရှမ်းပြည်နယ်(တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဟိုပုံးမြို့နယ်တွင် ရှမ်းပြည်နယ်အမျိုးသမီးရေးရာအဖွဲ့မှ ဆွမ်းဆန်နှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းခြင်းကို ယမန်နေ့က မြို့ဦးရပ်ကွက်ရှိ နောင်တောင်းသီလရှင်ကျောင်းသို့သွားရောက်၍ ဆက်ကပ်လှူဒါန်းကြသည်။

ရှေးဦးစွာရှမ်းပြည်နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ထားထားဝင်းနှင့် အဖွဲ့ဝင်များ၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ဝင်းဝင်းမြတ်နှင့်အဖွဲ့ဝင်များ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင်များက နောင်တောင်းသီလရှင်ကျောင်းရှိ သီလရှင်များအား သွားရောက်ဖူးမြော်၍ ဆွမ်းဆန်၊ ဆီ၊ အသုံးအဆောင်ပစ္စည်းများ၊ ကျောင်းသုံးဗလာစာအုပ်၊ စာရေးကိရိယာပစ္စည်းများ၊ တံမြက်စည်း၊ အမှိုက်ငေါ်၊ အမှိုက်ပုံးများနှင့် ဆွမ်းတစ်ရက်စာအတွက် အလှူငွေကျပ်ငါးသိန်းကို ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် အသိပညာပေးဟောပြောပွဲကိုကျင်းပရာ ရှမ်းပြည်နယ် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနသူနာပြုအဆင့်(၁) ဒေါ်ထားထားဆွေက တစ်ကိုယ်ရေသန့်ရှင်းရေးနှင့် ပတ်သက်၍ အသိပညာပေးဟောပြောကာ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးကြသည်။


ယင်းနောက် ရှမ်းပြည်နယ် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ဝင်းဝင်းမြတ်နှင့်အဖွဲ့ဝင်များ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင်များသည် လွယ်အွန့်ကျေးရွာအုပ်စု လွယ်အွန့်ကျေးရွာဘုန်းတော်ကြီးကျောင်းသို့ရောက်ရှိ၍ ဆရာတော်အား သွားရောက်ဖူးမြော်ပြီး လှူဖွယ်ပစ္စည်းများဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် အသိပညာပေးဟောပြောပွဲကိုကျင်းပရာ ရှမ်းပြည်နယ် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌက လွယ်အွန့်ကျေးရွာရှိ ကျေးလက်ဒေသအမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးစီမံချက်ဆောင်ရွက်နေသည့် ဆယ်အိမ်စုမှူးများနှင့် ကျောင်းသူများကို အမှာစကားပြောကြားပြီး မြို့နယ်ပြည်သူ့ဆေးရုံမှ အထွေထွေရောဂါကုသမားတော် ဒေါက်တာအေးမင်းသန့်က ကူးစက်မှုကြောင့်ဖြစ်တတ်သော အသည်းရောင်ရောဂါများအကြောင်း ဆွေးနွေးဟောပြောသည်။

ဆက်လက်၍ ရှမ်းပြည်နယ် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက ကျေးလက်ဒေသအမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးစီမံချက်ဆောင်ရွက်နေသည့် အမျိုးသမီး ဆယ်အိမ်စုမှူးများအား ဝတ်စုံများနှင့် အိမ်သာအသုံးအဆောင်ပစ္စည်းများကိုလည်းကောင်း၊ ကျောင်းသူများအား ကျောင်းသုံးဗလာစာအုပ်များကိုလည်းကောင်းပေးအပ်ခဲ့ကြပြီး အသက် ၉၂ နှစ်အရွယ် သက်ကြီးဘိုးဘွားအား သွားရောက်ကန်တော့ခဲ့ကြကြောင်းသိရသည်။

ပအိုဝ်းဒေသ(ပြန်/ဆက်)

# ပွင့်ဖြူမြို့နယ်စည်ပင်သာယာရေးအဖွဲ့က မြို့ပြသာယာလှပစေရေး မြို့တွင်းလမ်းမီးတိုင်များ ပြုပြင်ထိန်းသိမ်းဆောင်ရွက်



ပွင့်ဖြူ ဒီဇင်ဘာ ၂၅

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်စည်ပင်သာယာရေးအဖွဲ့က မြို့ပြအင်္ဂါရပ်နှင့်အညီ သန့်ရှင်းသာယာလှပစေရန်နှင့် ပြည်သူများ စိတ်အေးချမ်းသာစွာသွားလာနိုင်ရေးအတွက် ယမန်နေ့က မြို့တွင်းလမ်းမီးတိုင်များတွင် သဘာဝဘေးဒဏ်ကြောင့် မီးမလင်းသည့် လျှပ်စစ်မီးသီးများကို ဖြုတ်သိမ်း၍ LED မီးသီးများဖြင့် အစားထိုးလဲလှယ်တပ်ဆင်ခြင်းနှင့် ဓာတ်အားလိုင်း ပြုပြင်ထိန်းသိမ်းခြင်း လုပ်ငန်းများ ပြုလုပ်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ထိုသို့ဆောင်ရွက်ရာတွင် မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ဝန်ထမ်းများအဖွဲ့က မြို့နယ်လျှပ်စစ်ရုံးမှ ဝန်ထမ်းများနှင့်ပူးပေါင်းပြီး မြို့ပြသာယာလှပရေးအတွက် မြို့ရှောင်လမ်းနှင့် မြို့တွင်းလမ်းများတွင် တပ်ဆင်ထားရှိသော လမ်းမီးတိုင်များကို ကွင်းဆင်းကြည့်ရှုစစ်ဆေးကာ သဘာဝဘေးဒဏ်ကြောင့် မီးမလင်းတော့သည့် လျှပ်စစ်မီးသီးများကိုဖြုတ်သိမ်းပြီး LED မီးသီးများဖြင့် အစားထိုးလဲလှယ်တပ်ဆင်ခြင်း၊ ဓာတ်အားလိုင်းကြိုးများ ကြံ့ခိုင်ကောင်းမွန်စေရေး ပြုပြင်ထိန်းသိမ်းခြင်း၊ လျှပ်စစ်အန္တရာယ်ကင်းဝေးစေရန် သစ်ပင်သစ်ကိုင်းများ ခုတ်ထွင်ရှင်းလင်းခြင်းစသည့် ဓာတ်အားလိုင်းထိန်းသိမ်းခြင်းလုပ်ငန်းများကို စုပေါင်းဆောင်ရွက်ကြသည်။

အဆိုပါဓာတ်အားလိုင်းပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုများကို မြို့နယ် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌဦးသန်းထိုက်အောင်၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိဦးလင်းမင်းညွန့်နှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ပွင့်ဖြူမြို့နယ် စည်ပင်သာယာရေးအဖွဲ့က မြို့ပြအင်္ဂါရပ်နှင့်အညီ စဉ်ဆက်မပြတ် သန့်ရှင်းသာယာလှပစေရန်အတွက် မြို့တွင်းရှိ ဓာတ်အားလိုင်းများ ကြံ့ခိုင်ကောင်းမွန်စေရေးနှင့် လျှပ်စစ်အန္တရာယ် ကင်းဝေးစေရေးအတွက် လျှပ်စစ်မီးလိုင်းများ ပြုပြင်ထိန်းသိမ်းခြင်းနှင့် လျှပ်စစ်မီးသီးများ အသစ်လဲလှယ်တပ်ဆင်ခြင်းလုပ်ငန်းများကို ကွင်းဆင်းစစ်ဆေးဆောင်ရွက်လျက်ရှိကြောင်းသိရသည်။

လှိုင်ဝင်းလေး(ပွင့်ဖြူမြေ)

# မြောင်းမြမြို့၌ ကရင်အမျိုးသားနှစ်သစ်ကူးပွဲတော် အောင်မြင်စွာကျင်းပနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

မြောင်းမြ ဒီဇင်ဘာ ၂၅

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် မြောင်းမြမြို့၌ ကရင်အမျိုးသားနှစ်သစ်ကူးပွဲတော် အောင်မြင်စွာကျင်းပနိုင်ရေး ဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းတွင် မြစိမ်းရောင်တောင်တော် သာသနာ့နယ်မြေ ဘိုးတော်ပွားလေးဓမ္မာရုံ၌ ကျင်းပသည်။

ရှေးဦးစွာ မြောင်းမြခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစန်းဌေးက အဖွင့်အမှာစကားပြောကြားသည်။ ထို့နောက် ဝါးခယ်မမြို့ ကြာနီကန်ကျောင်းတိုက်ဆရာတော် ဦးစဋ္ဌိလက ဩဝါဒစကားမြွက်ကြားသည်။

ဆက်လက်၍ ပွဲတော်ကျင်းပရေးလုပ်ငန်းကော်မတီဝင်များ၊ ဆပ်ကော်မတီဝင်များနှင့် ရပ်ဝေးမှလာရောက်ကြသည့် ဧည့်သည်များအား နေရာချထားပေးခြင်း၊ အလံတင်အခမ်းအနားကျင်းပခြင်း၊ လမ်းဖွင့်ပွဲကျင်းပခြင်း၊ ကရင်နှစ်သစ်ကူးနေ့ အခမ်းအနားကျင်းပခြင်းနှင့် နေ့လယ်စာ ဧည့်ခံကျွေးမွေးခြင်းစသည့်လုပ်ငန်းဆိုင်ရာများ ဆွေးနွေးညှိနှိုင်းကြသည်။

အဆိုပါ အခမ်းအနားကို မြောင်းမြခရိုင်/မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာကော်မတီဝင်များ၊ ကျေးရွာအုပ်ချုပ်ရေးမှူးများ တက်ရောက်ကြကြောင်းသိရသည်။

ဇေယျာ (မြောင်းမြ)



**မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊ Mobile SIM Card၊ Mobile Payment Account၊ Bank Account များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

# သာယာဝတီမြို့နယ်၌ တောင်သူများစိုက်ပျိုးထားသည့် ဖူးစားပြောင်းများ အောင်မြင်ဖြစ်ထွန်းလျက်ရှိ



**သာယာဝတီ ဒီဇင်ဘာ ၂၅**

ပဲခူးတိုင်းဒေသကြီး သာယာဝတီ မြို့နယ်ရှိ ကျေးရွာများ၌ ယခုနှစ်တွင် ဖူးစားပြောင်းဧက ၂၀၀၀ ကျော် စိုက်ပျိုးထားကာ အောင်မြင်ဖြစ်ထွန်းလျက်ရှိကြောင်း ပြောင်းစိုက်ပျိုးသူများ၏ပြောပြချက်အရ သိရသည်။

ဖူးစားပြောင်းစိုက်ပျိုးရာတွင် နွေရာသီနှင့် ဆောင်းရာသီတို့၌ စိုက်ပျိုးလျှင် ရေသွင်း၍ မြေအစိုဓာတ်လုံလောက်စွာ ရရှိရန် ပြုလုပ်ပေးရကြောင်း၊ စိုက်ပျိုးပြီး အပင်များကြီးထွား၍ ဝတ်ဆံတည်ချိန်တွင် အပင်များထိခိုက်ပြီး ဝတ်ဆံမကြွေစေရန် ဂရုစိုက်ပေးရကာ ဝတ်ဆံများ ပျက်စီးပြီး ကြွေကျသွားပါက ပြောင်းဖူးစေ့ အောင်မြင်မှု လျော့ကျသွားနိုင်ကြောင်း သိရသည်။

ဖူးစားပြောင်းသည် စိုက်ပျိုးပြီး နှစ်လအကြာတွင် ဖူးစပြုပြီး သုံးလအတွင်း ချိုးယူရောင်းချနိုင်ကြောင်း၊ ပြောင်းဖူးပင်များကို စနစ်တကျစိုက်ပျိုးထားပါက ပြောင်းဖူးအထွက်နှုန်း ပို၍ကောင်းမွန်စေပြီး ဖူးစားပြောင်းများတွင် ပြောင်းကြမ်း၊ သကြားပြောင်းနှင့်ပြောင်းစေးဟူ၍ သုံးမျိုးရှိရာ ပြောင်းကြမ်းကို တိရစ္ဆာန်အစာအတွက်သာ စိုက်ပျိုးကြကြောင်း သိရသည်။

ပြောင်းဖူးများစိုက်ပျိုးရာတွင် ကြဲပက်ခြင်း၊ အတန်းလိုက် အစေ့ချစိုက်ပျိုးခြင်း စသည်ဖြင့် အမျိုးမျိုးရှိသော်လည်း အတန်းလိုက်အစေ့ချ၍ စနစ်တကျစိုက်ပျိုးပါက ရေသွယ်ခြင်း၊ ဆေးဖျန်းခြင်းနှင့် ပေါင်းမြက်ရှင်းလင်းခြင်းများ ပြုလုပ်ပေးနိုင်သည့်အတွက် ပြောင်းဖူးပင်များ ပို၍ ရှင်သန်ကြီးထွားပြီး အဖူးများလည်း ညီညာစေသည်။

ပြောင်းဖူးတစ်ဧကလျှင် အပင်ရေ ၁၀၀၀၀ ဝန်းကျင်စိုက်ပျိုးနိုင်ပြီး တစ်ပင်လျှင် လေးဖူးခန့်ဖူးကာ စိုက်ပျိုးသူများ ဝင်ငွေကောင်းပြီး အဆင်ပြေကြကြောင်း သိရသည်။

**သန့်ဇော်(ပြန်/ဆက်)**

# သာပေါင်းမြို့နယ်၌ ယခုနှစ်ဆောင်းသီးနှံ စိုက်ပျိုးရာသီတွင် ဗိုလ်ကိတ်ပဲ ၁၂၉၂၂ ဧက စိုက်ပျိုးမည်

**သာပေါင်း ဒီဇင်ဘာ ၂၅**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် သာပေါင်းမြို့နယ်၌ ယခုနှစ်ဆောင်းသီးနှံ စိုက်ပျိုးရာသီတွင် ဗိုလ်ကိတ်ပဲ ၁၂၉၂၂ ဧက စိုက်ပျိုးမည်ဖြစ်ကြောင်း ပုသိမ်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်အေးအေးမူ၏ပြောဆိုချက်အရ သိရသည်။

သာပေါင်းမြို့နယ်၌ ယခုနှစ်ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် ဗိုလ်ကိတ်ပဲ ၁၂၉၂၂ ဧကလျာထားစိုက်ပျိုးမည်ဖြစ်ပြီး ယခုနှစ် ဒီဇင်ဘာလစတုတ္ထပတ်တွင် စတင်စိုက်ပျိုးမည်ဖြစ်သည်။

"သာပေါင်းမြို့နယ်အတွင်း ဒီနှစ်ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ ဗိုလ်ကိတ်ပဲ ဧက ၁၂၉၀၀ ကျော် လျာထားစိုက်ပျိုးမှာဖြစ်ပါတယ်။ လက်ရှိ ဗိုလ်ကိတ်ပဲတွေ လျာထားချက်ပြည့်မီကျော်လွန်အောင် စိုက်ပျိုးနိုင်ဖို့ ဒေသခံတောင်သူတွေနဲ့ ပူးပေါင်းဆောင်ရွက်နေပါတယ်။ ဗိုလ်ကိတ်ပဲစိုက်ခင်းတွေ အောင်မြင်ဖြစ်ထွန်းပြီး အထွက်နှုန်းကောင်းဖို့ကိုလည်း ဆက်လက်ဆောင်ရွက်ပေးနေပါတယ်''ဟု ဒေါ်အေးအေးမူကပြောသည်။

သာပေါင်းမြို့နယ်၌ စိုက်ပျိုးမည့် ဆောင်းသီးနှံများ ပိုးမွှားမကျရောက်စေရန်၊ အထွက်နှုန်းကောင်းမွန်စေရန်၊ လျာထားချက်ပြည့်မီအောင်စိုက်ပျိုးနိုင်ရန် ဒေသခံတောင်သူများနှင့် စိုက်ပျိုးရေးဦးစီးဌာန၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ စိုက်ပျိုးရေးသုတေသနဦးစီးဌာနတို့ ပူးပေါင်းဆောင်ရွက်နေကြောင်း သိရသည်။

"ဗိုလ်ကိတ်ပဲတွေ အထွက်နှုန်းကောင်းစေဖို့ မျိုးကောင်းမျိုးသန့်တွေ ရွေးချယ်ထားပါတယ်။ စိုက်ပျိုးမယ့်ဗိုလ်ကိတ်ပဲတွေ ဖျက်ပိုးနဲ့ တခြားအန္တရာယ်တွေမကျရောက်စေဖို့ကိုလည်း ဆောင်ရွက်နေပါတယ်" ဟု သာပေါင်းမြို့နယ်မှ တောင်သူဦးလှဝင်းကပြောသည်။ **သုတကျော်**



မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်စည်ပင်သာယာရေးအဖွဲ့က မြို့အင်္ဂါရပ်နှင့်အညီ သာယာလှပစေရန်ရည်ရွယ်၍ ပွင့်ဖြူမြို့ရှောင်လမ်း လေးတိုင်စင်လမ်းဆုံနေရာတွင် We Love Pwint Phyu ဆိုင်းဘုတ် အကောင်အထည်ဖော်တည်ဆောက်လျက်ရှိရာ ဒီဇင်ဘာလ ၂၅ ရက်က လုပ်ငန်းများ အမြန်ဆောင်ရွက်ပြီးစီးရေး တာဝန်ရှိသူများ ကွင်းဆင်းကြည့်ရှုစစ်ဆေးစဉ်။ လှိုင်ဝင်းလေး(ပွင့်ဖြူမြေ)

## လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် ပုံစံ(၇)ရရှိသူ၏အခွင့်အရေးများ

(က) လယ်ယာမြေကို လက်ရှိထားပိုင်ခွင့်၊ လယ်ယာမြေလုပ်ပိုင်ခွင့်၊ ရာသီသီးနှံကို ပြောင်းလဲစိုက်ပျိုးနိုင်ခွင့်၊ ယင်းသို့လုပ်ပိုင်ခွင့်မှ ပေါ်ထွက်လာသည့်အကျိုးအမြတ်ကိုခံစားပိုင်ခွင့်၊

(ခ) လယ်ယာမြေကို အားလုံးဖြစ်စေ၊ တစ်စိတ်တစ်ပိုင်းဖြစ်စေ၊ လုပ်ပိုင်ခွင့်အား သတ်မှတ်ထားသောစည်းကမ်းချက်များနှင့်အညီ ရောင်းချခွင့်၊ ပေါင်နှံခွင့်၊ ငှားရမ်းခွင့်၊ လဲလှယ်ခွင့်နှင့်ပေးကမ်းခွင့်၊

(ဂ) လယ်ယာမြေလုပ်ပိုင်ခွင့်ကို အမွေဆက်ခံခြင်းနှင့်စပ်လျဉ်း၍ အငြင်းပွားမှု ပေါ်ပေါက်လာပါက တည်ဆဲဥပဒေနှင့်အညီ သက်ဆိုင်ရာတရားရုံး၏ အဆုံးအဖြတ်ခံယူနိုင်ခွင့်၊

(ဃ) သတ်မှတ်သည့်စည်းကမ်းချက်များကို ဖောက်ဖျက်ခြင်းမရှိသရွေ့ လယ်ယာမြေလုပ်ပိုင်ခွင့်၊

(င) လယ်ယာမြေတွင် စိုက်ပျိုးရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် အစိုးရ သို့မဟုတ် အစိုးရအသိအမှတ်ပြုထားသည့် အဖွဲ့အစည်း၊ အသင်းအဖွဲ့များ၏ ရင်းနှီးမြှုပ်နှံမှုဖြင့်လည်းကောင်း၊ ပုဂ္ဂလိကရင်းနှီးမြှုပ်နှံသူများနှင့်လည်းကောင်း အကျိုးတူလုပ်ကိုင်ခွင့်၊

(စ) လယ်ယာမြေတွင် နိုင်ငံခြားသား သို့မဟုတ် နိုင်ငံခြားသားပါဝင်သောအဖွဲ့အစည်းနှင့်ပူးပေါင်း၍ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေနှင့်အညီ အကျိုးတူလုပ်ကိုင်ခွင့်။

(လယ်ယာမြေဥပဒေပုဒ်မ ၉)

**ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့**

## လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် ပုံစံ(၇)ရရှိသူလိုက်နာရမည့်စည်းကမ်းချက်များ

(က) ဤဥပဒေတွင် ပြဋ္ဌာန်းထားသည့်အတိုင်း လယ်ယာမြေကို လုပ်ကိုင်ရမည်။

(ခ) လယ်ယာမြေနှင့်စပ်လျဉ်း၍ တည်ဆဲဥပဒေတစ်ရပ်ရပ်အရ စည်းကြပ်သောမြေခွန်နှင့် အခြားအခွန်အခများကို ပေးဆောင်ရမည်။

(ဂ) လယ်ယာမြေလုပ်ပိုင်ခွင့်ကို ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ငှားရမ်းခြင်း၊ လဲလှယ်ခြင်းနှင့် ပေးကမ်းခြင်းတို့ကို ဆောင်ရွက်သည့်အခါ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့က သတ်မှတ်သည့်တန်ဖိုးနှင့်အညီ တည်ဆဲဥပဒေအရ သတ်မှတ်သောတံဆိပ်ခေါင်းခွန်နှင့် ဦးစီးဌာနကသတ်မှတ်သည့် စာချုပ်စာတမ်းမှတ်ပုံတင်ခတို့ကို ပေးဆောင်၍ သက်ဆိုင်ရာမြို့နယ်ဦးစီးဌာနရုံးတွင် မှတ်ပုံတင်ရမည်။

(ဃ) တည်ဆဲဥပဒေနှင့်အညီ အမွေဆက်ခံခြင်းဖြင့် လယ်ယာမြေလုပ်ပိုင်ခွင့်ကိုရရှိသည့်အခါ သတ်မှတ်ချက်များနှင့်အညီ သက်ဆိုင်ရာမြို့နယ်ဦးစီးဌာနရုံးတွင် မှတ်ပုံတင်ရမည်။

(င) စိုက်ပျိုးထုတ်လုပ်မှုအရင်းအနှီးအတွက်သာ လယ်ယာမြေလုပ်ပိုင်ခွင့်ကို ပေါင်နှံခွင့်ရှိပြီး အစိုးရဘဏ် သို့မဟုတ် အစိုးရကအသိအမှတ်ပြုသောဘဏ်တွင်သာ ပေါင်နှံရမည်။

(စ) လယ်ယာမြေကို ခွင့်ပြုမိန့်မရရှိဘဲ အခြားနည်းသုံးစွဲခြင်း မပြုရ။

(ဆ) လယ်ယာမြေကို ရာသီသီးနှံအမျိုးအစားမှ အခြားသီးနှံအမျိုးအစားသို့ ခွင့်ပြုချက်မရှိဘဲ ပြောင်းလဲစိုက်ပျိုးခြင်း မပြုရ။

(ဇ) ခိုင်လုံသောအကြောင်းပြချက်မရှိဘဲ လယ်ယာမြေကို လုပ်ထားခြင်းမပြုရ။ သို့ရာတွင် လယ်ယာမြေကို လုပ်ထားရန် အကြောင်းတစ်စုံတစ်ရာပေါ်ပေါက်ပါက မြေတည်ရှိရာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့မှတစ်ဆင့် မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သို့ တင်ပြရမည်။ ယင်းသို့လုပ်ထားခြင်းသည်လည်း ရွှေ့ပြောင်းတောင်ယာမြေမှအပ နှစ်နှစ်ဆက်တိုက်ထက် မပိုစေရ။

(ဈ) လယ်ယာမြေလုပ်ပိုင်ခွင့်မရမီကာလအတွင်း သို့မဟုတ် လယ်ယာမြေလုပ်ပိုင်ခွင့်နှင့်စပ်လျဉ်း၍ အငြင်းပွားမှုဖြစ်ပေါ်နေသောကာလအတွင်း လယ်ယာမြေကိုရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ငှားရမ်းခြင်း၊ လဲလှယ်ခြင်း သို့မဟုတ် ပေးကမ်းခြင်းမပြုရ။

ထို့ပြင် လယ်ယာမြေနှင့်စပ်လျဉ်း၍ သက်ဆိုင်သူ မည်သူမဆို သက်ဆိုင်ရာလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့အဆင့်ဆင့်က ဥပဒေနှင့်အညီ ချမှတ်ထားသောအမိန့်ကိုလိုက်နာရမည်။

(လယ်ယာမြေဥပဒေပုဒ်မ ၁၂၊ ၁၃)

**ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့**

# စွယ်စုံဗဟုသုတဖွံ့ဖြိုးဖို့ စာဖတ်ကြပါစို့

ထက်ဝေအောင်(စစ်ကိုင်း)

စာဖတ်ခြင်းဖြင့် သိလိုရာကိုစူးစမ်းရှာဖွေနိုင်သည်။ ဘဝမြင့်မားတိုးတက်လိုစိတ်ရှိသူတိုင်း စာဖတ်ကြသည်။ စာအုပ်စာပေလူ့မိတ်ဆွေဟုပင် ရည်ညွှန်းထားသဖြင့် စာဖတ်ခြင်းသည် ဘဝ၏လက်တွဲဖော်၊ တိုင်ပင်ဖော်မိတ်ဆွေဟု သတ်မှတ်ရမည်ဖြစ်သည်။ စာဖတ်ခြင်းကို ကလေးဘဝမှစ၍ လေ့ကျင့်ပျိုးထောင်သင့်ပြီး စာဖတ်၍ စာတတ်သောလူ့အသိုင်းအဝိုင်းတစ်ခုကို ထူထောင်ကြရမည်ဖြစ်သည်။ အကြောင်းမှာ စာဖတ်၍ ကမ္ဘာပတ်နိုင်သူတစ်ယောက်၏ အတွေးအမြင်သည် လွန်စွာကျယ်ပြန့်လွန်းသောကြောင့်ဖြစ်သည်။ စာဖတ်ရှိန်မြင့်မားမှုအလိုက် စဉ်းစားနိုင်စွမ်းအားများ တိုးတက်လာမည်ဖြစ်သည်။ အသိဉာဏ်ပညာများ ပိုမိုချဲ့ထွင်လာနိုင်သည်။ ယဉ်ကျေးသော အသိုက်အဝန်းနှင့်နီးကပ်စွာ ပိုမိုဆောင်ရွက်လာနိုင်မည်ဖြစ်သည်။ အဆိုးမှအကောင်းဘက်သို့ ကူးပြောင်းနိုင်စွမ်းရှိသည်။ သူတစ်ပါး၏လိမ်ညာလှည့်ဖြားမှုကို ကောင်းစွာကာကွယ်နိုင်သည်။

ကမ္ဘာပတ်စရာမလိုစာဖတ်ဖို့သာလိုသည်။ သတ္တဝါအားလုံးထဲတွင် လူသည် အသိဉာဏ်အထက်မြက်ဆုံးဖြစ်သည်။ အသိဉာဏ်ကိုသတိပညာဖြင့် တည်ဆောက်ရလေ့ရှိပြီး ပညာကကမ္ဘာကိုအုပ်စိုးနိုင်စွမ်းရှိလေသည်။ ပညာပြည့်ဝနှလုံးလှဆိုစကားအတိုင်း ပညာပြည့်ဝသူတစ်ယောက်၏ နှလုံးသားသည် ချင့်ချိန်နိုင်စွမ်းအားမြင့်မားသောကြောင့် လှနေသည်။ ပြဿနာတစ်ရပ်ကို အသိဉာဏ်ပြည့်ဝစွာစဉ်းစားတွေးခေါ်သည်။ အမှားနည်းသောဆုံးဖြတ်ချက်ဖြင့် အမှန်တရားဘက်မှရပ်တည်ပေးသည်။

လူတိုင်းငယ်စဉ်ကလေးဘဝကပင် အခြေခံပညာမှ အဆင့်မြင့်ပညာရပ်များကို လေ့လာမှတ်သားသင်ယူကြရသည်။ အသက်အရွယ်အလိုက် စာဖတ်သင်စဉ်က ရွှေသွေး၊ တေဇ၊ မိုးသောက်ပန်းကဲ့သို့ ရုပ်စုံစာစောင်များကို အရုပ်ကြည့်ရင်းစာဖတ်နာအောင်ဖတ်ရှုခဲ့ကြသည်။ အဆင့်အတန်းမြင့်မားသော ဘဝတစ်ခုရရှိရေး စာကောင်းပေမွန်သည် အလိုအပ်ဆုံးဖြစ်သည်။ စာပေအမျိုးအစားများစွာရှိသည့်အနက် အချစ်၊ ရသ၊ ဟာသ နှစ်သက်ရာဖတ်ရှုနိုင်သည်။ သုတ၊ ရသကိုဖတ်ရှုသင့်သကဲ့သို့ စိတ်အာဟာရပြည့်ဝမှုကိုပေးစွမ်းသည့် စာအုပ်စာပေများကိုလည်း လေ့လာထားရမည်ဖြစ်သည်။ စာအုပ်စာပေမှ ပညာဗဟုသုတကြွယ်ဝခြင်း၊ အတွေးအခေါ်ရင့်သန်ခြင်းအစရှိသော အကျိုးကျေးဇူးများကိုခံစားရရှိစေနိုင်သည်။ ဦးနှောက်၏ဖြန့်ကြက်နိုင်စွမ်းအားတိုးပွားစေပြီး အတွေးအခေါ်များ ပိုမိုအားကောင်းလာစေမည်ဖြစ်သည်။ စာဖတ်ခြင်းသည် ခရီးတစ်ခုအတူသွားခြင်းနှင့်ဆင်တူသည်။ အလားတူ အခက်အခဲတစ်ခုကို ကူညီဖြေရှင်းပေးသည့် မိတ်ဆွေတစ်ဦးပမာမှတ်ယူရသည်။

စာပေ၏တန်ခိုးသတ္တိက လွန်စွာကြီးမားလှသည်။ မိမိ၏ မေးမိုန်နေသော ဓွဲ၊ လုံ့လ၊ ဝီရိယကို နိုးထစေသကဲ့သို့ စိတ်ဓာတ်ကြမ်းတမ်းသူတစ်ယောက်ကို နူးညံ့ယဉ်ကျေးသိမ်မွေ့စေနိုင်သည်၊ သနားကြင်နာစိတ်၊ ညှာတာစိတ်များ ရှင်သန်ကြီးထွားစေနိုင်သည်။ အဆိုးနှင့်အကောင်းကို သရုပ်ခွဲခြားချိန်ဆတတ်စေသည်။ ဒေါသဦးဆောင်ရမည့်နေရာတွင် သည်းခံခြင်းကို

> ❑ လူ့အသိဉာဏ်နှင့်စဉ်းစားတွေးခေါ်နိုင်စွမ်းအားအလိုက် အရာအားလုံးကို ဖန်တီးနိုင်စွမ်းရှိသဖြင့် ဦးနှောက်အာဟာရပြည့်ဝစေမည့် စာအုပ်စာပေများကို လေ့လာဖတ်ရှုရမည်ဖြစ်၊ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးနှင့် စာပေယဉ်ကျေးမှုထွန်းကားခြင်းသည် တိုက်ရိုက်အချိုးညီမျှသဖြင့် ကလေးစာပေပွဲတော်များ၊ စာအုပ်ဈေးရောင်းပွဲတော်များနှင့် လက်လှမ်းမီဖတ်ရှုနိုင်မည့် စာကြည့်တိုက်များ၊ စာရေးသူနှင့်စာဖတ်သူများပါဝင်သောစာဖတ်ဝိုင်းများ ပိုမိုလှုပ်ရှားဆောင်ရွက် . . .

အစားထိုးပေးနိုင်သည်။ စာဖတ်ရာတွင်လည်း စိတ်နှလုံးသားကို နူးညံ့စေမည့်စာအုပ်ကောင်းများကို ကြိုက်နှစ်သက်လာမည်ဖြစ်သည်။ အနှစ်သာရပြည့်ဝသည့်စာအုပ်များကို တစ်အုပ်ပြီးတစ်အုပ် ဖတ်ရှုလေ့လာလျက် လူ့ဘဝများစွာကို စာနာနားလည်လာမည်ဖြစ်သည်။ လူ့ပတ်ဝန်းကျင်နှင့် သဘာဝအလှတရားများ၏သတ္တိစွမ်းအားများကို ညှို့ယူခံစားနိုင်စွမ်းရှိလာမည်ဖြစ်သည်။

အမြင်မတူညီမှုက အတူမမြင်နိုင်ပေ။ စာရေးသူတစ်ယောက်သည် စိတ်ကောင်းနှလုံးကောင်းဖြင့် စာရေးကြရပေသည်။ စာရေးသူ၏ အတွေးလှသလောက် စိတ်ကူးပုံဖော်ရေးသားမှုတို့မှာလည်း လက်ရာမြောက်သက်ဝင်စမြဲဖြစ်သည်။ ကဗျာ၊ ဝတ္ထုတို၊ ဝတ္ထုရှည်အစရှိသော အနုစိတ်ဖန်တီးမှုလက်ရာများသည် စာရေးသူတစ်ယောက်၏အတွေးအမြင်ဖြန့်ကြက်မှုမှတစ်ဆင့်ဖြစ်ပေါ်လာသော အတွေးပုံရိပ်များဖြစ်ပေသည်။ ထိုအတွေးပုံရိပ်များထဲတွင် စာရေးသူ၏ စေတနာပါဝင်သည်။ အချစ်နှင့်အမုန်း၊ အမှားနှင့်အမှန်၊ အဖြူနှင့်အမည်း သဲကွဲစေမည့် ဘဝသင်ခန်းစာများစွာကိုလည်း ထည့်သွင်းရေးသားနိုင်သည်။ ဘဝဒဿနရာ အနာတရကို စာတစ်ကြောင်းဖြစ်အောင်ရေးဖွဲ့ပြီး စာဖတ်သူ၏ ဘဝတစ်ခုလုံးကို သိမ်မွေ့သွားစေနိုင်သည်။ အကျင့်ဆိုးတစ်ခုကိုလည်း ချေဖျက်ပစ်နိုင်သည်။

အတွေးအမြင်မှန်ကန်တည့်မတ်ဖို့ စာဖတ်စို့ဟု ရိုးသားစွာတိုက်တွန်းချင်မိသည်။ ကာတွန်း၊ ပုံပြင်၊ ဝတ္ထုများတွင် မှန်ကန်သောအတွေးအမြင်ဖြစ်ပေါ်လာစေရန် မီးမောင်းထိုးပြထားပေသည်။ လမ်းမလွဲဖို့ လမ်းညွှန်ပေးသည်။ ဘဝကိုမည်ကဲ့သို့ တည်ဆောက်ကြမည်နည်း။ နေ့စဉ်ဘဝစိတ်ဓာတ်တက်ကြွရေး မည်ကဲ့သို့ဆောင်ရွက်ကြမည်နည်း။ နှလုံးသားကို ပိုမိုနူးညံ့လာအောင် မည်ကဲ့သို့ဆောင်ရွက်ရမည်နည်း။ လောကဓံ၏မေးခွန်းများကို ဦးနှောက်ကဖြေဆိုပြီး လက်တွေ့ကျကျ စာမေးပွဲအစစ်ခံနိုင်သည်အထိ စာပေအကျိုးအဝဝကိုခံစားကြရမည်ဖြစ်သည်၊ လက်တွေ့နှင့် စိတ်ကူးယဉ်ဘဝနှစ်ခု၏ ကွာဟချက်ကိုလည်း လှစ်ဟပြသပေးမည်ဖြစ်သည်။

စာတစ်အုပ်ချင်းဖတ် တစ်ရက်ချင်းခရီးသွားကြရပေမည်။ ဘဝကလက်တွေ့ဆန်လှသည်။ နံရံတစ်ချပ်ကိုထိုးဖောက်လိုလျှင် တူကဲ့သို့မာကျောသော အရာဝတ္ထုတစ်ခုရှိရန်လိုအပ်သည်။ ထူထဲသောနံရံကို ထိုးဖောက်လိုစိတ်လည်းရှိရမည်ဖြစ်သည်။ အဆိုပါ စိတ်ဓာတ်နှင့် ရှေ့တိုးလုပ်ဆောင်ရမည်ဖြစ်သည်။ နေ့စဉ်ဘဝခရီးတွင် စိတ်ဓာတ်ခွန်အားမကျဆင်းရေးကအရေးကြီးလှသည်။ လူ့သက်တမ်းသည် တိုသလောက် သံသရာခရီးက ရှည်လျားလွန်းသောကြောင့် အသိဉာဏ်ပညာအုတ်မြစ်ချတည်ဆောက်ရမည်ဖြစ်သည်။ ဘဝထဲကစာ၊ စာထဲကဘဝများစွာ၏ သုခနှင့် ဒုက္ခရသအဖုံဖုံကိုသင်ယူပြီး တန်ဖိုးရှိသောအသိဖြင့် လူ့ပတ်ဝန်းကျင်တစ်ရပ်လုံးကို အလှဆုံးပြုပြင်တည်ဆောက်သွားကြရမည်ဖြစ်သည်။

လောကတွင် အမြင်မတူ အတူမမြင်နိုင်သည့် အခြေအနေကို ကျော်လွှားနိုင်ရေး၊ စာဖတ်ခြင်းကို ဘဝထဲသို့ ဖိတ်ခေါ်ရမည်ဖြစ်သည်။ နိမ့်ကျသောအတွေးအခေါ်များဖယ်ဖျောက်ရေး စာဖတ်ပေးဖို့လိုပေသည်။ စာဖတ်ကြည့်ပါ။ တွေ့မြင်နေကျအခြေအနေမှ ခွဲထွက်လာသော အတွေးအမြင်သစ်အဖြစ် ရုတ်ခြည်းပြောင်းလဲသွားစေမည်ဖြစ်သည်။ လူ့ပတ်ဝန်းကျင်ကောင်းဖြစ်စေရေး စာအုပ်စာပေဖတ်ရှုပေးဟူသော နှိုးဆော်သံဖြင့် စာဖတ်ခြင်းဓလေ့ထွန်းကားစေမှုနှင့်အတူ အဆင့်အတန်းမြင့်မားသောအတွေးအမြင်များကို ဖော်ထုတ်ပေးကြရမည်ဖြစ်သည်၊ လူ့အသိဉာဏ်နှင့်စဉ်းစားတွေးခေါ်နိုင်စွမ်းအားအလိုက် အရာအားလုံးကို ဖန်တီးနိုင်စွမ်းရှိသဖြင့် ဦးနှောက်အာဟာရပြည့်ဝစေမည့် စာအုပ်စာပေများကို လေ့လာဖတ်ရှုရမည်ဖြစ်သည်၊ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးနှင့်စာပေယဉ်ကျေးမှုထွန်းကားခြင်းသည် တိုက်ရိုက်အချိုးညီမျှသဖြင့် ကလေးစာပေပွဲတော်များ၊ စာအုပ်ဈေးရောင်းပွဲတော်များနှင့် လက်လှမ်းမီဖတ်ရှုနိုင်မည့်စာကြည့်တိုက်များ၊စာရေးသူနှင့်စာဖတ်သူများပါဝင်သော စာဖတ်ဝိုင်းများ ပိုမိုလှုပ်ရှားဆောင်ရွက်ပေးကြရမည်ဖြစ်သည်။

မျက်စိကောင်းတုန်း စာဖတ်ရမည်ဖြစ်သည်။ နားကောင်းတုန်း နှလုံးသားအာဟာရ ဗဟုသုတများ စုဆောင်းထားသင့်သည်။ စာပေမြင့်မှ လူမျိုးတင့်ဟူသောဆိုစကားနှင့် စာအုပ်စာပေ၏တန်ဖိုးကို ထိန်းသိမ်းသွားကြရမည်ဖြစ်သည်၊ စာဖတ်အားနည်းလာမှုကိုပြဆိုသော အခြေအနေများကို စာချစ်သူတစ်ရပ်လုံးမှ စာဖတ်ရှိန်မြင့်တက်ရေး၊ ပြန်လည်ဦးမော့လာစေရေး အလေးထားစွမ်းဆောင်ကြရမည်ဖြစ်သည်။ ရေးသူ၊ ဖတ်သူအားပြိုင်မှုရှိမှသာ မဂ္ဂဇင်း၊ စာစောင်များ ရေရှည်ရပ်တည်နိုင်မည်ဖြစ်သည်၊ စာပေချစ်သူများအနေဖြင့် စာဖတ်ရှိန်မြှင့်တင်ရေးအတွက် စာအုပ်စာပေများကိုထိန်းသိမ်းရင်း စာဖတ်၊ စာဖတ်ရင်း ထိန်းသိမ်းကြမည်ဆိုပါက စာဖတ်၊ စာတတ်သူများ၏ စာရွက်လှန်သံများ တစ်ကျော့ပြန်လည်နိုးထလာမည်ဖြစ်ပါကြောင်းယုံကြည်လျက် စာဖတ်ရှိန်မြှင့်တင်ရေး အခန်းကဏ္ဍကို ကြိုဆိုဂုဏ်ပြုရေးသားလိုက်ရပါသည်။ ။

---

## ငဖဲမြို့နယ်၌ ဆီထွက်သီးနှံမျိုးစုံ ၈၆၄ ဧက စိုက်ပျိုးပြီးစီး

## ဆီထွက်သီးနှံများပိုမိုတိုးချဲ့စိုက်ပျိုးခြင်းဖြင့် ဒေသတွင်းဆီစားသုံးမှု ဖူလုံစေမည်ဖြစ်ပြီး တောင်သူများသီးနှံဝင်ငွေတိုးပွားလာမည်ဖြစ်

**ငဖဲ ဒီဇင်ဘာ ၂၅**

မကွေးတိုင်းဒေသကြီး ငဖဲမြို့နယ်၌ ၂၀၂၄-၂၀၂၅ ဆောင်းသီးနှံများ စိုက်ပျိုးရာသီတွင် ဆီထွက်သီးနှံစိုက်ပျိုးစွမ်းအား တိုးတက်စေရန်နှင့် ဆီစားသုံးမှုဖူလုံစေရေး အထောက်အကူပြုနိုင်ရန် ဆီထွက်သီးနှံများ စိုက်ပျိုးလျက်ရှိရာ လက်ရှိအချိန်ထိ ၈၆၄ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်းနှင့် ဒေသတွင်းစားသုံးနိုင်ရေးနှင့် ဆီစားသုံးမှုဖူလုံစေရေးကို အထောက်အကူပြုနိုင်ရန် အထွက်နှုန်းကောင်းမွန်သည့် ဆီထွက်သီးနှံများပိုမိုစိုက်ပျိုးနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း ငဖဲမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ငဖဲမြို့နယ်၌ ယခုနှစ်ဆောင်းသီးနှံ စိုက်ပျိုးရာသီတွင် ဆီထွက်သီးနှံ မြေပဲ၊ နေကြာ၊နှမ်းနှင့် ပန်းနှမ်းစိုက်ပျိုးခြင်းကို တစ်မြို့နယ်လုံး၌ ဧက ၁၉၀၀ စိုက်ပျိုးရန်လျာထားပြီး ဒေသခံတောင်သူများက ယခုနှစ်အောက်တိုဘာလမှ စတင်စိုက်ပျိုးခဲ့ရာ လက်ရှိအချိန်ထိ ၈၆၄ ဧက စိုက်ပျိုးပြီးဖြစ်သည်။

ငဖဲမြို့နယ်၌ ၂၀၂၄-၂၀၂၅ ခုနှစ် ဆီထွက်သီးနှံ (ဆောင်း)များအဖြစ် လက်ရှိအချိန်ထိ မြေပဲ ၁၅၁ ဧက၊ နေကြာ ၅၁၇ ဧက၊ နှမ်းဧက ၁၂၀ နှင့် ပန်းနှမ်း ၇၆ ဧက စုစုပေါင်း ၈၆၄ ဧက စိုက်ပျိုးပြီးစီးပြီး



ဒေသခံတောင်သူများအနေဖြင့် လျာထားချက်ပြည့်မီရေး စိုက်ပျိုးဆောင်ရွက်လျက်ရှိကြောင်း၊ အထွက်နှုန်းကောင်းသည့် ဆီထွက်သီးနှံများ ယခင်ကထက် ပိုမိုစိုက်ပျိုးခြင်းအားဖြင့် ဒေသတွင်းစားသုံးဆီဖူလုံလာမည်ဖြစ်သကဲ့သို့ ဆီဈေးနှုန်းတည်ငြိမ်ကျဆင်းစေမည်ဖြစ်ပြီး ဒေသခံတောင်သူများနှင့်ဆက်စပ်လုပ်ငန်းလုပ်ကိုင်သူများ၏ လူမှုစီးပွားဘဝများပိုမိုတိုးတက်လာမည်ဖြစ်ကြောင်း သိရသည်။**မယု(ငဖဲ)**

# ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်တွင် ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည့် ဝန်ကြီးဌာနအားကစားသမားများအား ဂုဏ်ပြု



နေပြည်တော် ဒီဇင်ဘာ ၂၅

ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်တွင် ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည့်ဝန်ကြီးဌာန အားကစားသမားများအား ဂုဏ်ပြုခြင်းအခမ်းအနားကို ယမန်နေ့ညနေပိုင်းက စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး စုဝေးဆောင်ခန်းမ၌ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်နှင့်ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အားကစားမောင်မယ်များ၊ နည်းပြများနှင့်အားကစားအသင်းတာဝန်ခံများ တက်ရောက်ကြသည်။

အခမ်းအနားတွင်ပြည်ထောင်စုဝန်ကြီးက ဂုဏ်ပြုအမှာစကားပြောကြားပြီး တစ်ဦးချင်းအားကစားထူးချွန်ဆုများကို ချီးမြှင့်ပေးအပ်သည်။

ယင်းနောက် ဒုတိယဝန်ကြီးများက အသင်းလိုက်အားကစားဆုများကို ချီးမြှင့်ပေးအပ်ကြရာ အားကစားအသင်းတာဝန်ခံများက လက်ခံရယူကြကာ အားကစားအသင်းအလိုက် တာဝန်ခံများက ပဉ္စမအကြိမ်အမျိုးသားအားကစားပွဲတော်တွင် ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည့် ပြိုင်ပွဲအတွေ့အကြုံများနှင့် အားသာချက်၊ အားနည်းချက်များကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများသည် ဝန်ကြီးဌာနအားကစားသမားများနှင့်အတူ ဂုဏ်ပြုလက်ဖက်ရည်အတူတကွသုံးဆောင်ခဲ့ကြသည်။

ပဉ္စမအကြိမ်အမျိုးသားအားကစားပွဲတော်တွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနကိုယ်စားပြု အားကစားသမားများက အားကစားနည်းခြောက်မျိုးတွင် ပါဝင်ယှဉ်ပြိုင်ခဲ့ကြရာ ရွှေတံဆိပ်တစ်ခု၊ ငွေတံဆိပ်နှစ်ခု၊ ကြေးတံဆိပ်သုံးခုရရှိခဲ့ကြောင်း သိရသည်။ (သတင်းစဉ်)

# အမျိုးသားပရဆေးဥယျာဉ်ကို ပြည်ထောင်စုဝန်ကြီး ပါမောက္ခဒေါက်တာသက်ခိုင်ဝင်း ကြည့်ရှုစစ်ဆေး



နေပြည်တော် ဒီဇင်ဘာ ၂၅

ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ပါမောက္ခဒေါက်တာသက်ခိုင်ဝင်းနှင့် တာဝန်ရှိသူများသည် ယနေ့နံနက်ပိုင်းတွင် အမျိုးသားပရဆေးဥယျာဉ်သို့ သွားရောက်ကာ ပရဆေးဥယျာဉ်အတွင်း သန့်ရှင်းသာယာလှပရေးဆောင်ရွက်နေမှု၊ ဆေးဖက်ဝင်ပရဆေးပျိုးပင်များ ပြုစုထိန်းသိမ်းထားရှိမှုအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ဆေးဖက်ဝင်ပရဆေးပျိုးပင်များ၊ တိုင်းရင်းဆေးဝါးများ ပြည်သူများကို ရောင်းချပေးနိုင်ရေးအတွက် အရောင်းဆိုင်ဖွင့်လှစ်ဆောင်ရွက်ထားရှိရန်၊ ပြည်သူများအပန်းဖြေအနားယူရာတွင် အဆာပြေစားသောက်နိုင်ရေးအတွက် စားသောက်ဆိုင်ဖွင့်လှစ်ပေးရန် မှာကြားသည်။

ယင်းနောက် ပရဆေးဥယျာဉ်အတွင်းရှိ ဆေးဖက်ဝင်ဂမုန်းနှင့် ရောဂါကြီးခြောက်မျိုးသုံးအပင်များစိုက်ပျိုးထားသည့် ပျိုးစင်များ၊ ပရဆေးစိုက်ကွက်များ၊ တိုင်းရင်းဆေးပြတိုက်လမ်းတစ်လျှောက် လမ်းများပြုပြင်ဆောင်ရွက်မှုကိုကြည့်ရှုစစ်ဆေးပြီး တိုင်းရင်းဆေးပြတိုက်အတွင်းရှိ ရှေးအစဉ်အဆက်မှ သမားတော်ကြီးများ၊ နယကြီးလေးပါးဆိုင်ရာပြကွက်၊ ရေထွက်၊ မြေထွက်၊ အပင်ထွက်ပစ္စည်းများပြသထားရှိမှု၊ တိုင်းရင်းဆေးပညာဦးစီးဌာနမှ ထုတ်ဝေထားရှိသော အသိပညာပေးစာအုပ်များ၊ လက်ကမ်းစာစောင်များအား လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ အာဆီယံနိုင်ငံများမှ ခေါင်းဆောင်များ အမှတ်တရစိုက်ပျိုးထားသည့်အပင်များ ထိန်းသိမ်းထားရှိမှုအခြေအနေကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ပတ်ဝန်းကျင်သာယာလှပရေးဆောင်ရွက်ရန်၊ ရေ၊ မြေ၊ ရာသီဥတု သဘာဝနှင့်ကိုက်ညီမှုမရှိသော စိုက်ပျိုးရန်ခက်ခဲသည့် ပရဆေးပင်များအား ဥယျာဉ်အတွင်း၌ စိုက်ပျိုးနိုင်ရန်အတွက် လက်ရှိ Greenhouse ထက် ပိုမိုကောင်းမွန်သောစနစ်ဖြင့် စိုက်ပျိုးနိုင်ရေးစီစဉ်ဆောင်ရွက်ရန်၊ သက်ဆိုင်ရာနီးနွယ်ဝန်ကြီးဌာနများမှ ပညာရှင်များနှင့်ပူးပေါင်းဆောင်ရွက်သွားရန်၊ ပြည်သူများအတွက် အပန်းဖြေစေနိုင်ပြီး တိုင်းရင်းဆေးပညာရပ်ဆိုင်ရာဗဟုသုတများ၊ ပရဆေးပင်ဆိုင်ရာဗဟုသုတများ၊ ကျောင်းသူ ကျောင်းသားများအတွက် ဗဟုသုတရရှိစေပြီး လက်တွေ့ကွင်းဆင်းလေ့လာနိုင်သော အဆင့်မီဥယျာဉ်ဖြစ်စေရေး စီစဉ်ဆောင်ရွက်ရန် ဆွေးနွေးမှာကြားကြောင်းသိရသည်။

(သတင်းစဉ်)

# မြန်မာနိုင်ငံလူမွဲခံယူခြင်းဆိုင်ရာကျွမ်းကျင်သူများအသင်း၏ စတုတ္ထအကြိမ် နှစ်ပတ်လည်အထွေထွေအစည်းအဝေးကျင်းပ

ရန်ကုန် ဒီဇင်ဘာ ၂၅

မြန်မာနိုင်ငံ လူမွဲခံယူခြင်းဆိုင်ရာကျွမ်းကျင်သူများအသင်း၏ စတုတ္ထအကြိမ် နှစ်ပတ်လည်အထွေထွေအစည်းအဝေးကို ယနေ့ နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ အဆင့်မြင့်စာရင်းကိုင်နှင့် စာရင်းစစ်သင်တန်းကျောင်း၌ ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့်ကျင်းပသည်။

အစည်းအဝေးတွင် ပြည်ထောင်စုစာရင်းစစ်ချုပ် လူမွဲခံယူခြင်းဆိုင်ရာကျွမ်းကျင်သူများ ကြီးကြပ်ရေးကောင်စီဥက္ကဋ္ဌ ဒေါက်တာခင်နိုင်ဦးက Video Message ပေးပို့၍ အဖွင့်အမှာစကားပြောကြားရာတွင် မြန်မာနိုင်ငံလူမွဲခံယူခြင်းဆိုင်ရာကျွမ်းကျင်သူများအသင်းကို ၂၀၂၀ ပြည့်နှစ် ဇွန်လ ၁ ရက်မှ စတင်တည်ထောင်ခဲ့ရာ ယခုဆိုလျှင် သက်တမ်းလေးနှစ်ကျော်ခဲ့ပြီဖြစ်ကြောင်း၊ လူမွဲခံယူခြင်းဆိုင်ရာ ကျွမ်းကျင်သူများ ကြီးကြပ်ရေးကောင်စီအနေဖြင့်လည်း လူမွဲခံယူခြင်းဆိုင်ရာကျွမ်းကျင်သူများနှင့်စပ်လျဉ်းပြီး ဥပဒေဆိုင်ရာလိုအပ်ချက်များကို သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့်ပေါင်းစပ်၍ ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိကြောင်း၊ အသင်းသားများအနေဖြင့် မိမိတို့၏ကိုယ်ပိုင်အရည်အချင်းများ တိုးတက်စေရေးဆောင်ရွက်ကြရန်နှင့် ပညာရပ်ဆိုင်ရာဖွံ့ဖြိုးတိုးတက်ရေး အစီအစဉ်များတွင် တက်ကြွစွာပါဝင်ဆောင်ရွက်ခြင်းဖြင့် လုပ်ငန်းတာဝန်များကို ကျွမ်းကျင်မှုဖြင့် ထိရောက်စွာထမ်းဆောင်နိုင်ကြသူများအဖြစ် အလေးထားကြိုးပမ်းဆောင်ရွက်ကြရန် လိုအပ်ကြောင်း တိုက်တွန်းပြောကြားသည်။

ထို့နောက် အစည်းအဝေးသဘာပတိ အသင်း၏ဥက္ကဋ္ဌ ဦးမိုးကျော်က နှုတ်ခွန်းဆက်အမှာစကားပြောကြားပြီး အသင်းတာဝန်ရှိသူများက အသင်း၏ ဒါရိုက်တာအဖွဲ့အစီရင်ခံစာ၊ ဘဏ္ဍာရေးရှင်းတမ်းများ၊




ပြင်ပစာရင်းစစ်အစီရင်ခံစာတို့ကို ဖတ်ကြားတင်ပြအတည်ပြုခြင်း၊ ဒါရိုက်တာအဖွဲ့ဝင်များ အသစ်ခန့်အပ်ခြင်း၊ ပြင်ပစာရင်းစစ်ခန့်အပ်ခြင်းနှင့် အခကြေးငွေသတ်မှတ်ခြင်းတို့ကို အစီအစဉ်အတိုင်းဆောင်ရွက်ကြပြီး အစည်းအဝေးသဘာပတိ ဦးမိုးကျော်က နိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

အဆိုပါ အခမ်းအနားသို့ အသင်း၏ ဒါရိုက်တာအဖွဲ့ဝင်များနှင့် အသင်းဝင်များ တက်ရောက်ကြကြောင်း သိရသည်။

(သတင်းစဉ်)

## မှတ်ပုံတင်မော်တော်ယာဉ်များအားလုံး ယာဉ်စစ်ဆေးပြီးမှသာ ယာဉ်မှတ်ပုံတင်လုပ်ငန်းများဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အသိပေးကြေညာခြင်း

၁။ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနတွင် မှတ်ပုံတင်ထားသည့်မော်တော်ယာဉ်များအနက် Road Safety အရေးကြီးသည့် အများပြည်သူသယ်ယူပို့ဆောင်ရေးခရီးသည်တင်ယာဉ်များ၊ ယာဉ်မှန်/မမှန်စစ်ဆေးခြင်း၊ ပြောင်းလဲခြင်းများအတွက် ယာဉ်စစ်ဆေးခြင်း၊ နယ်ဝင်ယာဉ်များကို စစ်ဆေးခြင်းတို့နှင့် အကျုံးဝင်သည့်ယာဉ်များ၊ Taxi အငှားယာဉ်များ၊ School Bus ယာဉ်များနှင့် (၂)တန်နှင့်အထက် အငှားယာဉ်များအား ယာဉ်စစ်ဆေး၍ သက်တမ်းတိုးဆောင်ရွက်ပေးလျက်ရှိပါသည်။

၂။ ယခုအခါ ယာဉ်များကြံ့ခိုင်မှုကောင်းမွန်စေရေးနှင့် အများပြည်သူဆိုင်ရာလမ်းများပေါ်တွင် အန္တရာယ်ကင်းစွာသွားလာနိုင်ရေးအတွက် မှတ်ပုံတင်မော်တော်ယာဉ်များအားလုံးကို ၁-၁-၂၀၂၅ ရက်မှစ၍ ယာဉ်သက်တမ်းတိုးခြင်းအပါအဝင် ယာဉ်မှတ်ပုံတင်လုပ်ငန်းများအတွက် ယာဉ်စစ်ဆေးပြီးမှသာ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန

MYAWADY IN ENGLISH
www.myawady.net.mm DAILY EDITION E-mail:mwddailynewspapergroup@gmail.com

# MRF establishes organic fertilizer model farms in Nay Pyi Taw, 4 regions

NAY PYI TAW December 25

Myanmar Rice Federation (MRF) stated that model farming with utilization of organic compound fertilizer reached 39 plots in Nay Pyi Taw, Yangon, Bago, Mandalay and Ayeyawady regions in the 2024-2025 monsoon paddy season.

Department of Agriculture, MRF and organic fertilizer manufacturing companies joined hands to do research on model farming with the use of organic compound fertilizer to ramp up paddy yield, save some agricultural input, create sustainable agriculture and improve good agricultural practices.

Demonstration, farmers awareness campaigns and harvesting were conducted in those research farms.

MRF has been carrying out repatriation activities in flood-stricken areas affected by Typhoon Yagi in early September. They are joining hands with related institutions and departments for agricultural post-flood recovery programmes. MRF contributed towards vulnerable farmers who suffered due to unprecedented flooding, along with affiliated associations (Myanmar Rice Millers Association, Myanmar Paddy Producers Association, Myanmar Rice and Paddy Traders Association, member companies). MRF put Ks-500 million for the donation of rice bags, paddy seed and fertilizer and Ks-1.25 billion of capital revolving fund to offer zero-interest loans for farmers through a Leading Group for the Protection of Farmer Rights and Enhancement of their Benefits under the Ministry of Agriculture, Livestock and Irrigation under those programmes.

**SK**

# Kayin State prepares for Kayin New Year celebration

HPA-AN December 25

Preparations are in progress in Hpa-an, Kayin State, for the Kayin New Year celebration, scheduled for 30 December 2024, which coincides with the first waxing of Pyatho.

The first waxing day of Pyatho in the Myanmar lunar calendar marks the Kayin New Year. This year, 11 January also fell on the first waxing day of Pyatho, making the upcoming celebration the second Kayin New Year in 2024.



"According to the Myanmar calendar, this rare occurrence happens every four or five years. During the last New Year, a large frog drum and a buffalo horn sculpture were crafted in the field of Taungkalay. This year, preparations are underway to create a large Kayin national flag," shared a resident of Taungkalay village in Hpa-an Township.

At the upcoming Kayin New Year Festival, food will be served to attendees of the unveiling ceremony for the 'Kayin National Flag.' Additionally, sports competitions and traditional Don Yein dance contests will take place across Kayin State on Monday, 30 December, to celebrate Kayin New Year 2764.**SK**

# Ayadaw Township completes cultivation of black gram



AYADAW December 25

Statistics of Monywa District Agriculture Department stated that a total of 2,309 acres of black gram has been planted in Ayadaw Township of Sagaing Region this cold season.

In 2024-2025 financial year, the township planned to grow 3,050 acres of black gram but local farmers have so far planted 2,309 acres of black gram.

Daw San San Myint, Head of Monywa District Agriculture Department disclosed: "We planned to grow more than 3,000 acres of black gram, more than 2,000 acres of which has been planted in Ayadaw Township. Local farmers and departmental officials are striving to meet the target cultivation. We helped local farmers with necessary technologies, quality seeds, pesticides and fertilizers."

The department arranges provision of suitable quality strains of crops, agricultural techniques, prevention of pests, systematic use of fertilizers and pests for boosting per-acre yield.

This year, relevant officials from the Township Agriculture Department distribute quality seeds of crops, agricultural inputs, and post-harvest technology to local farmers in order to increase per-acre yield of crops. **SK**

# Mudon Township plans to grow 1,000 acres of summer paddy

MUDON December 25

Local farmers in Mudon Township of Mon State have earmarked to plant 1,000 acres of summer paddy, using agricultural water through a network of canals and ditches from the dam in 2024-2025 fiscal year, according to the Township Agriculture Department.

Officials from the Township Agriculture Department are providing technical assistance to farmers starting from the second week of December this year in line with the guidance of the State Government.

To ensure agricultural success and boost summer paddy yields, staff from the Township Agriculture Department are making field trips and providing farmers with necessary assistance such as agricultural techniques, good quality seeds, fertilizer, methods of planting and prevention of pest infestation in collaboration with relevant farmers in the Township. **SMK**

# Winter agricultural loans disbursed to farmers in Kawa Township

KAWA December 25

Winter agricultural loans were disbursed to farmers who have already paid back the loans in 2023 fiscal year at the flat ground of Ngahtatkyi Pagoda in Kawa Township, Bago District of Bago Region at 10:00 am on 23 December.

First of all, U Min Naing, manager of the Myanma Agricultural Development Bank (branch), called on farmers to pay back the loans during the set date, and explained rules and regulations of the bank to be abode by farmers.

The bank dispenses Ks-100,000 per acre of farmland to farmers in the township. As of now, the bank disbursed Ks-118.3 million of loans to 161 farmers from Ward-2 and Zayphalon Village in the township for 1,183 acres of croplands.

The bank will continue to disburse the loans to the rest of farmers in the township till the end of December 2024, according to the Myanma Agriculture Development Bank (branch). **SMK**

# Farmers reap monsoon paddy in Htigyaing Township

HTIGYAING December 25

Statistics of Htigyaing Township Agriculture Department stated that a total of 7,506 acres of monsoon paddy has been harvested in the township of Sagaing Region this year.

Farmers planted 40,010 acres of monsoon paddy in Htigyaing Township this year. They started harvesting of paddy in October this year. So far, they have completed harvest of 7,506 acres of crops, yielding 89.76 baskets per acre.

U Ko Ko Aung, Head of Htigyaing Township Department of Agriculture, explained: "Local farmers planted more than 40,000 acres of monsoon paddy. So far, they have reaped more than 7,000 acres of paddy. Our department provided necessary agricultural techniques for local farmers in addition to quality strains of crops."

Officials of the Township Department of Agriculture cooperated with local farmers in growing monsoon paddy without difficulties this year.

Agricultural staff members urged farmers to minimize loss and waste in harvesting crops and keep them in the shelters in time.

Monsoon paddy plantations are thriving in the township. Officials of the township department help farmers select quality strains of crops, prevent pests and systematically use fertilizers.

SMK



# Mount Taungwine in Mawlamyine resumes the trekking season

MAWLAMYINE December 25

During the trekking season of Mount Taungwine located in Mawlamyine resumed in December, the arrival of walkers and pilgrims has reached even over 2,000 on weekends, according to the Sasananwe Foundation.

On 21 and 22 December, there were 1,200 and 2,000 walkers respectively and around 1,500 on some days. It is expected that the visitor arrival will be larger during coming long holidays, said residents.

"Taungwine is like Mandalay Hill. We can view our town, Mawlamyine from the top of Mount Taungwine so people enjoy visiting here. The trekking path is crowded from 5 am," said a resident.

Recently, the weather has become cold at the foot of the mountain and walkers are advised to get dressed warmly. The three-month trekking and pilgrimage season, which is designated in December, January and February, started on 1 December, said the Sasananwe Foundation.

SK

# ChaungU Township cultivates over 1,000 acres of winter sunflowers



CHAUNGU December 25

A total of 1,305 acres of sunflowers have been planted in this winter crops planting season in ChaungU Township, Monywa District, Sagaing Region, according to statistics from the Department of Agriculture for ChaungU Township

During the 2024-2025 winter crops planting season, 2,760 acres of winter sunflowers are planned to be planted in ChaungU Township, and since October this year, 1,305 acres have been planted.

"We are working to reach the target area. In order to reduce the palm oil imported from abroad, we are expanding the cultivation of sunflower, which is an oilseed crop. Sunflower, which is an oil crop, produces more oil per acre than other peanuts and sesame," said Daw Khin Myat Myat Oo, head of the Department of Agriculture for ChaungU Township.

It is reported that the Department of Agriculture of the township is speeding up educational courses for the expansion of sunflower cultivation in ChaungU Township and training courses are being conducted for the employees and the farmers who will grow sunflowers to improve their performance.

SMK

# Reddish trading high in Myanaung Township

MYANAUNG December 25

"Reddish produced in Myanaung Township of Ayeyawady Region is in good trading," said Daw Phyu Aung, the green grocery trader in Myanaung Township.

Local farmers emphasize cultivation of reddish. So, reddish weighing some 250 viss is traded daily from the second week of November to date.

Daw Phyu Aung explained: "Myanaung Township produces plentiful reddish with free from pests. Now, reddish trading booms in the region starting from the second week of November this year. Its price is slightly high due to high demand in the region."

Thanks to good trading of reddish, those in production chain are convenient in their livelihoods. At present, reddish fetches Ks-35,000 per 10 viss in the market.

SK

# Strawberries from Shan State increase demand in the local market

TAUNGGYI December 25

Now, strawberries are being harvested abundantly in Shan State's Taunggyi and loads of orders have been on the rise.

Orders have been placed from Dawei, Hpa-an and Myawady and the price has fallen now compared to the beginning of harvest season in November.

"Strawberry production has been plentiful now. Orders have been on the rise too. Even we have to request to wait. We are unable to transport daily because the supply is inadequate," said Ma Sandi Taya, a fruit retail and wholesale distributor from Taunggyi Township.

Strawberry is one of the most-consumed fruits and among the best-selling seasonal fruits in Myanmar. This year's strawberry production is larger than that of last year and it is mainly grown in Hopong Township.

SK

# Laypin plum trade rises in Yangon fruit market

YANGON December 25

Newly harvested Laypin plums have been traded well in the Yangon fruit market.

These plums are called Laypin plums as they are produced from Laypin Village located along the road to Mann Shwesettaw Pagoda in central Myanmar and the flavour is distinctly sweet. Laypin plums are available only for three months of the year.

"The recent best-seller fruit is Laypin plum which is produced from Shwesettaw Laypin Village. It is its season and just begins now. The Laypin plum trade has been pretty good since the beginning of the season. It is one of the most marketable fruits in Yangon. It is different from other plums and quite sweet," said Ma Thin Thin Hlaing, fruits retail and wholesale distributor from Hmawbi Township.

Laypin plum is crunchy and the flavour is distinctively sweet from the stage of young fruit and sweeter when it ripens. Despite being sweet, it is hardly to be infected and can be harvested from November to March.

In 2023, Laypin plums were traded online in Pyay, and since then the fruit has become more popular in the local fruit market.

SMK

# Air defence destroys 59 Ukrainian drones over 5 Russian regions, Sea of Azov - MoD

MOSCOW December 25

The air defence destroyed 59 Ukrainian drones over five Russian regions and the Sea of Azov last night, the Russian Defence Ministry said on Wednesday.

"Over the past night, air defence systems destroyed 59 Ukrainian unmanned aerial vehicles: 26 drones were shot down over the Belgorod Region, 23 over the Voronezh Region, three drones each over the Kursk, Bryansk and Tambov Regions, and one over the Sea of Azov," the ministry said.

Ukraine has been sending drones and missiles into Russia almost daily since it launched its counteroffensive in early June 2023. The United Nations said in August last year, following a botched drone strike on Moscow, that it did not want to see any targeting of civilian infrastructure.

**Sputnik**

# Soyuz rocket with Resurs-P satellite blasts off from Baikonur

BAIKONUR December 25

On March 31, a similar satellite, the Resurs-P Number 4, was launched into orbit aboard a Soyuz-2.1b rocket from Baikonur.

Sputnik brings you live coverage as the Russian Resurs-P satellite launches from Baikonur aboard the 2000th Soyuz-2.1b rocket, marking a significant milestone in space exploration. The satellite's journey into orbit is expected to take exactly 9 minutes and 23 seconds.

The Resurs-P satellites are capable of capturing Earth images with a resolution of 70 centimeters (27.5 inches). This high-resolution data is essential for monitoring pollution, assessing environmental degradation, exploring natural resources, evaluating ice conditions, and conducting emergency monitoring. Additionally, the imagery is invaluable for updating topographic and navigational maps.



Soyuz Rocket with Resurs-P satellite blasts off from Baikonur.

**Sputnik**

# Electricity connection between Finland, Estonia disrupted

HELSINKI December 25

The Estlink 2 electricity connection between Finland and Estonia has been disrupted, according to local media reports on Wednesday.

The reports, citing a statement from Finland's grid operator Fingrid, indicated that the direct current connection went offline at 12:26 p.m. (1026 GMT) on Wednesday. At the time of the disruption, power transmission from Finland to Estonia was reported to be 658 MW. Fingrid has launched an investigation to determine the cause of the outage.

The Estonian Public Broadcasting (ERR) reported that Elering, the Estonian grid operator, has also confirmed the outage but stated that the reason for the disconnection remains unknown. Investigations are ongoing on both sides of the connection.

Estlink 2, in operation since 2014, is a high-voltage direct current (HVDC) link that connects Finland and Estonia. It was built to complement Estlink 1, the first HVDC connection between the two countries, which was commissioned in 2006.

**Xinhua**

# Azerbaijan airlines plane from Baku crashes near Kazakhstan's Aktau

ALMATY December 25

A passenger plane operated by Azerbaijan Airlines from Baku to Grozny crashed near the Kazakh city of Aktau on Wednesday, Kazakhstan's Ministry of Emergency Situations (MES) said.

The Embraer 190 aircraft with flight number J2-8243 crashed near Aktau Airport. The ministry reported 28 survivors in the incident, with rescue operations ongoing.

There were 67 people on board, including 62 passengers and five crew members, Azerbaijan Airlines said on X.

According to Kazakh media reports, the passengers on board included 37 citizens from Azerbaijan, 16 from Russia, six from Kazakhstan, and three from Kyrgyzstan.

The Chinese Consulate General in Aktobe confirmed to Xinhua that there were no Chinese nationals on board the plane.

The initial cause of the tragedy appears to be a bird strike.

The MES dispatched 52 personnel and 11 units of equipment to the site, where the aircraft was found to be on fire.

The Embraer 190 aircraft is designed to carry between 96 and 114 passengers, depending on its cabin configuration. The aircraft can fly up to 4,500 km.

According to FlightAware, the aircraft took off from Baku 11 minutes ahead of schedule. While flying over the Caspian Sea, it issued an emergency signal.



An aerial drone photo taken on December 25, 2024 shows the plane crash site near Aktau, Kazakhstan.

Azerbaijani media reported that the aircraft was unable to obtain permission to land in Grozny due to fog, leading it to be redirected to Makhachkala and later to Aktau.

Azerbaijan Airlines has assured that more information will be provided, while local authorities and emergency services are investigating the crash.

**Xinhua**

# Southeast Australia hit by extreme heat, bushfire risks

CANBERRA December 25

Southeast Australia has been hit by increasing risks for extreme heat and bushfires amid hot and dry Christmas weather, with high fire dangers in places throughout much of Australia.

Residents of at least three states are facing total fire bans and warnings of power outages.

South Australian capital Adelaide is estimated to record the highest Christmas temperature since 2016, as the state of Victoria has been fighting raging fires in the Grampians.

"[Conditions] are ripe for fires to become uncontrollable and uncontainable, particularly with fires already ongoing around the Grampians and central parts of Victoria," the Guardian Australia quoted senior meteorologist Dean Narramore as saying on Wednesday, warning of extreme fire dangers due to hot, dry and windy conditions through parts of South Australia and Victoria.

Narramore said the fire risk would be the worst after the 2019 bushfire, and that South Australia is in one of the driest periods on record.


**Xinhua**

## Public Notice for Elimination of Violence

1. Declaring themselves to be “for the people”, the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting “CRPH”, “NUG”, and “PDF” terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.


# World’s fastest object completes NASA sun mission as historic ‘as Apollo moon landing’

- **Earth is ‘overdue’ a devastating solar SUPERFLARE, scientists warn**



NASA’s Parker Solar Probe (pictured) will make history on Christmas Eve as it becomes the closest human-made object to the sun.

A NASA probe made history Christmas Eve after becoming the closest human-made object to the sun, a feat scientists say was as historic as the Apollo moon landing.

The Parker Solar Probe zoomed within just 3.8 million miles of the sun's surface at 6:53am ET.

Moving at speeds of up to 430,000mph and enduring temperature of up to 1,800F, the car-sized probe 'touched' the sun to help scientists better understand the star.

During that brief flyby, the it passed through the sun's super-hot outer atmosphere called the corona - the origin of solar storms which have the potential to cause chaos on Earth.

Although the Parker probe endured boiling temperatures, its near-indestructible heat shield should allow it to survive the extreme conditions.

However, mission scientists will have to wait until Friday for confirmation as they lose contact with the craft for several days due to its proximity to the sun.

Thomas Zurbuchen, former head of science for NASA, said: 'NASA's Parker Solar Probe has accomplished a feat that is as historic and significant as the moon landing.'

Nick Pinkine, Parker Solar Probe mission operations manager at the Johns Hopkins Applied Physics Laboratory (APL), said: 'No human-made object has ever passed this close to a star, so Parker will truly be returning data from uncharted territory.'

The Christmas Eve flyby is the first of three record-setting close passes, with the next two - on March 22, 2025, and June 19, 2025 - both expected to bring the probe back to a similarly close distance from the sun.

The Parker Solar Probe launched from Cape Canaveral in August 2018 before embarking on the 93 million-mile journey to the sun.

The goal was to gather more data about the sun's corona by flying as close as possible through the stellar atmosphere.

Because the gravitation pull is so strong at this distance, the probe needs to be moving incredibly fast to avoid slipping into the heart of the sun.

To do this, the probe has been repeatedly 'slingshot' around the sun and Venus, getting progressively faster with each pass.

In 2021, Parker made its first successful pass of the solar corona, dipping into a region where temperatures can reach over one million degrees Centigrade for up to five hours.

Since then, Parker has completed 21 solar slingshots, but tomorrow the probe will smash its own record for both speed and distance.

After completing its seventh loop around Venus in November, Parker used that 'gravity assist' to fly seven times closer to the star than any other spacecraft.

Parker surpassed its previous speed record of 395,000 mph, according to NASA.

At its top speed, the probe moved 300 times faster than a Lockheed Martin F-16 fighter jet or 200 times faster than a rifle bullet.

Arik Posner, Parker Solar Probe program scientist for NASA, says: 'This is one example of NASA's bold missions, doing something that no one else has ever done before to answer longstanding questions about our universe.'

In order to avoid melting during that time, the Parker Solar Probe was designed to withstand unbelievably high temperatures.

The body of the probe itself is protected by an eight-foot-wide heat shield made of a type of carbon foam.

Although this shield is just 4.5 inches thick, its material composition makes it almost indestructible.

Johns Hopkins APL explained in a mission briefing: 'One yard behind that, where the body of the spacecraft resides, it is almost room temperature.

'And all its systems will need to work perfectly for Parker to gather data from this dynamic environment near a star where no spacecraft has dared travel.'

Meanwhile, the Solar Probe Cup is made of Titanium-Zirconium-Molybdenum, a metal alloy with a melting point of 4,260 °F.

However, the probe's mission was about more than moving fast and withstanding high temperatures.

The data it brings back could make a huge difference in humanity's defenses against devastating solar flares.


Thanks to the intense temperatures and powerful magnetic fields, scientists haven't been able to look inside the sun's corona.

However, this region is the origin of the plasma and magnetic fields which trigger solar flares and coronal mass ejections.

As the sun enters its solar maximum this year, scientists have warned that Earth is long overdue for an impact from a superflare which could cause widespread blackouts and damage to satellite networks.

By gathering data from this region, NASA says the Parker Solar Probe will help scientists make better predictions about space weather.

That could buy Earth valuable time to protect our most vulnerable systems in the event of a dangerous solar flare.



This data will help scientists understand what goes on within the sun’s super-hot atmosphere. This could help us predict dangerous solar flares which have the potential to cause massive disruption on Earth.

Mr Posner says: 'We can't wait to receive that first status update from the spacecraft and start receiving the science data in the coming weeks.'

Parker will transmit a beacon on Friday, December 27 to confirm it has survived the flyby with more data soon to follow.

The probe is then expected to make four more close flybys in 2025, but none so close as tomorrow.

And while the craft will eventually be torn apart by the sun's gravity, the heat shield could continue to orbit for thousands of years to come. **Mail Online**

# ၂၀၂၄ ခုနှစ်အတွင်း သယ်ယူပို့ဆောင်ရေးကဏ္ဍမှ ထင်ရှားသောဖြစ်ရပ်များ

## ခရီးသည်တင်လေယာဉ်များအတွက် ကမ္ဘာ့ပထမဆုံး အလိုအလျောက်ထွက်ခွာစနစ်

လေကြောင်းစက်မှုလုပ်ငန်းမှာ ပထမဆုံးသော အောင်မြင်မှုတစ်ခုအဖြစ် အလိုအလျောက်ထွက်ခွာစနစ်ကို Embraer က ထုတ်ဖော်မိတ်ဆက်လိုက်ပါတယ်။ ဒီစနစ်ဟာ ခရီးသည်တင်လေယာဉ်များအတွက် ကမ္ဘာ့ပထမဆုံးသော အလိုအလျောက်ထွက်ခွာစနစ်လည်းဖြစ်ပါတယ်။

Embraer ကုမ္ပဏီက သူတို့ရဲ့ E2 အမျိုးအစားခရီးသည်တင်လေယာဉ်အတွက် အထောက်အပံ့ဖြစ်စေနိုင်ဖို့ အဆင့်မြင့်ထွက်ခွာစနစ်ကို မိတ်ဆက်လိုက်တာဖြစ်ပါတယ်။

ဒီစနစ်ကိုအသုံးပြုခြင်းအားဖြင့် ခရီးသည်တင်လေယာဉ်ရဲ့ စွမ်းအင်အသုံးပြုမှုကို ပိုမိုတိုးတက်စေနိုင်ပါတယ်။ အဲဒီကနေမှတစ်ဆင့် ခရီးသည်တင်လေယာဉ်ရဲ့ ပျံသန်းနိုင်တဲ့အကွာအဝေးကို တိုးမြှင့်နိုင်မှာဖြစ်သလို လေယာဉ်ရဲ့ကုန်စည်သယ်ဆောင်နိုင်မယ့်ပမာဏကိုလည်း မြင့်မားစေနိုင်မှာပါ။

ဒါ့အပြင် အခုဒီဇိုင်းက ခရီးသည်တင်လေယာဉ်ရဲ့လှည့်ပတ်မှုနဲ့ လမ်းကြောင်းပေါ်ရောက်ရှိမှုကို မြန်ဆန်စေတဲ့အတွက် ပြေးလမ်းလိုအပ်ချက်ကိုလည်း လျှော့ချပေးနိုင်မှာဖြစ်ပါတယ်။

ဒီလိုမျိုးအတွက် တစ်ခုတည်းသောလိုအပ်ချက်က လေယာဉ်ရဲ့အစိတ်အပိုင်းများမှလွဲပြီး ဆော့ဝဲတစ်ခုတည်းကိုသာ အဆင့်မြှင့်တင်ရမှာပါ။ **Ref: IE**

**K.H**




## တစ်နာရီမိုင် ၂၅၀ နှုန်းကို ၁၉ ဒသမ ၂ စက္ကန့်အတွင်း အရှိန်တင်နိုင်တဲ့ ကမ္ဘာ့အမြန်ဆုံးကား



Koenigsegg ဆိုတဲ့ မော်တော်ကားထုတ်လုပ်ရေးကုမ္ပဏီက သူတို့ရဲ့နောက်ဆုံးထုတ် ပြိုင်ကားအမျိုးအစားနဲ့အတူ ကမ္ဘာ့စံချိန်အသစ်ကို တင်လိုက်နိုင်တာတွေ့ရပါတယ်။

အဲဒီပြိုင်ကားအမျိုးအစားက Jesko Absolut ပါ။ ဒီပြိုင်ကားက အရှိန်နှုန်း သုညကနေ မိုင် ၂၅၀ အထိကို ၁၉ ဒသမ ၂ စက္ကန့်အတွင်း အရှိန်တင်နိုင်တာဖြစ်ပါတယ်။ သုညကနေ မိုင် ၂၅၀၊ မိုင် ၂၅၀ ကနေ သုညအထိ အရှိန်တင်၊ အရှိန်လျှော့ခြင်းကို ၂၈ ဒသမ ၂၇ စက္ကန့်အတွင်း လုပ်ဆောင်နိုင်တာပါ။

ဒီနှုန်းထားဟာ Regera ကားကတင်ထားတဲ့စံချိန်ထက် ၁ ဒသမ ၃၃ စက္ကန့် ပိုမြန်နေတာကိုတွေ့ရပါတယ်။ ဒါ့အပြင် Jesko Absolut ဟာ တစ်နာရီ မိုင် ၄၀၀ အထိကို အရှိန်တင်၊ အရှိန်လျှော့ခြင်းမှာလည်း ၂၇ ဒသမ ၈၃ စက္ကန့်သာရှိတယ်လို့ သိရပါတယ်။ **Ref: IE**

**K.H**

## ၅၂၃ မိုင်အထိစံချိန်တင်လိုက်တဲ့ ဟိုက်ဒရိုဂျင်စွမ်းအင်သုံး ဝေဟင်တက္ကစီ

လေကြောင်းနည်းပညာမှာ သန့်ရှင်းစွမ်းအင်ကိုအသုံးပြုမှုက တဖြည်းဖြည်းနဲ့ မြင့်မားလာတာနဲ့အမျှ လေကြောင်းကုမ္ပဏီတွေကလည်း ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်တွေကို တိုးမြှင့်အသုံးပြုလာနိုင်ဖို့ကြိုးစားလာကြပါတယ်။

ဒီအချိန်မှာ ဂျိုဘီလေကြောင်းကုမ္ပဏီက ဟိုက်ဒရိုဂျင်နဲ့ လျှပ်စစ်စွမ်းအင်အသုံးပြုတဲ့ ဝေဟင်တက္ကစီတစ်မျိုးကို ထုတ်ဖော်မိတ်ဆက်ထားတာရှိပါတယ်။ သူ့ရဲ့အောင်မြင်မှုကလည်း တကယ့်ကိုအံ့မခန်းပါပဲ။

သူတို့ကုမ္ပဏီရဲ့လက်တွေ့စမ်းသပ်မှုတစ်ခုမှာ အဲဒီဝေဟင်တက္ကစီက မရပ်မနားပျံသန်းမှုကို အောင်မြင်စွာလုပ်နိုင်တယ်လို့ဆိုပါတယ်။ အဲဒီလိုစမ်းသပ်ပျံသန်းမှုမှာ ဝေဟင်တက္ကစီက မိုင်ပေါင်း ၅၂၃ မိုင်အထိ အောင်မြင်စွာပျံသန်းလိုက်နိုင်တာကိုတွေ့ရပါတယ်။

ဒီလိုပျံသန်းစဉ်မှာလည်း ဝေဟင်တက္ကစီကနေ ထုတ်ပေးလိုက်တဲ့အရာကရေသာဖြစ်တာကြောင့် ပတ်ဝန်းကျင်ကိုလွန်စွာအကျိုးဖြစ်ထွန်းစေပါတယ်။

သမားရိုးကျအားဖြင့် လောင်စာဆီကိုသာအသုံးပြုနေရတဲ့ လေယာဉ်တွေမှာ ဟိုက်ဒရိုဂျင်စွမ်းအင်သုံးနည်းပညာကို ပြောင်းလဲအသုံးပြုခြင်းအားဖြင့် သဘာဝပတ်ဝန်းကျင်နဲ့လည်း လိုက်လျောညီထွေမှုရှိစေနိုင်တဲ့အတွက် နိုင်ငံဖြတ်ကျော်လေယာဉ်ကြီးများအထိ အသုံးပြုလာနိုင်မှာဖြစ်ပါတယ်။ **Ref: IE**

**K.H**



## အသံထက်မြန်ခရီးသည်တင်လေယာဉ်များ ပြန်လည်ထွက်ပေါ်လာမည်




Boom ကုမ္ပဏီရဲ့ အသံထက်မြန်လေယာဉ်နည်းပညာက အသံထက်မြန်ခရီးသည်တင်လေယာဉ်များစွာကို ပြန်လည်ထွက်ပေါ်လာစေမှာဖြစ်ပါတယ်။ အဓိကအကြောင်းရင်းကတော့ သူတို့ရဲ့စမ်းသပ်ဆဲ XB-1 လေယာဉ်က အမြင့်နှုန်းမှာသာမက အမြန်နှုန်းမှာပါ စံချိန်အသစ်တင်နိုင်လိုက်ခြင်းကြောင့်ဖြစ်ပါတယ်။

အဲဒီလေယာဉ်က အမြင့်ပေ ၂၅၀၄၀ အထိရောက်ရှိတဲ့အတွက် ဒါဟာ သူ့ရဲ့စံချိန်တွေထဲမှာ အမြင့်ဆုံးဖြစ်ပါတယ်။ ၅၄ မိနစ်ကြာပျံသန်းခဲ့တဲ့ XB-1 ရဲ့အမြန်နှုန်းက အသံထက် သုည ဒသမ ၈၂ ဆမြန်တဲ့နှုန်းနဲ့ဖြစ်ပါတယ်။

ကွန်းကော့လေယာဉ်ဆိုတာ အရင်က အသံထက်မြန်လေယာဉ်ဖြစ်ပေမယ့် ကုန်ကျစရိတ်မြင့်မားမှု၊ အသံကျယ်လောင်မှုတို့ကြောင့် ပြေးဆွဲမှုရပ်ဆိုင်းလိုက်ရတာဖြစ်ပါတယ်။ အခုတော့ XB-1 ကြောင့် အသံထက်မြန်ခရီးသည်တင်လေယာဉ်ပြေးဆွဲမှုက ပြန်လည်အသက်ဝင်လာမှာဖြစ်ပါတယ်။ **Ref: IE**

**K.H**

## လေတာဘိုင်များကိုသယ်မယ့် ကမ္ဘာ့အရှည်ဆုံးလေယာဉ်

ကော်လိုရာဒိုပြည်နယ်မှာအခြေစိုက်ထားတဲ့ Radia ကုမ္ပဏီက လေတာဘိုင်များကိုသယ်ဆောင်ပေးနိုင်မယ့် ကမ္ဘာ့အရှည်ဆုံးလေယာဉ်ကြီးကို ဖန်တီးလိုက်နိုင်ပါတယ်။



လေတာဘိုင်ကြီးတွေကို သယ်ယူပို့ဆောင်ရေးလုပ်ငန်းဟာ အင်မတန်ခက်ခဲတဲ့လုပ်ငန်းတစ်ခုဖြစ်ပြီး ကုန်ကျစရိတ်လည်း မြင့်မားတဲ့လုပ်ငန်းတစ်ခုဖြစ်ပါတယ်။

အခု Radia ကုမ္ပဏီက WindRunner လို့ခေါ်တဲ့ ကမ္ဘာ့အရှည်ဆုံးလေယာဉ်ကြီးကိုဖန်တီးပြီး ကုန်းလမ်းကနေသယ်ယူပို့ဆောင်စရိတ်နဲ့ တန်းတူဖြစ်စေမယ့်လုပ်ငန်းကြီးကို တည်ထောင်လိုက်တာဖြစ်ပါတယ်။ ဒါဟာ သန့်ရှင်းစွမ်းအင်အသုံးပြုနိုင်မှုအတွက် အောင်မြင်မှုတစ်ခုလည်း ဖြစ်လာပါတယ်။ **Ref: IE**

**K.H**

# ယူကရိန်းရှိစစ်ရေးပစ်မှတ်များကို ရုရှားက တိကျမှုရှိသော တာဝေးတိုက်ခိုက်မှုများပြုလုပ်

**မော်စကို၊ စစ်ရေး**

ရုရှားတပ်ဖွဲ့များက ဒီဇင်ဘာလ ၂၅ ရက် နံနက်ပိုင်းတွင် ယူကရိန်းနိုင်ငံရှိ စစ်ရေးပစ်မှတ်များကို တိကျမှုရှိသော တာဝေးတိုက်ခိုက်မှုများလုပ်ဆောင်ကြောင်း ရုရှားကာကွယ်ရေးဝန်ကြီးဌာနက ထုတ်ပြန်ထားသည်။

ယခုစစ်ဆင်ရေးတွင် ယူကရိန်းနိုင်ငံရှိ စစ်ဘက်စက်မှုလုပ်ငန်းများသို့ လျှပ်စစ်ဓာတ်အားပေးနေသော စွမ်းအင်အခြေခံအဆောက်အအုံများကို ဒုံးကျည်များနှင့် ဒရုန်းများအသုံးပြု၍ တိုက်ခိုက်ခဲ့ခြင်းဖြစ်ကြောင်းနှင့် ရည်မှန်းချက်များအားလုံးကို အောင်မြင်စွာဆောင်ရွက်နိုင်ကြောင်း ထုတ်ပြန်ချက်တွင်ဖော်ပြထားသည်။

ထိုသို့တိုက်ခိုက်ရာ၌ ရုရှားက ဒုံးကျည်အစင်း ၇၀ ခန့်နှင့် အသေခံဒရုန်းအစင်း ၁၀၀ ကျော်တို့ကို အသုံးပြုထားကြောင်းနှင့် ဒေသခြောက်ခုရှိ ပစ်မှတ်များစွာမှာ တိုက်ခိုက်ခံရကြောင်း ယူကရိန်းဒုတိယဝန်ကြီးချုပ် အလက်ဆီကူလဲဘားက အတည်ပြုထားသည်။

ဒီဇင်ဘာလ ၂၄ ရက်ညပိုင်းတွင် ရုရှားနိုင်ငံအတွင်းပိုင်းသို့ဦးတည်ဝင်ရောက်လာသည့် ယူကရိန်းနိုင်ငံမှ ဒရုန်း ၅၉ စင်းကို ရုရှားကကြားဖြတ်ပစ်ချနိုင်ကြောင်းနှင့် ထိုသို့တိုက်ခိုက်လာမှုကို ထိရောက်မှုရှိစွာ လက်တုံ့ပြန်မည်ဖြစ်ကြောင်း ရုရှားနိုင်ငံခြားရေးဝန်ကြီးကပြောပြီးနောက် ဒီဇင်ဘာလ ၂၅ ရက်တွင် ရုရှားက ယူကရိန်း၏ ဓာတ်အားလိုင်းများကို ပစ်မှတ်ထားတိုက်ခိုက်ခြင်းဖြစ်ကြောင်း သိရသည်။

Ref: RT



# အဇာဘိုင်ဂျန်မှလေယာဉ်တစ်စင်း ကာဇက်စတန်၌ပျက်ကျ

**အက်စတာနာ၊ မတော်တဆမှု**

အဇာဘိုင်ဂျန်လေကြောင်းလိုင်းမှ ခရီးသည်တင်လေယာဉ်တစ်စင်းသည် ဒီဇင်ဘာလ ၂၅ ရက် အစောပိုင်းတွင် ကာဇက်စတန်နိုင်ငံ၌ ပျက်ကျမှုဖြစ်ပွားကြောင်း သိရသည်။

လေယာဉ်အမှုထမ်းငါးဦးနှင့် ခရီးသည် ၆၂ ဦးကိုတင်ဆောင်ပြီး ဘာကူမြို့မှ ရုရှားနိုင်ငံ ဂရော့ဇနီမြို့သို့ပျံသန်းလာသည့် ထိုလေယာဉ်သည် ကာဇက်စတန်နိုင်ငံ အက်တာအူလေဆိပ်မှ သုံးကီလိုမီတာအကွာ၌ ပျက်ကျခြင်းဖြစ်သည်။

လေယာဉ်ပျက်ကျရသည့်အကြောင်းရင်းမှာ လေယာဉ်သည် ငှက်အုပ်တစ်အုပ်နှင့် ဝင်တိုက်မိခြင်းကြောင့်ဖြစ်သည်ဟု ကနဦးစုံစမ်းစစ်ဆေးမှုတွင် ဖော်ပြထားသည်။ ထို့ပြင် လေယာဉ်ပျက်ကျမှုအတွင်း အသက်ရှင်ကျန်ရစ်သူ ၃၂ ဦးကိုသာ တွေ့ရှိရသေးကြောင်းနှင့် ကျန်သူများမှာ သေဆုံးနိုင်ခြေရှိကြောင်း တာဝန်ရှိသူများက ပြောသည်။

အဆိုပါဖြစ်စဉ်နှင့်ပတ်သက်၍ အဇာဘိုင်ဂျန်ရှေ့နေချုပ်ရုံးက ပြစ်မှုဆိုင်ရာဥပဒေအရအမှုဖွင့်ထားပြီး စုံစမ်းစစ်ဆေးမှုများကို လုပ်ဆောင်သွားမည်ဖြစ်ကြောင်း သိရသည်။

Ref: Sputnik



# တောင်ကိုရီးယားက အသက်အကြီးဆုံးလူ့အဖွဲ့အစည်းဖြစ်လာ

**ဆိုး၊ ပြည်တွင်းရေး**

တောင်ကိုရီးယားနိုင်ငံက ယခုအခါ ကမ္ဘာပေါ်တွင် အသက်အကြီးဆုံးသော လူ့အဖွဲ့အစည်းဖြစ်လာကြောင်း ပြည်ထဲရေးနှင့်လုံခြုံရေးဝန်ကြီးဌာနက ဒီဇင်ဘာလ ၂၄ ရက်တွင်ထုတ်ပြန်ထားသည်။

နိုင်ငံ့လူဦးရေစုစုပေါင်း၏ ၂၀ ရာခိုင်နှုန်းမှာ အသက် ၆၅ နှစ်နှင့်အထက်ရှိလာသောကြောင့် ယခုကဲ့သို့အသက်အကြီးဆုံးလူ့အဖွဲ့အစည်းအဖြစ်သို့ရောက်လာခြင်းဖြစ်ကြောင်း ဝန်ကြီးဌာန၏ထုတ်ပြန်ချက်၌ ဆက်လက်ဖော်ပြထားသည်။

တောင်ကိုရီးယားနိုင်ငံ၌ လူဦးရေစုစုပေါင်း ၅၁ ဒသမ ၂၂ သန်းရှိရာမှ ၁၀ ဒသမ ၂၄ သန်းသည် အသက် ၆၅ နှစ်နှင့်အထက်ရှိသူများဖြစ်သောကြောင့် ကုလသမဂ္ဂ၏သတ်မှတ်ချက်အရ အသက်အကြီးဆုံးလူ့အဖွဲ့အစည်းဖြစ်လာခြင်းဖြစ်သည်။

အသက် ၆၅ နှစ်နှင့်အထက်ရှိသူများတွင်လည်း အမျိုးသားများထက် အမျိုးသမီးအရေအတွက်က ပိုမိုများပြားကြောင်း ဝန်ကြီးဌာန၏ ထုတ်ပြန်ချက်တွင် ဆက်လက်ဖော်ပြထားသည်။

အဆိုပါ သက်ကြီးရွယ်အိုအရေအတွက်သည် ၂၀၀၈ ခုနှစ်နောက်ပိုင်း လျင်မြန်စွာမြင့်တက်လာခြင်းဖြစ်သည်။ ထိုစဉ်က ယခုကဲ့သို့သက်ကြီးရွယ်အိုအရေအတွက်မှာ လူဦးရေ၏ ၁၀ ရာခိုင်နှုန်းကျော်သာရှိပြီး ၂၀၁၉ ခုနှစ်တွင် ၁၅ ရာခိုင်နှုန်းကျော်ရှိလာကြောင်းသိရသည်။

Ref: KH

## သတင်းတိုကဏ္ဍ

### လာမည့်နှစ်မှစ၍ BRICS မိတ်ဖက်နိုင်ငံ ကိုးနိုင်ငံထပ်တိုးမည်

လာမည့်နှစ်မှစ၍ BRICS အဖွဲ့အတွက် မိတ်ဖက်နိုင်ငံ ကိုးနိုင်ငံထပ်တိုးမည်ဖြစ်ကြောင်း ရုရှားသမ္မတရုံးမှ တာဝန်ရှိသူတစ်ဦးဖြစ်သည့် ယူရီယူရှာကော့က ပြောသည်။

အဆိုပါကိုးနိုင်ငံမှာ ဘယ်လာရုစ်၊ ဘိုလစ်ဗီးယား၊ အင်ဒိုနီးရှား၊ ကာဇက်စတန်၊ ထိုင်း၊ ကျူးဘား၊ ယူဂန်ဒါ၊ မလေးရှားနှင့် ဥဇဘတ်ကစ္စတန်နိုင်ငံတို့ဖြစ်ပြီး ၂၀၂၅ ခုနှစ် ဇန်နဝါရီလ ၁ ရက်မှစ၍ BRICS အဖွဲ့၏ တရားဝင်မိတ်ဖက်နိုင်ငံများဖြစ်လာမည်ဖြစ်ကြောင်း ယူရီယူရှာကော့က ပြောသည်။

ကာဇန်မြို့၌ကျင်းပသော BRICS အဖွဲ့ ထိပ်သီးညီလာခံ၌ ထိုအဖွဲ့သို့ဝင်ခွင့်ရရန် လျှောက်ထားသည့်နိုင်ငံပေါင်း ၃၅ နိုင်ငံရှိကြောင်း၊ ထိုနိုင်ငံများအနက် ၁၃ နိုင်ငံကို မိတ်ဖက်နိုင်ငံအဖြစ်သတ်မှတ်သွားရန် သဘောတူကြောင်း၊ ယင်းနိုင်ငံများသို့ အဆိုပြုလွှာများပေးပို့ခဲ့ကြောင်း၊ ထိုနိုင်ငံများအနက် အထက်ပါကိုးနိုင်ငံက ၎င်းတို့အနေဖြင့် BRICS အဖွဲ့၏မိတ်ဖက်နိုင်ငံများဖြစ်လာရန်အသင့်ရှိသည်ဟု အတည်ပြုခဲ့ကြောင်းသိရသည်။ Ref: Sputnik

### ထိုင်းအစိုးရက ငွေကြေးထောက်ပံ့မှု၊ အနိမ့်ဆုံးလစာ တိုးမြှင့်မှုနှင့် အခွန်လျှော့ချမှုတို့ကိုအတည်ပြု

ထိုင်းအစိုးရအဖွဲ့က ပြည်သူများကို ငွေကြေးထောက်ပံ့မှု၊ အနိမ့်ဆုံးလစာ တိုးမြှင့်မှုနှင့် အခွန်လျှော့ချမှုတို့အတွက် အတည်ပြုလိုက်ပြီဖြစ်ကြောင်းသိရသည်။

ဇန်နဝါရီလမှစ၍ အနိမ့်ဆုံးလစာတိုးမြှင့်သွားမည်ဖြစ်ပြီး ငွေကြေးသုံးစွဲမှုများ မြင့်မားလာစေရေးအတွက် အခွန်လျှော့ချကာ ပြည်သူများကို ငွေကြေးထောက်ပံ့မှုများပေးသွားရန် အတည်ပြုလိုက်ခြင်းဖြစ်သည်။

အတည်ပြုလိုက်သည့် အနိမ့်ဆုံးလုပ်ခလစာမှာ တစ်ရက်လျှင် ဘတ် ၄၀၀ နှုန်းဖြစ်ပြီး ငွေကြေးသုံးစွဲမှုဘတ် ၅၀၀၀၀ အထိကို အခွန်ကင်းလွတ်ခွင့်ပေးမည်ဖြစ်ကာ သက်ကြီးရွယ်အိုလေးသန်းအတွက် ဘတ်ဘီလီယံ ၄၀ ထောက်ပံ့ပေးမည်ဖြစ်သည်။

ယခုကဲ့သို့ထောက်ပံ့ငွေပေးခြင်းသည် ဒုတိယအကြိမ်ဖြစ်ပြီး ပထမအကြိမ်တွင် လူ ၁၄ သန်းခွဲက တစ်ဦးကို ဘတ် ၁၀၀၀၀ နှုန်းဖြင့် ထောက်ပံ့ငွေရရှိထားကြောင်း သိရသည်။ Ref: RTA

### ဂါဇာအပစ်အခတ်ရပ်စဲရေးအတွက် အစ္စရေးက အုတ်တံတိုင်းကာရံနေဟု ဟားမက်ပြော

ဂါဇာဒေသတွင် အပစ်အခတ်ရပ်စဲရေးအတွက် အစ္စရေးဘက်ကတောင်းဆိုချက်အသစ်များထုတ်ပြန်ခြင်းဖြင့် သဘောတူညီချက်ရရှိရေးခက်ခဲအောင် အုတ်တံတိုင်းကာရံနေသည်ဟု ဟားမက်အဖွဲ့က ပြောသည်။

အစ္စရေးသည် ဂါဇာကမ်းမြောင်ဒေသမှ အစ္စရေးစစ်သည်များဆုတ်ခွာရေး၊ အပစ်အခတ်ရပ်စဲရေးနှင့် အကျဉ်းသားလဲလှယ်ရေးတို့အတွက် သတ်မှတ်ချက်အသစ်များကိုတောင်းဆိုလာကြောင်း၊ ထိုသို့သော တောင်းဆိုချက်အသစ်များကြောင့် နှစ်ဖက်အဖွဲ့ကြား သဘောတူညီချက်ရရှိရန်ကြန့်ကြာသွားစေနိုင်ကြောင်း ဟားမက်အဖွဲ့က ထုတ်ပြန်ထားသည်။

အဆိုပါဆွေးနွေးမှုများကို ကာတာနှင့် အီဂျစ်တို့က ကမကထပြုကာ ဒိုဟာမြို့၌ ကျင်းပခဲ့ခြင်းဖြစ်ကြောင်း ဟားမက်အဖွဲ့၏ထုတ်ပြန်ချက်တွင် ဆက်လက်ဖော်ပြထားသည်။ ၂၀၂၃ ခုနှစ်အောက်တိုဘာလ ၇ ရက်တွင် စတင်သော အစ္စရေးနှင့်ဟားမက်တို့ကြားတိုက်ခိုက်မှုများကြောင့် လူထောင်ပေါင်းများစွာသေဆုံးထားကြောင်း သိရသည်။ Ref: Sputnik

### ပါကစ္စတန်၏ဗုံးကြဲမှုကြောင့် အာဖဂန်နစ္စတန်၌ လူ ၄၆ ဦးသေဆုံး

အာဖဂန်နစ္စတန်နိုင်ငံအရှေ့ပိုင်း ပက်တီကာပြည်နယ်၌ ပါကစ္စတန်စစ်ဘက်၏ ဗုံးကြဲတိုက်ခိုက်မှုကြောင့် အနည်းဆုံးလူ ၄၆ ဦးသေဆုံးကြောင်း၊ သေဆုံးသူအများစုမှာ ကလေးငယ်များနှင့်အမျိုးသမီးများဖြစ်ကြောင်း အာဖဂန်တာလီဘန်အဖွဲ့က ပြောသည်။

အဆိုပါဗုံးကြဲတိုက်ခိုက်မှုကို ဒီဇင်ဘာလ ၂၄ ရက်တွင် နေရာလေးနေရာ၌ လုပ်ဆောင်ခြင်းဖြစ်ကြောင်းနှင့်ဒဏ်ရာရရှိသူခြောက်ဦးရှိကြောင်း အာဖဂန်တာလီဘန်အဖွဲ့မှ ဒုတိယပြောရေးဆိုခွင့်ရှိသူက ဒီဇင်ဘာလ ၂၅ ရက်တွင်ပြောသည်။

ပါကစ္စတန်အနေဖြင့် ပါကစ္စတန်တာလီဘန်အစ္စလာမ်မစ်စစ်သွေးကြွအဖွဲ့၏ စခန်းတစ်ခုကို လေကြောင်းမှဗုံးကြဲတိုက်ခိုက်ခြင်းဖြစ်ကြောင်း ပါကစ္စတန်တာဝန်ရှိသူတစ်ဦးကပြောသည်။

ဒီဇင်ဘာလ ၂၁ ရက်တွင် ထိုအကြမ်းဖက်သမားများ၏ တိုက်ခိုက်မှုကြောင့် ပါကစ္စတန်လုံခြုံရေးတပ်ဖွဲ့ဝင် ၁၆ ဦးသေဆုံးမှုအပေါ် ပါကစ္စတန်က ယခုကဲ့သို့ လက်တုံ့ပြန်ခြင်းဖြစ်ကြောင်းသိရသည်။

Ref: TST

# တရားမဝင် သစ်မျိုးစုံ၊ စားသောက်ကုန်ပစ္စည်းများ၊ လုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများနှင့် မော်တော်ယာဉ်များဖမ်းဆီးရမိ



ပဲခူးတိုင်းဒေသကြီး၌ ဖမ်းဆီးရမိမှု။



စစ်ကိုင်းတိုင်းဒေသကြီး၌ ဖမ်းဆီးရမိမှု။




အေးရှားဝေါလ်ဆိပ်ကမ်း၌ ဖမ်းဆီးရမိမှု။

နေပြည်တော် ဒီဇင်ဘာ ၂၅

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာတားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

**ဒီဇင်ဘာလ၂၄ ရက်**တွင် စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ စစ်ကိုင်းမြို့ ရတနာပုံတံတား ပူးပေါင်းစစ်ဆေးရေးဂိတ်၌ လိုင်စင်မဲ့မော်တော်ယာဉ်(၂)စီး **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၁၅၀၀၀၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ မန္တလေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ကျောက်ဆည်မြို့ မြို့ရှောင်လမ်း၌ မော်တော်ယာဉ်(၂)စီး ပေါ်မှတရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း (၁)မျိုး၊ စားသောက်ကုန်ပစ္စည်း(၁)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၆၁၈၃၂၀၀)နှင့်အဆိုပါပစ္စည်းများတင်ဆောင်လာသည့် Hino Profia Truck (၁)စီး၊ Nissan Diesel Tractor Head (၁)စီးနှင့် နောက်တွဲယာဉ် (၁)တွဲ (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၁၀၀၀၀၀၀)၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၃၇၁၈၃၂၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ညောင်ခါးရှည် X-Ray စက် စစ်ဆေးရေးဂိတ်၌ သထုံမြို့မှ ရန်ကုန်မြို့သို့မောင်းနှင်လာသည့် မော်တော်ယာဉ် (၁)စီးနှင့် ဘားအံမြို့မှ ရန်ကုန်မြို့သို့မောင်းနှင်လာသည့် မော်တော်ယာဉ် (၁)စီးတို့ပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း (၄)မျိုး၊ စားသောက်ကုန်ပစ္စည်း (၂)မျိုး(ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၀၈၉၆၀၀)နှင့်အဆိုပါပစ္စည်းများတင်ဆောင်လာသည့် Mitsubishi Fuso Truck (၁)စီး၊ Toyota Hilux (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၀၀၀၀၀၀၀)ကို အကောက်ခွန်လုပ်ထုံးလုပ်နည်းများအရလည်းကောင်း၊ သာယာဝတီခရိုင်၊ သာယာဝတီမြို့နယ်၌ လိုင်စင်မဲ့ Toyota Alphard မော်တော်ယာဉ်(၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၀၀၀၀၀၀)ကို ပို့ကုန်သွင်းကုန်ဥပဒေအရလည်းကောင်း၊ ပြည်ခရိုင်အတွင်း၌ တရားမဝင် အခြားသစ် (၁ ဒသမ ၃၃၈) တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၂၃၅၈)ကို သစ်တောဥပဒေအရလည်းကောင်း၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၉၃၁၂၇၅၈)** ကို ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိသည်။

ယင်းအပြင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ အေးရှားဝေါလ် ကုန်သေတ္တာစစ်ဆေးရေးစခန်း၌ ကုန်သေတ္တာ(၆)လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း(၂)မျိုး၊ လူသုံးကုန်ပစ္စည်း(၁)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၆၂၉၁၄၀၇၂)ကိုလည်းကောင်း၊ မြန်မာ့စက်မှုဆိပ်ကမ်း၌ ကုန်သေတ္တာ(၁)လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း(၆)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၅၂၄၉၇၅၀)ကိုလည်းကောင်း၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၈၁၆၃၈၂၂)**ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ဒီဇင်ဘာလ ၂၄ ရက်တွင် ဖမ်းဆီးရမိမှု **စုစုပေါင်းမှာ အမှုတွဲ (၁၆)မှု၊ (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၃၆၁၅၉၇၈၀)**ကို ဖမ်းဆီးရမိခဲ့သည်။ တရားမဝင်ကုန်သွယ်မှုများကြောင့် ကုန်ဈေးနှုန်းကြီးမြင့်မှု၊ ငွေကြေးမတည်ငြိမ်မှုများနှင့် နိုင်ငံတော်အတွက် အခွန်ဆုံးရှုံးနစ်နာမှုများဖြစ်ပေါ်စေပြီး စားသုံးသူပြည်သူများအတွက်လည်း ထိခိုက်နစ်နာမှုများဖြစ်ပေါ်စေနိုင်သဖြင့် သက်ဆိုင်ရာတာဝန်ရှိသူများမှ ယခုထက်ပိုမို၍ တားဆီးစစ်ဆေးကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သတင်းရရှိသည်။

(သတင်းစဉ်)

# သံစဉ်ဝေဖြာ မနောအလှကဗျာ တေးဂီတဖျော်ဖြေပွဲကို ထုတ်လွှင့်ပြသမည်




နေပြည်တော် ဒီဇင်ဘာ ၂၅

မြန်မာ့အသံနှင့်ရုပ်မြင်သံကြားအနေဖြင့် ပြည်သူများအပန်းပြေစေရန်နှင့် စိတ်ခွန်အားသစ်များရရှိနိုင်ရန်ရည်ရွယ်ပြီး Friday Night Live Show တေးဂီတဖျော်ဖြေပွဲများကို ဆန်းသစ်တင်ဆက်လျက်ရှိရာ မကြာမီရောက်ရှိတော့မည့် (၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့နှင့် (၇၈)နှစ်မြောက် ပြည်ထောင်စုနေ့တို့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် တိုင်းဒေသကြီးနှင့်ပြည်နယ်များမှ နာမည်ရတိုင်းရင်းသားတေးသံရှင်များက ပွဲစဉ်(၇)ပွဲဖြင့် ၂၀၂၄ ခုနှစ် ဒီဇင်ဘာလ ၂၇ ရက်မှ ၂၀၂၅ ခုနှစ် ဖေဖော်ဝါရီလ ၇ ရက်အထိ အပတ်စဉ်သောကြာနေ့ညတိုင်း ဖျော်ဖြေတင်ဆက်မည်ဖြစ်၍ ပထမပွဲစဉ်ဖြစ်သည့် "သံစဉ်ဝေဖြာ အနောအလှကဗျာ" တေးဂီတဖျော်ဖြေပွဲကို ၂၀၂၄ ခုနှစ် ဒီဇင်ဘာလ ၂၇ ရက်သောကြာနေ့ည ၉ နာရီခန့်တွင် မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၏ MRTV–HD Channel မှ တိုက်ရိုက် (Live)ထုတ်လွှင့်ပြသမည်ဖြစ်သည်။

အဆိုပါတေးဂီတဖျော်ဖြေပွဲကို မြန်မာ့အသံတေးဂီတအဖွဲ့၏တီးခတ်မှုနှင့်အတူ ကချင်တိုင်းရင်းသား၊ တိုင်းရင်းသူ တေးသံရှင်များဖြစ်ကြသည့် ဆာမူလေ၊ လောဒ်အောင်၊ ဘောမ်ယိန်း၊ ဆိုင်းဆာ၊ ယုံးယုံးနှင့် ဘောမ်ဖုံးထန့်တို့က ကချင်ပြည်နယ်၏ သာယာလှပမှု၊ ကချင်လူမျိုးတို့၏ရိုးရာဓလေ့နှင့် ဖြူစင်ရိုးသားမှု၊ ရင်းနှီးခင်မင်မှုနှင့် ချစ်ခြင်းမေတ္တာကြီးမားမှုတေးသီချင်းကောင်းများကို ကချင်၊ ဗမာနှစ်ဘာသာဖြင့် သီဆိုဖျော်ဖြေတင်ဆက်ကြမည်ဖြစ်သည်။

ယင်းအစီအစဉ်ကို MRTV App ၏ Enter–tainment Sector နှင့် MRTV Telegram တို့မှလည်း လွှင့်တင်ထားမည်ဖြစ်၍ ဝင်ရောက်ကြည့်ရှုနိုင်မည့်အပြင် ဒီဇင်ဘာလ ၂၉ ရက် တနင်္ဂနွေနေ့ နံနက် ၁၀ နာရီခွဲတွင်လည်း MRTV HD Channel မှ Replay ထပ်မံပြသမည်ဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)

# ညအပူချိန်လျော့နည်းခဲ့သော စခန်းများ၏ ၂၅-၁၂-၂၀၂၄ ရက်နေ့ အနိမ့်ဆုံးအပူချိန်များ

| မြို့အမည် | ဒီဂရီ ဆဲလ်စီးယက် | ဒီဂရီ ဖာရင်ဟိုက် |
|---|---|---|
| ပူတာအိုမြို့ | ၄.၄ | ၃၉.၉ |
| နမ့်စန်မြို့(ရှမ်းပြည်နယ်တောင်ပိုင်း) | ၅.၁ | ၄၁.၂ |
| ဟားခါးမြို့ | ၅.၄ | ၄၁.၇ |
| ပြင်ဦးလွင်မြို့ | ၆.၀ | ၄၂.၈ |
| မြစ်ကြီးနားမြို့ | ၆.၂ | ၄၃.၂ |
| မချမ်းဘောမြို့ | ၇.၅ | ၄၅.၅ |
| လွိုင်လင်မြို့ | ၈.၅ | ၄၇.၃ |
| တီးတိန်မြို့ | ၈.၈ | ၄၇.၈ |
| မိုင်းယန်းမြို့ | ၉.၀ | ၄၈.၂ |
| ပင်လောင်းမြို့ | ၉.၄ | ၄၈.၉ |

**နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအားနှောင့်ယှက်ခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**


### ပျောက်ဆုံးကြောင်း

ပဲခူးမြို့၊ ဝင်းနိမ္မိတာရုံကျောင်းတိုက်နေ အရှင်သုမင်္ဂလ(ဘ)ဦးဝင်းမောင် ၇/ပခန(သ)၀၁၁၅၆၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း–၀၉–၄၄၃၁၆၆၈၅၁

### ပျောက်ဆုံးကြောင်း

လှိုင်ကော်မြို့၊ ဈေးပိုင်းရပ်ကွက်နေ ခင်သန္တာအောင်(ဘ)ဦးသန်းအောင် ၂/လကန(နိုင်)၀၀၁၅၉၇ ကိုင်ဆောင်သူ၏နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း–၀၉–၄၂၃၆၂၈၂၆၁

### ပျောက်ဆုံးကြောင်း

ဖြူးမြို့၊ မင်းဂံရိုးကျေးရွာအုပ်စုနေ ခင်ထက်နိုင်(ဘ)ဦးမြင့်နိုင် ၇/ဖမန(နိုင်)၂၀၆၈၁၇ ကိုင်ဆောင်သူ ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း–၀၉–၄၄၃၁၆၆၈၅၁

### ပျောက်ဆုံးကြောင်း

ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့နယ်၊ အမှတ်(၇)ရပ်ကွက်၊ ဓမ္မပါလ(၂)လမ်းနေ မယမင်းသူ(ဘ)ဦးအေးနိုင် ၇/သနပ(နိုင်)၁၆၅၄၂၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း–၀၉–၄၄၅၉၆၃၂၅

### ပျောက်ဆုံးကြောင်း

ဒိုက်ဦးမြို့၊ မအူတန်းကျေးရွာနေ မင်းထက်အောင်(ဘ)ဦးတင်ထွန်း ၇/ဒဥန(နိုင်)၂၀၁၇၀၃ ကိုင်ဆောင်သူ၏ နိုင် ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း–၀၉–၄၄၃၁၆၆၈၅၁

### ပျောက်ဆုံးကြောင်း

တောင်ငူမြို့နေ အေးမြတ်သူဇာ(ဘ)ဦးလှဝင်း ၇/တငန(နိုင်)၁၈၀၈၅၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(ME 228972)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း–၀၉–၆၉၂၉၆၈၇၃

# ၂၀၂၅ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲအထောက်အကူပြု ဇီဝဗေဒဘာသာရပ်ဆိုင်ရာ သိကောင်းစရာများ

ဒေါက်တာသက်သက်မာဝင်း၊
ပါမောက္ခ၊ ရုက္ခဗေဒဌာန၊ ရန်ကုန်တက္ကသိုလ်

**၂၀၂၄ – ၂၀၂၅ ပညာသင်နှစ် သင်ရိုးသစ် Grade 12 ဇီဝဗေဒဘာသာရပ်ကို လေ့လာသင်ယူနေကြတဲ့ ကျောင်းသား၊ ကျောင်းသူများအားလုံး စာမေးပွဲမှာ လွယ်ကူချောမောစွာဖြေဆိုနိုင်ကြဖို့အတွက် ရည်ရွယ်ပြီး လမ်းညွှန်ပြထားတဲ့ ဇီဝဗေဒမေးခွန်းပုံစံဆိုင်ရာ သိကောင်းစရာများ အကြောင်း ပို့ချသွားမှာဖြစ်ပါတယ်။ Grade 12 Biology Textbook မှာပါဝင်တဲ့အခန်း ၁ မှ ၆ အထိ ပြဋ္ဌာန်းထားသောအကြောင်းအရာများအားလုံးဟာ ဇီဝဗေဒဘာသာရပ်နဲ့ပတ်သက်ပြီး သိရှိရမယ့်အချက်များကို ပြဋ္ဌာန်းထားတာဖြစ်တဲ့အတွက် သေချာကျေညက်အောင် လေ့လာကျက်မှတ်ခြင်းအားဖြင့် မေးခွန်းအားလုံးကို အခက်အခဲမရှိဘဲ ချောချောမောမောဖြင့် ထူးချွန်အောင်မြင်စွာဖြေဆိုနိုင်ကြမှာဖြစ်ပါတယ်။**

Grade 12 ဇီဝဗေဒဘာသာရပ်ရဲ့ မေးခွန်းပုံစံမှာ Section– A နှင့် Section– B နှစ်ပိုင်းအတွက် (Question No. 1 – 5) စုစုပေါင်း (၅) ပုဒ် ပါဝင်ပါတယ်။ အမှတ်ခွဲဝေမှုမှာ Section– A အတွက် (၃၀) မှတ်၊ Section– B အတွက် (၇၀) မှတ်ဖြစ်ပါတယ်။ Grade 12 ဇီဝဗေဒဘာသာရပ်ရဲ့ စာမေးပွဲမေးခွန်းပုံစံကို ဇယားဖြင့်ဖော်ပြထားပါတယ်။

**Grade 12 ဇီဝဗေဒဘာသာရပ်မေးခွန်းပုံစံ**

Grade 12 ဇီဝဗေဒဘာသာရပ် မေးခွန်းပုံစံ

| Section - A | | | | |
|---|---|---|---|---|
| 1. | TRUE or FALSE | 1 mark each | 10 statements | 10 marks |
| 2. | Completion | 1 mark each | 10 statements | 10 marks |
| 3. | Multiple Choice | 1 mark each | 10 statements | 10 marks |
| **Section - B** | | | | |
| 4. | Short Questions | 5 marks each | 6 questions | 30 marks |
| 5. | Long Questions | 10 marks each | 4 out of 6 questions | 40 marks |

Grade 12 ဇီဝဗေဒဘာသာရပ်ရဲ့မေးခွန်းပုံစံတွင် Section – A မှာပါဝင်တဲ့ မေးခွန်းနံပါတ် (၁) (၂) (၃) နှင့် Section – B မှာပါဝင်တဲ့ မေးခွန်းနံပါတ် (၄) (၅) တို့ဖြင့် စုစုပေါင်းငါးပုဒ် (Question No. 1 – 5) ပါရှိမှာဖြစ်ပါတယ်။ မေးခွန်းဖွဲ့စည်းတည်ဆောက်ရာတွင် Grade 12 Biology Textbook မှ Chapter 1 – 6 အထိ ပါဝင်ကြတဲ့ ရုက္ခဗေဒနှင့် သတ္တဗေဒဘာသာရပ်များမှ အကြောင်းအရာများအား မေးခွန်းအမှတ်စဉ် (Question No. 1 – 5) များအတွက် Chapter အစဉ်လိုက်သော်လည်းကောင်း၊ Chapter အစဉ်လိုက်မဟုတ်ဘဲသော်လည်းကောင်း မေးခွန်းတည်ဆောက်နိုင်ပါတယ်။ မေးခွန်းများသည် ကျောင်းသား၊ ကျောင်းသူများအတွက် သင်ယူခြင်းနဲ့ ပူးပေါင်းဆောင်ရွက်ခြင်း၊ ဝေဖန်ပိုင်းခြားတွေးခေါ်ခြင်းနဲ့ ပြဿနာဖြေရှင်းခြင်း၊ တီထွင်ဖန်တီးမှုနဲ့ ဆန်းသစ်မှုအရည်အသွေးများ ကောင်းမွန်မြင့်မားမှုကိုဦးတည်၍ လွယ်ကူလွန်းခြင်း၊ ခက်ခဲလွန်းခြင်းမရှိစေဘဲ ကျောင်းသား၊ ကျောင်းသူများ၏ အရည်အချင်းအလိုက် လျော်ညီစွာဖြေဆိုနိုင်မည့် မေးခွန်းများဖြင့် ဖွဲ့စည်းတည်ဆောက်ထားမှာဖြစ်ပါတယ်။

Section – A မှာပါဝင်တဲ့ မေးခွန်းနံပါတ် (၁) (၂) နဲ့ (၃) မှာလုံးဝရွေးချယ်ပိုင်ခွင့်မရှိပါဘူး။

**မေးခွန်းနံပါတ် (၁)** တွင် အမှား (သို့မဟုတ်) အမှန်ဖြေဆိုခြင်း (TRUE or FALSE) မေးခွန်းပုဒ်ခွဲငယ် (၁၀) ခု No. (i – x) အတွက် တစ်ခုလျှင် တစ်မှတ်စီဖြင့် ပေးမှတ်(၁၀)မှတ်ဖြစ်ပါတယ်။ TRUE or FALSE statements ဖော်ပြချက်တွေဟာ Grade 12 Biology မှာ ပြဋ္ဌာန်းထားတဲ့ အကြောင်းအရာများအပေါ် နားလည်သဘောပေါက်မှုကိုအခြေခံပြီး ဦးစားပေးမေးထားတာဖြစ်ပါတယ်။ ကောက်နုတ်ထားတဲ့ Statement များအနေနဲ့ ဖတ်စာအုပ်မှ တိုက်ရိုက်ကောက်နုတ်ထားတာရှိသလို Own construction နဲ့မေးထားတဲ့ statement များလည်းရှိမှာဖြစ်ပါတယ်။ မေးခွန်းနံပါတ် (၁) TRUE or FALSE statements ကို ဖြေဆိုဖို့ Statement ဟာ အားလုံးမှန်ကန်ပြီး မိမိသိရှိထားတဲ့အကြောင်းအရာနဲ့ ကိုက်ညီရင် TRUE ဖြစ်ပြီး ကွဲလွဲမှုရှိရင် FALSE ဖြစ်၍ အဖြေများကို all capital letter နဲ့ရေးလျှင် ပိုကောင်းပါတယ်။ သို့သော် မည်သို့ပင်ဖြေဖြေ အဖြေမှန်လျှင် အမှတ်ရမည်ဖြစ်ပြီး အဖြေနှစ်မျိုးရေးခဲ့လျှင် လုံးဝအမှတ်မပေးပါ။

**မေးခွန်းနံပါတ် (၂)** ကွက်လပ်ဖြည့်ခြင်း (Completion) တွင် မေးခွန်းပုဒ်ခွဲငယ် (၁၀) ခု No. (i – x)အတွက် တစ်ခုလျှင်တစ်မှတ်စီဖြင့် ပေးမှတ် (၁၀) မှတ်ဖြစ်ပါတယ်။ မေးခွန်းနံပါတ် (၂) ရဲ့ Completion statement များအတွက် ကွက်လပ်ချန်ထားတဲ့နေရာမှာ မှန်ကန်တဲ့အဖြေစကားလုံး (Word) ကို စာလုံးပေါင်း (Spelling) မှန်မှန်နဲ့ဖြေဆိုပေးရမှာဖြစ်ပါတယ်။ ဖြည့်စွက်မယ့်အဖြေစကားလုံးရဲ့ Tense ကို ဂရုစိုက်ဖို့လိုသလို သိပ္ပံအမည်များ (Scientific name) ကို ရေးသားဖော်ပြခိုင်းရင်တော့ မျိုးစု (Genus) ၏ အစစာလုံးကို Capital letter နဲ့ စရေးပြီး “Genus နှင့် species” တစ်ခုစီကိုမျဉ်းသားပေးဖို့လိုအပ်ပါတယ်။ စာလုံးပေါင်းများကိုလည်း အမှားအယွင်းမရှိအောင်သတိထားပြီး ရေးသားကျက်မှတ်ရပါမယ်။

**မေးခွန်းနံပါတ် (၃)** အဖြေမှန်ရွေးချယ်ခြင်း (Multiple Choice) တွင် မေးခွန်းပုဒ်ခွဲငယ် (၁၀) ခု (i – x) အတွက် တစ်ခုလျှင်တစ်မှတ်စီဖြင့် ပေးမှတ် (၁၀) မှတ်ဖြစ်ပါတယ်။ မေးခွန်းနံပါတ် (၃) Multiple Choice ဖြေဆိုရာမှာ အဖြေမှန် (Correct answer) ကို ရွေးချယ်ရန် စကားလုံး (၄) လုံး (A, B, C, D) ထဲကတစ်လုံးကို ပုဒ်ခွဲငယ်နံပါတ်နဲ့အတူ ဖော်ပြဖြေဆိုရမှာဖြစ်တယ်။ နောက်ကအဖြေမှန်စကားလုံးကို ရေးသားဖော်ပြရန်မလိုပါ။

မေးခွန်းနံပါတ် (၁) (၂) (၃) Objectives မေးခွန်းတွေ ဖြေဆိုရာမှာ စာကြောင်း (Statements) များကိုပြန်ကူးရေးစရာမလိုပါဘူး။ Objectives Statements (၃၀) ကို မှန်ကန်အောင်ဖြေဆိုနိုင်ဖို့ကတော့ ကျောင်းသား၊ ကျောင်းသူများအနေနဲ့ သင်ရိုးပါအကြောင်းအရာတွေကို နှုတ်တိုက်ကျက်မှတ်မည့်အစား အကြောင်းအရာရဲ့ အနှစ်သာရကို အဓိပ္ပာယ်ရှိစွာနဲ့ ဆက်စပ်တွေးခေါ်ပြီး သဘောပေါက်နားလည်အောင် မှတ်သားထားမှသာ လွယ်လင့်တကူဖြေဆိုနိုင်မှာဖြစ်တယ်။ Objectives မေးခွန်းတွေဟာ နားလည်သဘောပေါက်မှုနဲ့ စဉ်းစားတွေးခေါ်ယူဆမှုကို အခြေခံတဲ့အတွက် သေချာလေ့လာမှတ်သားဖို့လိုတယ်။ အဓိက ပါဝင်တတ်တဲ့မေးခွန်းတွေက ပြဋ္ဌာန်းစာအုပ်ပါအဓိပ္ပာယ်ဖွင့်ဆိုချက် (Definition) များနှင့် Statements များဖြစ်တယ်။ ရွေးချယ်ဖြေဆိုစရာမရှိတဲ့အတွက် အမှတ်ပြည့်ရလိုသူများအနေနဲ့ Grade 12 Biology ပြဋ္ဌာန်းစာအုပ်တစ်အုပ်လုံးကို ခြုံငုံလေ့လာဖတ်ရှုထားဖို့လိုပါမယ်။ မေးခွန်းနံပါတ် ၁၊ ၂ နဲ့ ၃ Objectives မေးခွန်းမျိုးကိုဖြေတဲ့အခါ ပထမဆုံး ဆင့်ပွားမေးခွန်းငယ်နံပါတ်များအား မှားတပ်ခြင်းနှင့် နံပါတ်ပိုခြင်း၊ လိုခြင်းမရှိစေရန် ဂရုစိုက်ဖို့နဲ့ နံပါတ်ရေးချပြီးမှ Statements များကို သေချာစွာဖတ်ရှုပြီး မိမိအနေနဲ့ သေချာမှန်ကန်တဲ့အဖြေများကို သက်ဆိုင်ရာနံပါတ်ဘေးမှာဖြေဆိုဖို့ လိုအပ်ပါတယ်။

Section – B မှာ မေးခွန်းနံပါတ် (၄) မေးခွန်းတို No. 4 (Short questions) နဲ့ မေးခွန်းနံပါတ် (၅) မေးခွန်းရှည် No. 5 (Long questions) တွေပါဝင်မှာဖြစ်ပါတယ်။

**မေးခွန်းနံပါတ် (၄)** တွင် မေးခွန်းပုဒ်ခွဲငယ် (၆) ပုဒ် (a – f) အတွက် ပုဒ်ခွဲငယ်တစ်ခုလျှင် ငါးမှတ်စီဖြင့် ပေးမှတ် (၃၀) မှတ်ဖြစ်ပါတယ်။ မေးခွန်းနံပါတ် (၄) အတွက် (Answer ALL questions) မေးခွန်းအားလုံးကိုဖြေဆိုရမှာဖြစ်ပြီး လုံးဝရွေးချယ်ပိုင်ခွင့်မရှိပါဘူး။ မေးခွန်းနံပါတ် (၄) မေးခွန်းတိုဖြေဆိုရာမှာ မေးခွန်းတွေကို သေချာစွာဖတ်ရှုပြီး တိုတိုနဲ့လိုရင်းကိုသာ ဖြေဆိုရမှာဖြစ်တဲ့အတွက် မေးခွန်းကမေးထားတဲ့ အဖြေပေါ်မူတည်၍ ကိုက်ညီမှန်ကန်မှုရှိသည့် ဖြေဆိုမှုပြုလုပ်နိုင်ရန်လိုအပ်ပြီး သို့မှသာ အမှတ်ပြည့်ရရှိနိုင်မှာဖြစ်ပါတယ်။

**မေးခွန်းနံပါတ် (၅)** (Long questions) တွင် (Answer any FOUR questions) ဟူ၍ ရွေးချယ်ပိုင်ခွင့်ရှိသည့် မေးခွန်းပုဒ်ခွဲငယ် (၆) ပုဒ် No. (a – f) မေးထားပြီး နှစ်သက်ရာ (၄) ပုဒ်အား ရွေးချယ်ဖြေဆိုရမှာဖြစ်ပါတယ်။ မေးခွန်းရှည် (Long questions) မှာဘာသာရပ်ဆိုင်ရာ တတ်ကျွမ်းနားလည်မှုကို ဖြေဆိုရမှာဖြစ်ပြီး ဆက်လက်လေ့လာမည့် အဆင့်မြင့်ဘာသာရပ်များကို အထောက်အကူဖြစ်စေရန် ရည်ရွယ်ပါတယ်။ မေးခွန်းနံပါတ် (၅) မှာ ရွေးချယ်ဖြေဆိုပိုင်ခွင့်ရှိတဲ့ မေးခွန်းမျိုးကို ဖြေဆိုရာတွင် မိမိကျွမ်းကျင်စွာဖြေဆိုနိုင်မည့်၊ အမှတ်ပြည့်ရနိုင်မည့် မေးခွန်းမျိုးကို ရွေးချယ်ဖြေဆိုကြရန်နှင့် မေးခွန်းအရွေးမမှားစေဖို့ အထူးသတိပြုကြရန် အရေးကြီးပါတယ်။ မေးခွန်းတွေမှာ ပုံဆွဲခိုင်းခဲ့ရင် အချိုးကျသပ်ရပ်တဲ့ပုံနဲ့ အညွှန်း(Labels) မျဉ်းအတွက် ခဲတံကိုအသုံးပြုပြီး ပြည့်စုံမှန်ကန်တဲ့အညွှန်း Labels နဲ့ ပုံခေါင်းစဉ် Caption တွေအတွက် ဘောပင်နဲ့တပ်ပေးလျှင် ပိုကောင်းပါတယ်။ ဒါ့ကြောင့် သင်ခန်းစာများကိုလေ့လာတဲ့အခါ သရုပ်ဖော်ပုံနဲ့တွဲပြီး လေ့လာဖို့လိုသလို Word diagram နဲ့ Table များကိုပါလေ့လာဖို့လိုတယ်။

Grade 12 ဇီဝဗေဒဘာသာရပ်သင်ရိုးမှာပါတဲ့ သင်ခန်းစာများကို လေ့လာကြည့်ရင် အခန်းခြောက်ခန်း (Chapter 1 – 6) ပါဝင်ပါတယ်။

**Chapter 1 INTRODUCTION TO BIOLOGY** တွင် THEMES OF BIOLOGY ၌ ဇီဝဗေဒကို ကျယ်ပြန့်စွာပိုင်းခြားထားသော အဓိက အကြောင်းအရာငါးခု (Themes 1 – 5) နှင့် ဆက်လက်ပြီး IMPORTANCE OF BIOLOGY IN DAILY LIFE လူတို့၏နေ့စဉ်ဘဝတွင် ဇီဝဗေဒ၏ အရေးပါမှုနှင့်စပ်လျဉ်း၍ လူတို့၏အသက်ရှင်ရပ်တည်မှုတွင် အဓိကကျသောစားနပ်ရိက္ခာအရင်းအမြစ်များအတွက် စိုက်ပျိုးရေး(Agriculture, Horticulture and Hydroponic Culture)၊ မွေးမြူရေး (Aquaculture and Livestock)၊လူတို့၏အသက်ရှင်သန်မှုအတွက် အစားအစာ (Food)၊ ကျန်းမာရေးနှင့် ဆေးဝါးအသုံးပြုခြင်း (Health and Medicine) ကျန်းမာသောနေထိုင်မှုဘဝအတွက် အဝတ်အထည်နှင့် အမိုးအကာ ပြုလုပ်ရာတွင်အသုံးပြုသည့် အပင်များနှင့်ဆက်စပ်လုပ်ငန်းများ (Clothing and Shelter) စသည့်အကြောင်းအရာများကို လေ့လာကြရမှာဖြစ်ပါတယ်။

**Chapter 2 MOLECULAR BIOLOGY** ၏ INTRODUCTION TO MOLECULAR BIOLOGY ၌ သက်ရှိဆဲလ်အားလုံးတွင် မရှိမဖြစ်ပါဝင်ပြီး သက်ရှိတိုင်း၏ မျိုးရိုးဆက်ခံသော လက္ခဏာများကို အဆုံးအဖြတ်ပေးသည့်မော်လီကျူး ၂ ခုဖြစ်သော DNA (Deoxyribonucleic acid) နှင့် RNA (Ribonucleic acid) တည်ဆောက်ဖွဲ့စည်းပုံ၊ DNA ၏ အခန်းကဏ္ဍနှင့် ၎င်း၏ပုံတူပွားခြင်း သဘောသဘာဝ(DNA replication)၊ GENETIC CODE မျိုးရိုးဗီဇဝှက်၊ PROTEIN SYNTHESIS သက်ရှိဆဲလ်အတွင်း ပရိုတင်းပေါင်းစပ်ဖွဲ့စည်းခြင်းဖြစ်စဉ်နှင့် ပါဝင်သောလုပ်ငန်းစဉ်များ၊ SOME TECHNIQUES IN MOLECULAR BIOLOGY အပင်နှင့်တိရစ္ဆာန်အား မျိုးရိုးဗီဇဆိုင်ရာပြုပြင်ထားသော မော်လီကျူးဇီဝဗေဒဆိုင်ရာ နည်းပညာအကြောင်းအရာများကို စိတ်ဝင်စားဖွယ်လေ့လာကြရမှာဖြစ်ပါတယ်။

**Chapter 3 TRANSPORT SYSTEM IN ORGANISMS** ရှိ TRANSPORT SYSTEM IN PLANTS တွင် TRANSPORT SYSTEM IN PLANTS အပင်များ၏သယ်ယူပို့ဆောင်ရေးစနစ်ရှိ

– သယ်ယူပို့ဆောင်ရေးတစ်သျှူးများ (xylem နှင့် phloem) တည်ဆောက်ပုံ

– TRANSPORT MECHANISMS IN PLANTS အပင်များ၏ အစာ၊ ရေနှင့် inorganic ions များကို ပို့ဆောင်ပေးသည့်လုပ်ငန်းယန္တရားများ၊ TRANSPIRATION ပင်ငွေ့ပြန်ခြင်းတွင် Factors Affecting Transpiration ပင်ငွေ့ပြန်ခြင်းအပေါ်သက်ရောက်သည့်အချက်များ၊ Benefits of Transpiration ပင်ငွေ့ပြန်ခြင်းအကျိုးကျေးဇူးများ၊ Demonstration of Transpiration Pull ပင်ငွေ့ပြန်ခြင်းဆွဲအားကို သရုပ်ဖော်ပြသခြင်း၊ TRANSLOCATION အပင်များအတွင်း အစာအာဟာရ၊ ရေနှင့်ပျော်ဝင်ပစ္စည်းများ ရွေ့လျားရွေ့ပြောင်းခြင်းဖြစ်စဉ်အကြောင်းအရာများကို လေ့လာကြရမှာဖြစ်ပါတယ်။ ဆက်လက်၍ TRANSPORT SYSTEM IN ANIMALS သတ္တဝါများရှိ သယ်ယူပို့ဆောင်ရေးစနစ်တွင် Principles of Circulation သတ္တဝါများရှိ သွေးလည်ပတ်မှုစနစ်သည် အစုလိုက်သယ်ယူပို့ဆောင်ရေး (mass transport) ပုံစံဖြစ်ပြီး အရာဝတ္ထုများကို ခန္ဓာကိုယ်အနှံ့ အရည်စီးဆင်းမှုပုံစံယန္တရားအသွင်ဖြင့် ပို့ဆောင်ပေးသည့်အစီအစဉ်ဖြစ်ပါတယ်။ The Need for Transport ခန္ဓာကိုယ်အနှံ့ သယ်ယူပို့ဆောင်ရာတွင်လိုအပ်ချက်များ၊ Features of Mass Transport System ခန္ဓာကိုယ်တစ်လျှောက်ရှိ အရာဝတ္ထုများကို ရွေ့ပြောင်းရန် ထိရောက်မှုရှိသည့် Mass Transport System ၏ လက္ခဏာရပ်များကို လေ့လာကြရမှာဖြစ်ပါတယ်။ CIRCULATORY SYSTEM သွေးလည်ပတ်မှုစနစ်တွင် Open circulatory system (အဖွင့်သွေးလည်ပတ်မှုစနစ်) နှင့် Closed circulatory system (အပိတ်သွေးလည်ပတ်မှုစနစ်)

စာမျက်နှာ ၂၆ သို့ ❑

# ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဒီဇင်ဘာလတတိယပတ်အထိ ရက် ၉၀ ဆန် ၂၄ ပြည်ဝင်အိတ် ၇၀၀၀၀ တင်ပို့ရောင်းချ



ဘိုကလေး ဒီဇင်ဘာ ၂၅

ဧရာဝတီတိုင်းဒေသကြီး ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဒီဇင်ဘာလတတိယပတ်အထိ ရက် ၉၀ ဆန် ၂၄ ပြည်ဝင်အိတ် ၇၀၀၀၀ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ဘိုကလေးမြို့နယ်မှ ဆန်၊ စပါးရောင်းဝယ်ရေးပွဲရုံလုပ်ငန်းလုပ်ကိုင်သူ ဒေါ်မြတ်စု၏ပြောကြားချက်အရ သိရသည်။

ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ နိုဝင်ဘာလတစ်လတာကာလအတွင်း ရက် ၉၀ ဆန် ၂၄ ပြည်ဝင်အိတ် ၇၃၀၀၀ အထိ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဒီဇင်ဘာလတတိယပတ်အထိ ရက် ၉၀ ဆန် ၂၄ ပြည်ဝင်အိတ် ၇၀၀၀၀ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

''ရန်ကုန်ဈေးကွက်ကို ဒီဇင်ဘာလတတိယပတ်အထိ ရက် ၉၀ ဆန် ၂၄ ပြည်ဝင်အိတ် ၇၀၀၀၀ တင်ပို့ရောင်းချခဲ့ရပါတယ်။ ဧရာဝတီတိုင်းဒေသကြီးက ထွက်တဲ့ဆန်တွေကို ပြည်တွင်းဆန်ဈေးကွက်က ဝယ်လိုအားကောင်းနေပါတယ်။ လက်ရှိ ဒေသထွက်မိုးစပါးလက်ကျန်အဟောင်းတွေကို ဝယ်ယူကြိတ်ခွဲပြီး ရန်ကုန်ဈေးကွက်ကို တင်ပို့ရောင်းချနေပါတယ်။ ဆန်ဈေးကလည်း အတက်အကျမရှိဘဲ ပုံမှန်အခြေအနေမှာရှိနေပါတယ်။ လက်ရှိရန်ကုန်ဈေးကွက်မှာ ဆန်တွေဝယ်လိုအားကောင်းနေပါတယ်'' ဟု ဒေါ်မြတ်စုကပြောသည်။

ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ရက် ၉၀ ဆန်များ တင်ပို့ရောင်းချနေရခြင်းကြောင့် အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူများ၊ စိုက်ပျိုးရေးတောင်သူများ၊ ကုန်တင်ယာဉ်အငှားလိုက်သူများနှင့် ကုန်တင်ကုန်ချလုပ်သားများ လုပ်ငန်းအဆင်ပြေလျက်ရှိကြောင်း သိရသည်။

**သုတကျော်**

# Grade-5 နှင့် Grade-9 အတန်းများတွင် သင်ကြားသင်ယူမှု ထိရောက်စေရေး အရည်အသွေးမြှင့် သင်တန်းဆွေးနွေးပွဲကျင်းပ

ကျောက်ဆည် ဒီဇင်ဘာ ၂၅

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် ကျောက်ဆည်မြို့ အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်း၌ ၂၀၂၄-၂၀၂၅ ပညာသင်နှစ် အခြေခံပညာမူလတန်းအဆင့် (Grade-5) နှင့် အခြေခံပညာအလယ်တန်းအဆင့် (Grade-9) အတန်းများတွင် သင်ကြားလျက်ရှိသော ဆရာ၊ ဆရာမများ သင်ကြားသင်ယူမှုထိရောက်စေရေး အရည်အသွေးမြှင့်သင်တန်းဆွေးနွေးပွဲကို ဒီဇင်ဘာလ ၂၄ ရက်က ကျင်းပသည်။

အခြေခံပညာမူလတန်းအဆင့် အရည်အသွေးမြှင့်သင်တန်းဆွေးနွေးပွဲတွင် သင်တန်းကြီးကြပ်ရေးအဖွဲ့ ငါးဦး၊ သင်တန်းနည်းပြ ၁၆ ဦး၊ သင်တန်းသား၊ သင်တန်းသူ ၂၃၅ ဦးနှင့် အခြေခံပညာအလယ်တန်းအဆင့် အရည်အသွေးမြှင့်သင်တန်းဆွေးနွေးပွဲတွင် သင်တန်းကြီးကြပ်ရေးအဖွဲ့ ငါးဦး၊ သင်တန်းနည်းပြ ၁၂ ဦး၊ သင်တန်းသား၊ သင်တန်းသူ ၁၂၇ ဦးတို့ဖြင့် ဘာသာရပ်များအလိုက် ခေါင်းစဉ်အမျိုးမျိုးဖြင့် သင်တန်းနည်းပြများဦးဆောင်ကာ အပြန်အလှန်ဆွေးနွေးခြင်းများပြုလုပ်ကြသည်။

အရည်အသွေးမြှင့်သင်တန်းဆွေးနွေးပွဲများပြုလုပ်ခြင်းဖြင့် ဘာသာရပ်သင်ဆရာ၊ ဆရာမများအနေဖြင့် မိမိတို့သင်ကြားသောဘာသာရပ်များအပေါ် အစဉ်အမြဲလေ့လာသင်ယူလိုစိတ်များနှင့် နိုးနိုးကြားကြား၊ တက်တက်ကြွကြွရှိခြင်း၊ ကျောင်းသား၊ ကျောင်းသူများအနေဖြင့် သင်ယူတတ်မြောက်မှုစွမ်းရည် မြင့်မားခြင်း၊ ဘာသာရပ်သင်ခန်းစာများအလိုက် သိမှုနယ်ပယ်၊ ကျွမ်းကျင်မှုနယ်ပယ်၊ ခံစားမှုနယ်ပယ်များ ထိရောက်အောင်မြင်ခြင်း၊ အခြေခံပညာအဆင့်အလိုက် အတန်းကူးပြောင်းနှုန်းမြင့်မားခြင်း စသည့်အကျိုးကျေးဇူးများရရှိစေမည်ဖြစ်ကြောင်း သိရသည်။

**သက်မောင်(ကျောက်ဆည်)**

# မြိတ်ခရိုင် အားကစားနှင့် ကာယပညာကော်မတီဥက္ကဋ္ဌဖလား အသက် ၄၅ နှစ်အထက် အမျိုးသားဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲကျင်းပ



မြိတ် ဒီဇင်ဘာ ၂၅

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့နယ်၌ အားကစားကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျင်းပသည့် မြိတ်ခရိုင်အားကစားနှင့် ကာယပညာကော်မတီဥက္ကဋ္ဌဖလား အသက် ၄၅ နှစ်အထက် အမျိုးသားဘောလုံးပြိုင်ပွဲဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲကို ဒီဇင်ဘာလ ၂၄ ရက်က မြို့မအားကစားကွင်း၌ ကျင်းပသည်။

အဆိုပါဗိုလ်လုပွဲတွင် The Best အသင်းနှင့် Holiday အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ Holiday အသင်းက ၁ ဂိုး- ဂိုးမရှိဖြင့် အနိုင်ရရှိသည်။ အဆိုပါဗိုလ်လုပွဲကို မြိတ်ခရိုင် အားကစားနှင့်ကာယပညာကော်မတီဥက္ကဋ္ဌ၊ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် အားကစားဝါသနာရှင်များ ကြည့်ရှုအားပေးကြသည်။

ဗိုလ်လုပွဲအပြီးတွင် ဆုချီးမြှင့်ပွဲကို ဆက်လက်ကျင်းပရာ ပြိုင်ပွဲဝင်အသင်းများအား ဂုဏ်ပြုမှတ်တမ်းလွှာများ၊ နေရာအလိုက်အကောင်းဆုံးကစားသမားဆု၊ အကောင်းဆုံးဂိုးသမားဆု၊ ဂိုးသွင်းအများဆုံးကစားသမားဆု၊ အကောင်းဆုံးကစားသမားဆုနှင့် ဒုတိယဆုရရှိသောအသင်းအား ဆုတံဆိပ်နှင့်ငွေသားဆုတို့ကို တာဝန်ရှိသူများက အသီးသီးပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် ပထမဆုရရှိသောအသင်းအား ဆုတံဆိပ်၊ ငွေသားဆုနှင့်တံခွန်စိုက်ဆုဖလားကို မြိတ်ခရိုင် အားကစားနှင့်ကာယပညာကော်မတီဥက္ကဋ္ဌ၊ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမျိုးဦးက ပေးအပ်ချီးမြှင့်သည်။

အဆိုပါပြိုင်ပွဲကို အသက် ၄၅ နှစ်အထက် အသင်းလေးသင်းမှ ပြိုင်ပွဲဝင်အားကစားသမား ၈၀ ဦး ဝင်ရောက်ယှဉ်ပြိုင်ကြကြောင်း သိရသည်။

**ခိုင်ထူး(ပြန်/ဆက်)**

# သာယာဝတီမြို့နယ် ညောင်နီကုန်းကျေးရွာ၌ အသားတိုးဝက်မွေးမြူရန် RBF စီမံကိန်းရန်ပုံငွေများ တတိယအကြိမ်ထုတ်ချေး

သာယာဝတီ ဒီဇင်ဘာ ၂၅

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် သာယာဝတီမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ညောင်နီကုန်းကျေးရွာ၌ အသားတိုးဝက်မွေးမြူရန် ကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေထူထောင်ခြင်းလုပ်ငန်းစီမံကိန်း (RBF) ရန်ပုံငွေများ တတိယအကြိမ် ထုတ်ချေးခြင်းကို ဒီဇင်ဘာလ ၂၅ ရက်တွင် ကျင်းပသည်။

ရှေးဦးစွာ သာယာဝတီခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးသန်းလွင်က ညောင်နီကုန်းကျေးရွာ၌ စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူများ၊ အငယ်စား၊ အလတ်စားစီးပွားရေးလုပ်ငန်းလုပ်ကိုင်သူများအတွက် လိုအပ်သော ငွေကြေးအရင်းအနှီးရရှိစေရန်၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများကို အစုအဖွဲ့စနစ်ဖြင့် ဆောင်ရွက်တတ်စေရန် စသည့်ရည်ရွယ်ချက်များဖြင့် RBF စီမံကိန်းရန်ပုံငွေများ ထုတ်ချေးရခြင်းဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးနိုင်မင်းထွန်းနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက အတိုးနှုန်းနှင့်ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့်စည်းကမ်းသတ်မှတ်ချက်များကိုပြောကြားပြီး ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူးက ညောင်နီကုန်းကျေးရွာ၌ အစုအဖွဲ့စနစ်ဖြင့် အသားတိုးဝက်မွေးမြူမည့် စုစုပေါင်းအစုအဖွဲ့လေးဖွဲ့အတွက် ကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေထူထောင်ခြင်းလုပ်ငန်းစီမံကိန်း (RBF) ရန်ပုံငွေ ငွေကျပ် သိန်း ၃၀၀ ကို အစုအဖွဲ့ဝင်များ လက်ဝယ်အရောက် အတိုးနှုန်းသက်သာစွာ ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**ချိုသန်းညွန့်(ကျေးလက်)**


ဘေးကင်းစိတ်ချ လုံခြုံမှုရစေတာ
SIGMA
CABLE & WIRE
ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၉ ၄၄၃၃၆၃၃၉၉၊ ၀၉ ၄၅၀၀၁၈၉၆၂
KHA YAE PIN MART - မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART Nay Pyi Taw - ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇
STARMART MANDALAY Wholesale - ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀


အင်္ဂလန်နိုင်ငံ International Brewing Awards ၊ ဩစတြေးလျနိုင်ငံ Australian International Beer Awards ၊ ဘယ်လ်ဂျီယံနိုင်ငံ Monde (World) Selection ၊
ဂျာမနီနိုင်ငံ European Beer Star ပြိုင်ပွဲကြီးများမှ အမြင့်ဆုံးဆုတံဆိပ်များ ရရှိခဲ့သော ဒဂုံအဖျော်ယမကာကုမ္ပဏီလီမိတက် ထုတ်ကုန်များ . . .
'ဒဂုံနှင့်အတူ ဂုဏ်ယူလိုက်ပါ'
DAGON
ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၁ ၃၆၁၀၈၄၁၊ ၀၁ ၆၅၁၁၇၇၊ ၀၁ ၆၅၂၁၆၉
KHA YAE PIN MART - မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၂၆၃၁၄၇၃၈၅
STARMART MANDALAY Wholesale - ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw - ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇
Non-Sparkling Lemon Tea
Sparkling Lemon Tea
LEMON


Quality For You
VEGA
ဗီဂါ ပလတ်စတစ်လူသုံးကုန်ပစ္စည်းထုတ်လုပ်ရေးစက်ရုံ
အရည်အသွေးမှာ အကောင်းဆုံး ဗီဂါ
Quality For You
သစ်ပင်တွေရှင်သန်ဖို့ ရေအစက်ချကိုအသုံးပြုစို့
ရန်ကုန်-မန္တလေးကားလမ်း(လမ်းဟောင်း)၊ မိုင်တိုင်အမှတ် (၃၇၆/၃)၊ ဘယ်လင်းကျေးရွာအနီး၊ စဥ့်ကိုင်မြို့။ ၀၉-၂၀၁၂၀၅၁၊ ၀၉-၄၀၂၆၃၉၆၈၉၊ ၀၉-၆၉၈၃၅၈၅၃၁


အင်ငါးခွ သကြားစက်မှထုတ်လုပ်သည်
အင်ငါးခွ
INNGAGWA
White Sugar
EXPORT QUALITY
09-691540716
inngagwasugarmail2018@gmail.com
FDANo,85/21337/ထလ
တောင်သူစိုက်ပျိုး စီးပွားတိုးဖို့ ပြည်တွင်းသကြားကို အားပေးစို့

# မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ်၊ မြင်းကပါကျေးရွာရှိ ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေအတွင်းမှ တူးဖော်ရရှိသည့် ရှေးဟောင်းရွှေထည်ပစ္စည်းများအား သက်ဆိုင်ရာတာဝန်ရှိသူများထံ သတင်းပေးပို့အပ်နှံခြင်းမရှိဘဲ ထုခွဲရောင်းချခဲ့သူများအား ဖော်ထုတ်ဖမ်းဆီးအရေးယူ

**နေပြည်တော်  ဒီဇင်ဘာ ၂၅**

၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ ၂၀ ရက်နေ့က မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးမြို့၊ မြင်းကပါကျေးရွာရှိ ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေအတွင်း၌ ရေစီးရေလာကောင်းမွန်စေရန်အတွက် ရေမြောင်းဖောက်လုပ်ခြင်းလုပ်ငန်းများ ဆောင်ရွက်စဉ် တူးဖော်ရရှိခဲ့သည့် ရှေးဟောင်းရွှေထည်ပစ္စည်းများအား သက်ဆိုင်ရာတာဝန်ရှိသူများထံ သတင်းပေးပို့အပ်နှံခြင်းမရှိဘဲ ထုခွဲရောင်းချ၍ ကိုယ်ကျိုးစီးပွားအတွက် ခွဲဝေအသုံးပြုခဲ့သည့် ဖြစ်စဉ်ဖြစ်ပွားခဲ့ကြောင်း သတင်းအရ ကျူးလွန်သူများအား ဖော်ထုတ်ဖမ်းဆီးရမိနိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက လိုအပ်သောစုံစမ်းစစ်ဆေးမှုများ ဆောင်ရွက်ခဲ့ကြသည်။



မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ်၊ မြင်းကပါကျေးရွာရှိ ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေအတွင်း၌ တူးဖော်ရရှိသည့် ရွှေထည်ပစ္စည်းများအား သက်ဆိုင်ရာတာဝန်ရှိသူများထံ သတင်းပေးပို့အပ်နှံခြင်းမရှိဘဲ ထုခွဲရောင်းချခဲ့သူ(ဝဲမှယာ) တရားခံ အောင်ဖြိုး(၃၅)နှစ် (ဘ)ဦးမောင်ခင်၊ အောင်မိုး (၄၃)နှစ် (ဘ)ဦးမောင်ခင်၊ စိန်ထွန်း(၂၅)နှစ် (ဘ)ဦးတင်ဝင်း တို့အား ဖော်ထုတ်ဖမ်းဆီးအရေးယူမှုမှတ်တမ်းဓာတ်ပုံ။

ထိုသို့စုံစမ်းဆောင်ရွက်ခဲ့ကြရာ ၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ ၂၀ ရက်နေ့တွင် အဆိုပါမြင်းကပါကျေးရွာရှိ ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေအတွင်း ရေစီးရေလာကောင်းမွန်စေရန်အတွက် ရေမြောင်းဖောက်လုပ်ခြင်းလုပ်ငန်းများအား လုပ်ကိုင်ခွင့်ရရှိထားသူ ဦးညို(ခ)ကိုကိုညို(စိစစ်ဆဲ)သည် ပန်းရန်အလုပ်သမားများဖြစ်ကြသော အောင်ဖြိုး၊ စိန်ထွန်း၊ အောင်မိုး၊ ဇေယျာဖြိုး၊ ဝင်းဇော်၊ ကျော်စိုးနိုင်၊ ဖွဲမာန်၊ ကိုငယ်၊ သန်းထွန်းအေး၊ အောင်သူဖြိုး၊ အောင်ကျော်မိုး၊ ဟန်ဝင်းသူ၊ မောင်တိုးတို့ ၁၃ ဦးနှင့်အတူ ရေမြောင်းတူးဖော်ခြင်းလုပ်ငန်းများဆောင်ရွက်စဉ် ရှေးဟောင်းမြေအိုး ၁ လုံး တူးဖော်ရရှိခဲ့ပြီး အဆိုပါမြေအိုးအတွင်းမှ ရှေးဟောင်းပစ္စည်းဟု ယူဆရသည့် ရွှေလက်ကောက် ၁၀ ကွင်း၊ ရွှေလုံး ၂ ခု၊ ရွှေဘယက်အချို့အား တူးဖော်တွေ့ရှိခဲ့ပြီး သက်ဆိုင်ရာတာဝန်ရှိသူများထံ သတင်းပေးပို့အပ်နှံခြင်းမရှိဘဲ ထုခွဲရောင်းချ၍ ကိုယ်ကျိုးစီးပွားအတွက် အသုံးပြုနိုင်ရန် အောင်ဖြိုးမှ ရွှေလက်ကောက် ၁၀ ကွင်း၊ ရွှေလုံး ၂ ခုတို့ကို ယူဆောင်ပြီး ကျန်ရွှေဘယက်နှင့် အခြားရွှေထည်ပစ္စည်းများကို ဦးညို(ခ)ကိုကိုညိုမှ အသီးသီးခွဲဝေယူဆောင်ခဲ့ကြခြင်းဖြစ်ကြောင်း စုံစမ်းဖော်ထုတ်သိရှိရသည်။

စုံစမ်းဖော်ထုတ်ချက်အရ လုံခြုံရေးတပ်ဖွဲ့ဝင်များက ၂၀၂၄ ခုနှစ်၊ နိုဝင်ဘာလ ၉ ရက်နေ့တွင် ရှေးဟောင်းရွှေထည်ပစ္စည်းများတူးဖော်ရရှိခဲ့သူ အောင်ဖြိုး၊ စိန်ထွန်းနှင့် အောင်မိုးတို့ ၃ ဦးအား ၎င်းတို့၏နေအိမ်အသီးသီးမှ သက်ဆိုင်ရာနယ်မြေရဲစခန်းသို့ ထိန်းသိမ်းခေါ်ဆောင်စစ်ဆေးခဲ့ရာ တရားခံအောင်ဖြိုးက မန္တလေးမြို့ရှိ ဦးတင်မောင်ဆွေ (စိစစ်ဆဲ)၏နေအိမ်တွင် တူးဖော်ရရှိခဲ့သည့် ရှေးဟောင်းရွှေထည်ပစ္စည်းအလေးချိန် ၁၃ ကျပ်သားခန့်အား ငွေကျပ်သိန်း ၅၄၀ ဖြင့် ရောင်းချခဲ့ကြောင်း၊ ဦးညို(ခ)ကိုကိုညိုမှ ၎င်းခွဲဝေရရှိထားသည့် ရွှေထည်ပစ္စည်းအချို့အား သိန်း (၉၄၀)ကျပ်ဖြင့် ရောင်းချခဲ့ကာ အဆိုပါရရှိငွေများထဲမှ အလုပ်သမားများဖြစ်သူ စိန်ထွန်းပါ ၁၂ ဦးအား တစ်ဦးလျှင် ၅၂၅၀၀၀၀/-နှုန်းဖြင့် ခွဲဝေပေးခဲ့ကြောင်း ဖော်ထုတ်သိရှိရပြီး တရားခံအောင်မိုးထံမှ သက်သေခံ ရှေးဟောင်းရွှေထည်ပစ္စည်း ရွှေလက်ကောက်အကွေး ၅ ခုအားလည်းကောင်း၊ တရားခံအောင်ဖြိုးထံမှသက်သေခံ ရှေးဟောင်းရွှေထည်ပစ္စည်း ရွှေခဲ ၃ ခု၊ ရွှေထည်ပစ္စည်းမျိုးစုံ ၄ ကျပ်၊ ၁၀ ပဲ၊ ၃ ရွေးနှင့် ရွှေထည်ပစ္စည်းအပိုင်းအစ ၁၆ ခု၊ ၁၃ ကျပ်၊ ၆ ပဲ၊ ၂ ရွေး တို့အား အသီးသီး ဖော်ထုတ်သိမ်းဆည်းရမိခဲ့သည်။

ဖြစ်စဉ်မှ ရှေးဟောင်းရွှေထည်ပစ္စည်းများအား တာဝန်ရှိသူများထံ သတင်းပေးပို့အပ်နှံခြင်းမရှိဘဲ ကိုယ်ကျိုးစီးပွားအတွက် ထုခွဲရောင်းချခဲ့သူ အောင်ဖြိုး၊ စိန်ထွန်း၊ အောင်မိုးတို့ ၃ ဦးနှင့် ဖမ်းဆီးရန်ကျန်တရားခံများဖြစ်ကြသည့် ဦးညို(ခ)ကိုကိုညိုပါ ၁၁ ဦးတို့အား ပုဂံနယ်မြေရဲစခန်း(ပ) ၂၅/၂၀၂၄၊ ရှေးဟောင်းဝတ္ထုပစ္စည်းများ ကာကွယ်ထိန်းသိမ်းရေးဥပဒေပုဒ်မ ၁၇/၁၉ ဖြင့် အမှုရေးဖွင့်ပြီး ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူနိုင်ရေး ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်းနှင့် မိဘပြည်သူများအနေဖြင့်လည်း ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်ပစ္စည်းများအား တူးဖော်တွေ့ရှိပါက လက်ဝယ်ထားရှိခြင်း၊ စုဆောင်းထားရှိခြင်းနှင့် ကိုယ်ကျိုးစီးပွားအတွက် ထုခွဲရောင်းချခြင်းများ မပြုလုပ်ရန်နှင့် သက်ဆိုင်ရာတာဝန်ရှိသူများထံ သတင်းပေးပို့ဆက်သွယ်၍အပ်နှံနိုင်ရန် အသိပေးသတင်းထုတ်ပြန်အပ်ပါသည်။ (၁၀၀)

# နွားထိုးကြီးမြို့နယ်၊ မြိုင်သာရွာနှင့် ဒေါင့်ဘိုးရွာကို လုံခြုံရေးတပ်ဖွဲ့ဝင်များက လေကြောင်းဖြင့် ၂ ရက်ဆက်တိုက် ဗုံးကြဲတိုက်ခိုက်မှု ပြည်သူ ၁ ဦးသေဆုံးခဲ့ကြောင်း သတင်းအမှားများ မဟုတ်မမှန်ရေးသားဖြန့်ဝေ




**နေပြည်တော်  ဒီဇင်ဘာ ၂၅**



မန္တလေးတိုင်းဒေသကြီး၊ နွားထိုးကြီးမြို့နယ်၊ မြိုင်သာရွာနှင့် ဒေါင့်ဘိုးရွာကို ဒီဇင်ဘာလ ၂၃ ရက်နှင့် ၂၄ ရက်တို့တွင် လုံခြုံရေးတပ်ဖွဲ့ဝင်များက လေကြောင်းဖြင့် ၂ရက်ဆက်တိုက် ဗုံးကြဲတိုက်ခိုက်ခြင်းကြောင့် ပြည်သူ ၁ ဦးသေဆုံးခဲ့ကြောင်း တရားမဝင်ပြည်ဖျက်မီဒီယာများက မဟုတ်မမှန်ရေးသားဖြန့်ဝေနေကြောင်းတွေ့ရှိရသည်။

အဆိုပါသတင်းနှင့်ပတ်သက်၍ သက်ဆိုင်ရာ လုံခြုံရေးတာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် ၎င်းကျေးရွာများအတွင်း ပြည်သူများအေးချမ်းစွာ နေထိုင်နိုင်ရေးအတွက် လိုအပ်သည့်နယ်မြေလုံခြုံရေးလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိပြီး လေကြောင်းဖြင့် ဗုံးကြဲတိုက်ခိုက်ခြင်းမရှိကြောင်း၊ အကြမ်းဖက်သမားများကသာ ၎င်းတို့အပေါ်ထောက်ခံအားပေးမှုမရှိသည့် ကျေးရွာများကို ဒရုန်းဖြင့်ဗုံးကြဲခြင်း၊ လက်နက်ကြီးများဖြင့် ပစ်ခတ်ခြင်းများဆောင်ရွက်လျက်ရှိပြီး တရားမဝင်ပြည်ဖျက်မီဒီယာများက အကြမ်းဖက်သမားများ၏ လုပ်ရပ်များကိုဖုံးကွယ်ရန်နှင့် ပြည်သူလူထုမှ လုံခြုံရေးတပ်ဖွဲ့ဝင်များအပေါ် အထင်အမြင်လွဲမှားစေရန်ရည်ရွယ်၍ မဟုတ်မမှန်ရေးသားဖြန့်ဝေနေခြင်းသာဖြစ်ကြောင်း သတင်းရရှိသည်။ (၁၀၀)

# မိုးညှင်းနှင့် လွိုင်လင်မြို့နယ်တို့တွင် စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိ

**နေပြည်တော်  ဒီဇင်ဘာ ၂၅**

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဒီဇင်ဘာလ ၂၄ ရက် နံနက် ၁၁ နာရီတွင် မိုးညှင်းမြို့နယ်၊ နန့်စီးအောင်ကျေးရွာအုပ်စု၊ နန့်စီးအောင်ကျေးရွာအနီးတွင် သန်းစိုးအောင် မောင်းနှင်လာသည့် ဆိုင်ကယ်နှင့် မမေဇင်ဝင်း မောင်းနှင်ပြီး မသက်သက်မာလိုက်ပါလာသည့် ဆိုင်ကယ်တို့ကိုစစ်ဆေးရှာဖွေရာ ၎င်းတို့ထံမှ ဘိန်းဖြူ ၁ ဒသမ ၅၂ ကီလို၊ စိတ်ကြွရူးသွပ်ဆေးပြား ၁၀၇၈၂၀ နှင့် ဘိန်းစိမ်း ၁ ကီလိုကိုလည်းကောင်း၊ ထို့ပြင် ယင်းနေ့ ညနေ ၅ နာရီ ၁၅ မိနစ်တွင် ပူးပေါင်းအဖွဲ့သည် လွိုင်လင်မြို့နယ်၊ တောင်နောက်ကျေးရွာအုပ်စု၊ ဟိုတင်ကျေးရွာအနီးတွင် ကျော်စွာဝင်းမောင်းနှင်လာသည့် ဆိုင်ကယ်ကိုစစ်ဆေးရှာဖွေရာ ၎င်းထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၅၀၀၀ ကိုလည်းကောင်း သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်းသတင်းရရှိသည်။

သန်းစိုးအောင်၊ မမေဇင်ဝင်းနှင့်မသက်သက်မာတို့အား သိမ်းဆည်းရမိသည့် မူးယစ်ဆေးဝါးများနှင့်အတူ တွေ့ရစဉ်။

(သတင်းစဉ်)

# ဘာစီလိုနာအသင်းသို့ အန်ကူကူပြောင်းရွှေ့ကစားခွင့်ရရှိရန် အေးဂျင့်ဖြစ်သူဇဟာဗီ ချိတ်ဆက်မှုများလုပ်ဆောင်



ဘာစီလိုနာ ဒီဇင်ဘာ ၂၅

ချယ်လ်ဆီးအသင်းတိုက်စစ်ကစားသမား အန်ကူကူ၏ အေးဂျင့်ဖြစ်သူ ဇဟာဗီက အန်ကူကူကို ဘာစီလိုနာအသင်းထံပြောင်းရွှေ့ကစားခွင့်ရရှိရန် ဘာစီလိုနာအသင်းနှင့် ချိတ်ဆက်မှုများလုပ်ဆောင်လျက်ရှိကြောင်း သိရသည်။

အသက် ၂၇ နှစ်အရွယ် အန်ကူကူသည် ၂၀၂၃ ခုနှစ် နွေရာသီကစားသမားအပြောင်းအရွှေ့ကာလက လိုက်ပဇစ်အသင်းမှ ချယ်လ်ဆီးအသင်းသို့ ပြောင်းရွှေ့ကစားခဲ့သူဖြစ်ပြီး အသင်းနှင့်အတူ ပြီးခဲ့သည့်ဘောလုံးရာသီက ဒဏ်ရာပြဿနာများကြောင့် ရှန်းကန်နေရပြီး ပွဲစဉ်အနည်းငယ်သာပါဝင်ကစားခွင့်ရရှိခဲ့သူဖြစ်သည်။

အန်ကူကူသည် ယခုဘောလုံးရာသီတွင် ဒဏ်ရာမှ ပြန်လည်သက်သာလာခဲ့သော်လည်း နည်းပြမာရက်စ်ကာလက်အောက်တွင် ပွဲကစားခွင့်နည်းပါးသည့်အတွက် အန်ကူကူကိုယ်တိုင် အသင်းမှထွက်ခွာလိုနေခြင်းဖြစ်သည်။

ချယ်လ်ဆီးအသင်းနည်းပြ မာရက်စ်ကာက အသင်းတိုက်စစ်ပိုင်းတွင် အဓိက ပွဲထွက်ကစားသမားအဖြစ် ဂျက်ဆင်ကိုသာအသုံးပြုနေပြီး အန်ကူကူအနေဖြင့် ဂျက်ဆင်၏နောက် ဒုတိယဦးစားပေးကစားသမားအဖြစ်သာပါဝင်ခွင့်ရရှိသည့်အတွက် အသင်းမှပြန်လည်ထွက်ခွာရန်ကြိုးပမ်းနေသူဖြစ်သည်။

အေးဂျင့်ဇဟာဗီသည် ဘာစီလိုနာအသင်းဥက္ကဋ္ဌ လာပေါ်တာနှင့် ကောင်းမွန်သည့်ဆက်ဆံရေးရှိသူဖြစ်ပြီး လီဝန်ဒေါဗကီး ဘိုင်ယန်မြူးနစ်အသင်းမှ ဘာစီလိုနာအသင်းသို့ ပြောင်းရွှေ့ကစားခဲ့ရာတွင် အေးဂျင့်အဖြစ် အပြောင်းအရွှေ့ဖြစ်မြောက်အောင် လုပ်ဆောင်ပေးခဲ့သူဖြစ်ကာ ယခုအခါတွင်လည်း အန်ကူကူကို ဘာစီလိုနာအသင်းသို့ ပြောင်းရွှေ့ကစားခွင့်ရရန် ကြိုးပမ်းနေခြင်းဖြစ်သည်။

အန်ကူကူသည် ယခုဘောလုံးရာသီတွင် ပြိုင်ပွဲစုံတွင် ၁၂ ဂိုးသွင်းယူထားနိုင်ခဲ့သော်လည်း ပရီးမီးယားလိဂ်ပြိုင်ပွဲတွင် ပွဲစဉ်အနည်းငယ်သာပါဝင်ကစားခွင့်ရရှိခဲ့ပြီး ပွဲစဉ်အများစုကို တခြားပြိုင်ပွဲများတွင်ပါဝင်ကစားခဲ့ရခြင်းဖြစ်သည်။

ဘာစီလိုနာအသင်းကလည်း လက်ရှိအသင်းတိုက်စစ်ပိုင်းတွင် လီဝန်ဒေါဗကီး၏နေရာ၌ အစားထိုးရန် အန်ကူကူကိုခေါ်ယူသွားဖွယ်ရှိနေကြောင်း သိရသည်။ Ref;Fotmob

# စပါးအသင်းနည်းပြအဖြစ် နည်းပြလောကသို့ ဂရေဟမ်ပေါ်တာ ပြန်လည်ရောက်ရှိနိုင်

လန်ဒန် ဒီဇင်ဘာ ၂၅

ချယ်လ်ဆီးအသင်းနှင့် လမ်းခွဲပြီးနောက် ကလပ်အသင်းလက်မဲ့ဖြစ်နေသည့် နည်းပြ ဂရေဟမ်ပေါ်တာသည် စပါးအသင်းနည်းပြအဖြစ် နည်းပြလောကသို့ ပြန်လည်ရောက်ရှိနိုင်ကြောင်း သိရသည်။

နည်းပြ ဂရေဟမ်ပေါ်တာသည် ဘရိုက်တန်အသင်းကို တာဝန်ယူကိုင်တွယ်ခဲ့စဉ်က ရလဒ်ကောင်းများရရှိအောင် စွမ်းဆောင်နိုင်ခဲ့သော်လည်း ချယ်လ်ဆီးအသင်းကို တာဝန်ယူကိုင်တွယ်ခဲ့ရာတွင် ရလဒ်များဆိုးရွားခဲ့မှုကြောင့် ၂၀၂၃ ခုနှစ် ဧပြီလက ထုတ်ပယ်ခံရပြီးနောက် လက်ရှိအချိန်ထိ ကလပ်အသင်းလက်မဲ့ဖြစ်နေသူဖြစ်သည်။

စပါးအသင်းသည် ယခုဘောလုံးရာသီတွင် နည်းပြ ပိုစတီနိုဂလူလက်အောက်တွင် ရလဒ်ပိုင်း မတည်မငြိမ်ဖြစ်နေပြီး ရှန်းကန်နေရကာ ပြီးခဲ့သည့် လီဗာပူးအသင်းနှင့်ပွဲစဉ်တွင် အိမ်ကွင်း၌ လက်ခံကစားခဲ့ရသော်လည်း ၆ ဂိုး- ၃ ဂိုးဖြင့် ရှုံးနိမ့်ပြီးနောက် နည်းပြ ပိုစတီနိုဂလူ၏ အနာဂတ်မှာလည်း မရေမရာဖြစ်နေသည်။

စပါးအသင်းက လက်ရှိတွင် ရလဒ်ဆိုးများကြောင့် နည်းပြအပြောင်းအလဲလုပ်ဆောင်ရန်စတင်ပြင်ဆင်နေပြီး နည်းပြဂရေဟမ်ပေါ်တာကို ခန့်အပ်ရန်စီစဉ်နေကြောင်း သိရသည်။

Ref;Fabrizio Romano

# မန်ယူအသင်းက ဘိုင်ယန်မြူးနစ်အသင်းနှင့်အနာဂတ်မရေမရာဖြစ်နေသည့် တောင်ပံကစားသမား ဆာနေးကို ခေါ်ယူရန် စီစဉ်နေ

မန်ချက်စတာ ဒီဇင်ဘာ ၂၅

မန်ယူအသင်းက တောင်ပံတိုက်စစ်ပိုင်းအတွက် ဘိုင်ယန်မြူးနစ်အသင်းနှင့် အနာဂတ်မရေမရာဖြစ်နေသည့် တောင်ပံကစားသမား ဆာနေးကို ခေါ်ယူရန် စီစဉ်နေကြောင်း သိရသည်။

ဆာနေးသည် ၂၀၂၀ ပြည့်နှစ် နွေရာသီကစားသမားအပြောင်းအရွှေ့ကာလက မန်စီးတီးအသင်းမှ ဘိုင်ယန်မြူးနစ်အသင်းသို့ ပြောင်းရွှေ့ကစားခဲ့သူဖြစ်ပြီး ယခုဘောလုံးရာသီတွင် အသင်းနှင့် စာချုပ်သက်တမ်းကုန်ဆုံးမည်ဖြစ်သည့်အတွက် အလွတ်ပြောင်းရွှေ့ကြေးဖြင့် ခေါ်ယူနိုင်မည့်အခွင့်အရေးကြောင့် ဥရောပထိပ်တန်းကလပ်အသင်းအများစုက ခေါ်ယူရန်စီစဉ်နေခြင်းဖြစ်သည်။

ဆာနေးသည် မန်စီးတီးအသင်းတွင် ဘောလုံးရာသီသုံးရာသီကစားခဲ့ပြီး အကောင်းဆုံးခြေစွမ်းပြနိုင်ခဲ့ကာ အသင်းနှင့်အတူ ပရီးမီးယားလိဂ်ဖလား နှစ်ကြိမ်ဆွတ်ခူးနိုင်ခဲ့ပြီး ပရီးမီးယားလိဂ်ပြိုင်ပွဲနှင့် ပတ်သက်၍ အတွေ့အကြုံရှိသူတစ်ဦးဖြစ်သည့်အတွက် မန်ယူအသင်းက ခေါ်ယူရန်စီစဉ်နေခြင်းဖြစ်သည်။

လက်ရှိ မန်ယူအသင်းတောင်ပံတိုက်စစ်ပိုင်းတွင် ရက်ရှ်ဖို့ဒ်၊ ဂါနာချိုနှင့် အန်တိုနီတို့အနေဖြင့် အနာဂတ်မရေမရာဖြစ်နေသောကြောင့် နည်းပြ အမိုရင်က အသင်းတောင်ပံတိုက်စစ်နေရာအတွက် ဆာနေးကို ခေါ်ယူလိုခြင်းဖြစ်သည်။

ဘိုင်ယန်မြူးနစ်အသင်းနှင့် ဆာနေးတို့သည် သက်တမ်းတိုးစာချုပ်ချုပ်ဆိုရန် ယခုဘောလုံးရာသီအစပိုင်းကတည်းက သက်တမ်းတိုးစာချုပ်အတွက် ဆွေးနွေးမှုများလုပ်ဆောင်လျက်ရှိသော်လည်း လက်ရှိအချိန်ထိ ဆွေးနွေးမှုများ အဆင်မပြေဖြစ်နေသေးကြောင်း သိရသည်။

Ref;Fabrizio Romano

# စပို့တင်းလစ္စဘွန်းအသင်းက ရလဒ်ပိုင်းမတည်ငြိမ်မှုများဖြစ်ပေါ်နေသည့်အတွက် နည်းပြအပြောင်းအလဲလုပ်ဆောင်ရန် ပြင်ဆင်လျက်ရှိ

လစ္စဘွန်း ဒီဇင်ဘာ ၂၅

စပို့တင်းလစ္စဘွန်းအသင်းက လက်ရှိနည်းပြ ဂျာအိုပါရဲရားလက်အောက်တွင် အသင်းအနေဖြင့် ရလဒ်ပိုင်းမတည်ငြိမ်မှုများဖြစ်ပေါ်နေသည့်အတွက် လပိုင်းအကြာတွင် ပြန်လည်ထုတ်ပယ်ရန် ပြင်ဆင်လျက်ရှိကြောင်း သိရသည်။

စပို့တင်းလစ္စဘွန်းအသင်းသည် ယခုဘောလုံးရာသီတွင် နည်းပြဟောင်း အမိုရင်လက်အောက်တွင် ရလဒ်များဆက်တိုက်ကောင်းမွန်ခဲ့သော်လည်း နည်းပြ အမိုရင်ထွက်ခွာပြီးနောက် လက်ရှိနည်းပြ ဂျာအိုပါရဲရားလက်အောက်တွင် အသင်းအနေဖြင့် ရလဒ်ပိုင်းမတည်မငြိမ်ဖြစ်နေသည့်အတွက် နည်းပြ ဂျာအိုပါရဲရားကို လပိုင်းအကြာတွင် ထုတ်ပယ်ရန် ပြင်ဆင်နေခြင်းဖြစ်သည်။

စပို့တင်းလစ္စဘွန်းအသင်းက နည်းပြအမိုရင် အသင်းမှထွက်ခွာပြီးနောက် နည်းပြသစ်အဖြစ် လူငယ်အသင်းနည်းပြ ဂျာအိုပါရဲရားကို ပြီးခဲ့သည့် နိုဝင်ဘာလ ၁၁ ရက်က အသင်းနည်းပြအဖြစ် ခန့်အပ်ခဲ့ခြင်းဖြစ်သည်။ စပို့တင်းလစ္စဘွန်းအသင်းအနေဖြင့် နည်းပြ ဂျာအိုပါရဲရားလက်အောက်တွင် ရလဒ်များဆိုးရွားလာပြီး ပြိုင်ပွဲစုံ ရှစ်ပွဲတွင် သုံးပွဲသာအနိုင်ရရှိပြီး လေးပွဲရှုံးနိမ့်ခဲ့ကာ တစ်ပွဲသရေရလဒ်ထွက်ပေါ်ခဲ့ပြီး အမှတ်ပေးဇယားရပ်တည်မှုအပိုင်းတွင်လည်း ထိပ်ဆုံးနေရာမှ အဆင့်(၂)နေရာသို့ ကျဆင်းခဲ့ပြီးနောက် စပို့တင်းလစ္စဘွန်းအသင်းဘုတ်အဖွဲ့က အသင်းနည်းပြ အပြောင်းအလဲလုပ်ဆောင်ရန် ပြင်ဆင်နေခြင်းဖြစ်ကြောင်း သိရသည်။

Ref;Goal.com






ABL APP is now AVAILABLE in both MM and ENG versions!

## ပြင်ဦးလွင်ဒေသကော်ဖီစီမံကိန်းဧရိယာအတွင်း အမည်ပြောင်းလဲလုပ်ကိုင်နေသူများမှ ရောင်းခွန်/ဝယ်ခွန်ပေးဆောင်သွားရန် ကြော်ငြာခြင်း

၁။ ပြင်ဦးလွင်ဒေသကော်ဖီစီမံကိန်း မြေလွတ်၊ မြေလပ်၊ မြေရိုင်းမြေနှင့် သစ်တောမြေများအတွင်း ကော်ဖီစိုက်ပျိုးလုပ်ကိုင်ခွင့်အား စာချုပ်ပါစည်းကမ်းသတ်မှတ်ချက်နှင့်အညီ စာချုပ်ချုပ်ဆို၍ သတ်မှတ်နေရာချထားပေးခဲ့သည့်အပေါ် စိစစ်ချက်အရ အချို့သောလက်ရှိလုပ်ကိုင်နေသူများသည် မူလခွင့်ပြုပေးထားသူများမဟုတ်ဘဲ မူလပိုင်ရှင်များထံမှ လွှဲပြောင်းရယူခဲ့သူများဖြစ်ကြောင်း စိစစ်တွေ့ရှိရပါသည်။

၂။ ပြင်ဦးလွင်ဒေသကော်ဖီစီမံကိန်း မြေလွတ်၊ မြေလပ်၊ မြေရိုင်းမြေနှင့် သစ်တောမြေများအတွင်း ကော်ဖီစိုက်ပျိုးရန် မူလချထားပေးသူနှင့် အမည်ကွဲလွဲနေသူ နှစ်ဦးနှစ်ဖက်လုံးအား အထူးကိစ္စတစ်ရပ်အနေဖြင့် ရောင်းခွန်/ဝယ်ခွန်များ စည်းကြပ်ကောက်ခံပြီး ဆက်လက်လုပ်ကိုင်ခွင့်ပြုနိုင်ရေး သက်ဆိုင်သူများသို့ ၁၁-၁၁-၂၀၂၄ ရက်နေ့တွင် ဆက်သွယ်အကြောင်းကြားခဲ့သော်လည်း အချို့သာဆက်သွယ်ဆောင်ရွက်လာကြပြီး အများစုမှာ ယခုအချိန်ထိ ဆက်သွယ်ဆောင်ရွက်မှု မပြုသေးသည်ကိုတွေ့ရှိရပါသည်။ သို့အတွက် ရောင်းခွန်/ဝယ်ခွန်များကို ပြင်ဦးလွင်မြို့နယ် ပြည်တွင်းအခွန်များဦးစီးဌာနသို့ ၁၀-၁-၂၀၂၅ ရက်နေ့ နောက်ဆုံးထား၍ ပေးဆောင်သွားရန်နှင့် အခွန်ငွေပေးသွင်းပြီးကြောင်းအထောက်အထားများကို ပြင်ဦးလွင်ကော်ဖီစီမံကိန်းကြီးကြပ်ရေးအဖွဲ့ထံသို့ မိတ္တူပေးပို့သွားရန်ဖြစ်ပါသည်။

၃။ ပြင်ဦးလွင်ဒေသကော်ဖီစီမံကိန်း မြေလွတ်၊ မြေလပ်၊ မြေရိုင်းမြေနှင့် သစ်တောမြေများအတွင်း ကော်ဖီစိုက်ပျိုးရန် မူလချထားပေးသူနှင့် အမည်ကွဲလွဲနေသူ နှစ်ဦးနှစ်ဖက်စလုံးအနေဖြင့် ရောင်းခွန်/ဝယ်ခွန်များအား ပေးဆောင်ခြင်းမရှိပါက ကော်ဖီစိုက်ပျိုးမြေအား သိမ်းဆည်းခြင်း၊ လူပုဂ္ဂိုလ်အား အမည်ပျက်စာရင်း(Black List)ရေးသွင်းခြင်း၊ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲရေးဥပဒေပုဒ်မ ၂၉(က)ပါ ပြဋ္ဌာန်းချက်နှင့်အညီ ဥပဒေကြောင်းအရ တရားစွဲဆိုခြင်းများ ဆောင်ရွက်သွားမည်ဖြစ်ကြောင်းကြော်ငြာအပ်ပါသည်။

၄။ ရောင်းခွန်/ဝယ်ခွန်များ ပေးဆောင်နိုင်ရေးကိစ္စနှင့်ပတ်သက်၍ အသေးစိတ်သိရှိလိုပါက ဦးသိန်းဝင်း၊ အဖွဲ့ခေါင်းဆောင်၊ ပြင်ဦးလွင်ကော်ဖီစီမံကိန်းကြီးကြပ်ရေးအဖွဲ့၊ ဖုန်းနံပါတ် ၀၉-၂၀၀၀၂၁၇ သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**စိုက်ပျိုးရေးဦးစီးဌာန**

### JW-TMH LOGISTICS COMPANY LIMITED
**စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိခန့်အပ်ကြောင်းကြေညာခြင်း**
**လူမှုခံယူခြင်းဆိုင်ရာဥပဒေ ၁၅၂(က)**
**လူမှုခံယူခြင်းဆိုင်ရာနည်းဥပဒေ ၁၅ အရ**
**(ကုမ္ပဏီတွင်ပါဝင်သူများဆန္ဒအလျောက် စာရင်းရှင်းလင်းဖျက်သိမ်းခြင်း)**

၁။ JW-TMH LOGISTICS COMPANY LIMITED အား ကုမ္ပဏီတွင်ပါဝင်သူများဆန္ဒအလျောက် စာရင်းရှင်းလင်းဖျက်သိမ်းရန်(၁၈-၁၂-၂၀၂၄)ရက်နေ့တွင်ကျင်းပခဲ့သော သာမန်ထက်ထူးကဲသောအထွေထွေအစည်းအဝေးမှ အထူးဆုံးဖြတ်ချက်ချမှတ်ခဲ့ပါသည်။

၂။ ယင်းအစည်းအဝေးတွင်ကုမ္ပဏီ၏ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ဦးသိန်းလှိုင်ထွန်း(စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ)(MMAIP-00232)အား ခန့်အပ်သွားရန် ဆုံးဖြတ်ခဲ့ပါသည်။

၃။ သို့ဖြစ်ပါ၍ ကုမ္ပဏီမှ ရရန်နှင့် ပေးရန်ရှိသည်များကို (၂၈-၁-၂၀၂၅)ရက်နေ့ထက် နောက်မကျစေဘဲ အထက်ဖော်ပြပါ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံသို့ ခိုင်လုံသော သက်သေပြစာရွက်စာတမ်းအထောက်အထားများနှင့်တကွ တင်ပြတောင်းခံနိုင်ကြောင်း အသိပေးကြေညာအပ်ပါသည်။ ဖော်ပြပါနေ့စွဲထက်နောက်ကျပြီး တင်ပြလာသောကြွေးမြီများအား ကုမ္ပဏီမှ တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါ။

**ဦးသိန်းလှိုင်ထွန်း(တရားလွှတ်တော်ရှေ့နေ)**
**စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ(MAIP-00232)**
**PAI Consultant Service**
**ရုံးခန်းလိပ်စာ-အမှတ်၆/၈၊ အခန်း ၁၀၄၊ အထက်ပုဇွန်တောင်လမ်းမ၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း-၀၉၄၂၂၂၁၇၅၁၄၊ ၀၉၇၇၄၇၈၈၈၄၆**

### TRACTOR KING SERVICES COMPANY LIMITED
**(ကုမ္ပဏီတွင်ပါဝင်သူများဆန္ဒအလျောက် စာရင်းရှင်းလင်းဖျက်သိမ်းဆဲကုမ္ပဏီ)**
**စာရင်းရှင်းလင်းဖျက်သိမ်းရေးဆိုင်ရာ အပြီးသတ်အထွေထွေအစည်းအဝေးတက်ရောက်ရန်**
**အကြောင်းကြားစာ**

TRACTOR KING SERVICES COMPANY LIMITED(ဖျက်သိမ်းဆဲ)၏ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိမှ စာရင်းရှင်းလင်းဖျက်သိမ်းရေးဆိုင်ရာ စာရင်းများတင်ပြရန်နှင့် ရှင်းလင်းပြောဆိုရန်အတွက် စာရင်းရှင်းလင်းဖျက်သိမ်းရေးဆိုင်ရာ အပြီးသတ်အထွေထွေအစည်းအဝေးကို အောက်ပါအစီအစဉ်အတိုင်းကျင်းပပြုလုပ်မည်ဖြစ်ပါ၍ အစုရှယ်ယာရှင်များအားလုံး တက်ရောက်ပေးပါရန် အကြောင်းကြားအပ်ပါသည်။

| | | |
|---|---|---|
| ကျင်းပမည့်နေ့ရက်နှင့် | ။ ။ | ၂၆ ရက်၊ ဇန်နဝါရီလ၊ ၂၀၂၅ ခုနှစ်။ |
| အချိန် | | နံနက်(၁၀:၀၀)နာရီ။ |
| ကျင်းပမည့်နေရာ | ။ ။ | အမှတ်(၃၆၂/B)၊ မြေညီထပ်၊ အောက်မင်္ဂလာဒုံလမ်းမကြီး၊ အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ |

**ဦးသိန်းလှိုင်ထွန်း(တရားလွှတ်တော်ရှေ့နေ)**
**စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ(MAIP-00232)**
**PAI Consultant Service**
**ဖုန်း-၀၉၄၂၂၂၁၇၅၁၄၊ ၀၉၇၇၄၇၈၈၈၄၆**

**ပျောက်ဆုံးကြောင်း**
ကြူကြူခိုင်(ဘ)ဦးသာရင် ၁၂/ဒဂတ(နိုင်)၀၁၈၁၆၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၂၅၄၆၆၆၄၅၄

**မွေးသက္ကရာဇ်အမှန်**
မကွေးတိုင်းဒေသကြီး၊ မြို့သစ်မြို့နေ အဘ ဦးဖိုးကောင်း၏သား ဦးကြည်သိန်း ၈/မသန(နိုင်)၀၀၃၀၁၃ ၏ မွေးသက္ကရာဇ်အမှန်မှာ ၉-၂-၁၉၃၉ ဖြစ်ပါကြောင်း။
၉-၂-၁၉၃၉

**ပျောက်ဆုံးကြောင်း**
ကနီမြို့နေ မဖြိုးဖြိုးနွယ်(ဘ)ဦးဇော်လင်း ၅/ကနန(နိုင်)၁၂၅၄၇၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MF 868702)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၉၄၂၉၅၃၄၈၈၁

**ပျောက်ဆုံးကြောင်း**
ယင်းမာပင်မြို့နေ မယဉ်မာဝေ(ဘ)ဦးသောင်းလှိုင် ၅/ယမပ(နိုင်)၁၂၃၀၇၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MF 934683)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၂၅၉၁၂၅၇၉၇

**ပျောက်ဆုံးကြောင်း**
မိကွန်ထော(ဘ)ဦးအောင်ဝင်း ၁၀/မဒန(နိုင်)၂၁၆၀၅၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၇၀၁၅၈၈၁၅

**တစ်ဦးတည်းဖြစ်ပါကြောင်း**
ပဲခူးတိုင်းဒေသကြီး(အရှေ့ပိုင်း)ကျောက်တံခါးမြို့နယ်၊ ခင်ကြီးကျေးရွာအုပ်စု၊ ကျီးရိုးရွာနေ မဝါဝါအောင်(Final year History)တောင်ငူတက္ကသိုလ်၊ မောင်ဟိန်းထက်အောင် Grade-12(C)၊ မောင်သူရိန်အောင် Grade-10(E) အ.ထ.က စိုက်စက်မွေး ပဲနွယ်ကုန်း မောင်သူရအောင်တို့၏ဖခင် ၇/ကတခ(နိုင်)၀၉၉၁၆၄ ကိုင်ဆောင်သူ ဦးမောင်ဇော်(ခ)ဦးဇော်ကြီးမှာ တစ်ဦးတည်းဖြစ်ပါကြောင်း။
**ဦးမောင်ဇော်(ခ)ဦးဇော်ကြီး**

**ပျောက်ဆုံးကြောင်း**
အာကာမျိုးဝေ(ဘ)ဦးအောင်မျိုးဝေ ၁၂/ဒဂမ(နိုင်)၀၆၂၄၄၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၂၀၅၂၅၆၈၂

**ပျောက်ဆုံးကြောင်း**
နန္ဒာဝတ်ရည်ကျော်(ဘ)ဦးလှမိုး ၇/ထတပ(နိုင်)၁၁၃၁၃၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MI 194001)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၆၆၆၈၇၇၆၃၀

**ပျောက်ဆုံးကြောင်း**
မြတ်ဆုမွန်(ဘ)ဦးသန်းအောင် ၁၂/တမန(နိုင်)၁၂၀၅၇၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၇၇၂၃၇၃၈၃

**ပျောက်ဆုံးကြောင်း**
သီသီဝေ(ဘ)ဦးညွန့်ထိန် ၆/ကစန(နိုင်)၀၄၅၁၈၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MB 400370)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၉၆၄၄၂၇၀၉၇

**ပျောက်ဆုံးကြောင်း**
ပျော်ဘွယ်မြို့၊ ထန်းတောကြီးကျေးရွာနေ အောင်ကိုဝင်း(ဘ)ဦးကျော်ဝင်း ၉/ပဘန(နိုင်)၁၃၀၆၆၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၀၂၅၃၅၆၂

**ပျောက်ဆုံးကြောင်း**
စိုးညီညီ(ဘ)ဦးခင်မောင်ကျော် ၁၂/ရကန(နိုင်)၀၆၈၁၂၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(A 343387)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၇၉၅၄၂၉၆၁၃

**ပျောက်ဆုံးကြောင်း**
ညီညီဇော်(ဘ)ဦးကြည်ဝင်း ၁၄/ပတန(နိုင်)၁၈၁၂၃၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၆၇၅၆၉၆၀၇၈

**ပျောက်ဆုံးကြောင်း**
မြမိုးသန္တာ(ဘ)ဦးရာမိုး ၁၂/ထတပ(နိုင်)၁၂၁၉၃၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(ME 241461)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

**ပျောက်ဆုံးကြောင်း**
နေမင်းအောင်(ဘ)ဦးမောင်စိန် ၁၂/ဆကခ(နိုင်)၀၀၀၄၇၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၉၇၀၄၉၂၀၄၉

**ပျောက်ဆုံးကြောင်း**
ညီထက်အောင်(ဘ)ဦးရဲအောင် ၁၂/ပဘတ(နိုင်)၀၃၅၆၇၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MF 104986)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၉၆၅၄၅၈၈၂၁

**ပျောက်ဆုံးကြောင်း**
ရီရီတိုး(ဘ)ဦးဘိုဖြူ ၉/သစန(နိုင်)၁၅၄၉၇၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MI 114237)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၉၈၀၅၅၁၈၂၅

**ပျောက်ဆုံးကြောင်း**
ယဉ်ငွေး(ဘ)ဦးကျော်ညွန့် ၁၂/ခရန(နိုင်)၁၀၃၈၆၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(A 4066132)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၆၇၈၀၉၆၉၈၄

**ပျောက်ဆုံးကြောင်း**
တင်ဇော်မိုး(ဘ)ဦးမိုးဝင်း ၇/ပခန(နိုင်)၅၂၉၂၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MH 727515)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

**ပျောက်ဆုံးကြောင်း**
ဖိုးချို(ဘ)ဦးခင်သန်း ၈/မလန(နိုင်)၀၅၄၉၅၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၂၆၀၄၉၀၂၅၂

**ပျောက်ဆုံးကြောင်း**
လှဝင်းသူ(ဘ)ဦးခင်မောင်ထွန်း ၁၄/ဘကလ(နိုင်)၄၄၀၀၅၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(A 316233)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၆၇၈၀၉၆၉၈၄

**ပျောက်ဆုံးကြောင်း**
ကြည်ကြည်မြ(ဘ)ဦးငွေမောင် ၁၂/ဥကတ(နိုင်)၀၉၄၃၀၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၃၀၈၇၃၈၃

**ပျောက်ဆုံးကြောင်း**
မောင်မောင်သောင်း(ဘ)ဦးကြီးတင် ၁၂/မရက(နိုင်)၀၁၅၇၈၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၉၅၅၀၃၀၂၂

**ပျောက်ဆုံးကြောင်း**
ထက်မေဇင်(ဘ)ဦးကြည်စိုး ၇/ပတတ(နိုင်)၁၅၃၇၄၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

**ပျောက်ဆုံးကြောင်း**
စန်းစန်းအေး(ဘ)ဦးထင်ကျော် ၁၄/ဘကလ(နိုင်)၄၂၅၁၇၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MA 253462)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၆၇၈၀၉၆၉၈၄

**ပျောက်ဆုံးကြောင်း**
နှင်းနုခိုင်(ဘ)ဦးလှကြိုင် ၁၂/အစန(နိုင်)၂၄၉၉၄၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MG 333354)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၈၂၅၄၀၇၇

**ပျောက်ဆုံးကြောင်း**
ဖြိုးစုစုထွေး(ဘ)ဦးမောင်စိန် ၇/ဖမန(နိုင်)၁၀၁၄၀၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MA 164471)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၆၇၈၀၉၆၉၈၄

**ပျောက်ဆုံးကြောင်း**
ဇေယျာလင်း(ဘ)ဦးမောင်မောင်စိုး ၁၂/ဒဂမ(နိုင်)၀၁၆၉၆၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၅၂၅၆၂၁၀၀

**ပျောက်ဆုံးကြောင်း**
မြင့်သန်း(ဘ)ဦးလွန်းခိုင် ၁၀/ခဆန(နိုင်)၀၄၅၃၄၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MF 132704)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၂၃၆၂၈၂၆၁

**ပျောက်ဆုံးကြောင်း**
ဝဏ္ဏအောင်(ဘ)ဦးရဲထွန်း ၈/ကမန(နိုင်)၀၆၀၆၂၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MA 966440)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

**ပျောက်ဆုံးကြောင်း**
ဖြူဖြူဝင်း(ဘ)ဦးစိုးတင့် ၁၃/လရန(နိုင်)၁၈၀၆၇၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MH 572748)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

**ပျောက်ဆုံးကြောင်း**
မြင့်မြင့်လွင်(ဘ)ဦးဂျင်းစိန်းဂျင် ၁၃/လရန(နိုင်)၂၂၂၄၂၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MH 174079)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

**ပျောက်ဆုံးကြောင်း**
သူဇာထွန်း(ဘ)ဦးသန်းဝင်း ၁၀/သထန(နိုင်)၁၆၃၂၀၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၇၁၁၁၉၈၂၉

# အားကစားမြှင့်တင် စိတ်လန်းရွှင် ဆန့်ကျင်မူးယစ်ဆေး

**ပျောက်ဆုံးကြောင်း**
ခိုင်နှင်းဝေ(ဘ)ဦးကျော်မင်း ၈/အလန(နိုင်)၂၅၂၂၁၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MH 583862)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

**ပျောက်ဆုံးကြောင်း**
နီနီညွန့်(ဘ)ဦးညွန့် ၁၂/မရက(နိုင်)၀၂၄၃၈၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

**ပျောက်ဆုံးကြောင်း**
နန်းဝင်းဝင်းသန်း(ဘ)ဦးရွှေ၀ ၃/ဘအန(နိုင်)၂၆၅၁၁၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MJ 042623)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၂၅၀၅၁၁၇၇၇

❖ **လက်နက်ကိုင်ပဋိပက္ခကို နိုင်ငံရေးနည်းနဲ့မဖြေရှင်းဘဲ အကြမ်းဖက်တိုက်ခိုက်မှုနဲ့ဖြေရှင်းနေမှုတွေကို ယဉ်ကျေးတဲ့လူ့အဖွဲ့အစည်းတစ်ခုအနေနဲ့ လုံးဝလက်ခံလို့မရတာကြောင့် ဘုံရန်သူအဖြစ်သတ်မှတ်ပြီး ရှမ်းပြည်နယ်မြောက်ပိုင်းဒေသကိုသာမဟုတ်ဘဲ နိုင်ငံတစ်ဝန်းလုံးတည်ငြိမ်အေးချမ်းမှု ပြန်လည်ရရှိတဲ့အထိ ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမှာဖြစ်ပါတယ် . . .**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ်၊ ဩဂုတ်လ ၆ ရက်နေ့တွင် နိုင်ငံတော်၏ လုံခြုံရေးဆိုင်ရာအခြေအနေများနှင့် ပတ်သက်၍ ပြောကြားချက်မှကောက်နုတ်ချက်)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

**၁။ နိုင်ငံရေး**

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့်ပြည်ထောင်စုကိုတည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

**၂။ စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့်မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့်စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကိုအားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင်ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

**၃။ လူမှုရေး**

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာမြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကိုအကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍမြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ်ပါဝင်နိုင်ရေး ဗလငါးတန်နှင့်ပြည့်စုံသောလူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။



လန်ပိကျွန်း၏ သဘာဝအလှကို တွေ့ရစဉ်။

# ဝါးအလယ်ကျွန်းသို့ နိုင်ငံခြားသားခရီးသွားများ လာရောက်လည်ပတ်

ရန်ကုန် ဒီဇင်ဘာ ၂၅

လန်ပိအဏ္ဏဝါအမျိုးသားဥယျာဉ်အတွင်းရှိ ဝါးအလယ်ကျွန်း (Wa Ale Resort)အပန်းဖြေစခန်းသို့ ယခုနှစ်ခရီးသွားရာသီတွင် ရုရှား၊ အီတလီ၊ ယူကေနှင့် ဥရောပနိုင်ငံအချို့မှ နိုင်ငံခြားသားခရီးသွားများ လာရောက်အပန်းဖြေလည်ပတ်လျက်ရှိကြောင်း လန်ပိအဏ္ဏဝါအမျိုးသားဥယျာဉ် အုပ်ချုပ်ရေးမှူးရုံးမှ သိရသည်။

ဝါးအလယ်ကျွန်း(Wa Ale Resort)အပန်းဖြေစခန်းသို့လာရောက်သည့် နိုင်ငံခြားသားခရီးသွားတစ်ဦးလျှင် အမေရိကန်ဒေါ်လာ ၈၀၀ နှင့် နှစ်ဦးလျှင် အမေရိကန်ဒေါ်လာ ၁၅၀၀ နှုန်းဖြင့် ဝန်ဆောင်မှုပေးလျက်ရှိပြီး သဘာဝပတ်ဝန်းကျင်၊ ဇီဝမျိုးစုံမျိုးကွဲများနှင့် ရက္ခနှင့်ဇီဝကိုထိခိုက်မှုမရှိသော ခရီးသွားဝင်ရောက်မှုရပ်ဝန်းတစ်ခုအဖြစ် **စာမျက်နှာ ၁၁ ကော်လံ ၄** ◆

**မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးမြို့နယ်၊ မြင်းကပါကျေးရွာရှိ ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေအတွင်းမှ တူးဖော်ရရှိသည့် ရှေးဟောင်းရွှေထည်ပစ္စည်းများအား သက်ဆိုင်ရာတာဝန်ရှိသူများထံ သတင်းပေးပို့အပ်နှံခြင်းမရှိဘဲ ထုခွဲရောင်းချခဲ့သူများအား ဖော်ထုတ်ဖမ်းဆီးအရေးယူ**

စာ - ၂၉ သို့

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH ၊ NUG ၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH ၊ NUG ၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။


## ဝင်ငွေတိုးပွားရရှိဖို့ တစ်သျှူးငှက်ပျောစိုက်ကြစို့

Tissue Culture ခေတ်ခွဲခန်းမှ ထုတ်လုပ်သော နေပြည်တော်ကျောက်စိမ်းဖီးကြမ်းတစ်သျှူးငှက်ပျောနှင့် သီးမွှေးတစ်သျှူးငှက်ပျော ပျိုးပင်များအား ဖုန်း-၀၃၆-၃၁၀၄၆၊ ၀၉-၄၀၀၄၅၀၃၃၉၊ ၀၉-၂၅၆၇၄၄၉၈၁ တို့သို့ ဆက်သွယ်မှာယူနိုင်ပါသည်။



